# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၆)**


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ သောကြာနေ့၊ | အတွဲ (၅၇)၊ အမှတ် (၀၂၇)


# ထိုင်းဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ၏ တော်ဝင်ဈာပနအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် တက်ရောက်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ၏ တော်ဝင်ဈာပန အခမ်းအနား တက်ရောက်စဉ် (သတင်းစဉ်)

**ဗန်ကောက် အောက်တိုဘာ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ယနေ့ ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Sanam Luang ၌ ပြုလုပ်သည့် နတ်ရွာစံ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ၏ တော်ဝင်ဈာပန အခမ်းအနားသို့ တက်ရောက်ကြသည်။

တော်ဝင်ဈာပန အခမ်းအနားသို့ အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ ဘုရင်များနှင့် မိဖုရားများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ မိတ်ဆွေများနှင့် အထူးကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် တော်ဝင်ဈာပန အခမ်းအနား ကျင်းပမည့် ဗန်ကောက်မြို့ Sanam Luang သို့ ရောက်ရှိကြရာ ထိုင်းနိုင်ငံ အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ✻



## နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များ ဆွေးနွေး

စာ ◆ ၃

## မောင်တောမြို့နယ် သစ်တုံးနားခွဆုံကျေးရွာအုပ်စုတွင် နေအိမ် ၈၆ လုံး ပြန်လည်တည်ဆောက်ရန် ပန္နက်တင်

စာ ◆ ၁၀

## ရုရှားနှင့် သင့်မြတ်လျှင် မြောက်ကိုရီးယားအရေး ဖြေရှင်းရန် ပိုမိုလွယ်ကူမည်ဖြစ်ကြောင်း ထရန့်ပြော

စာ ◆ ၁၄




မြန်မာ့အလင်း

# မျက်မှန်စိမ်းတပ်ထားကြသူများ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ ဘင်္ဂါလီမျိုးနွယ်တို့အား လူမျိုးစုအလိုက် သုတ်သင်မှုပြုလုပ်နေသည်ဟု တရားဝင်ကြေညာရန် သုံးသပ်စဉ်းစားနေကြောင်း သတင်းတို့ ထွက်ပေါ်ခဲ့ပါသည်။ လူမျိုးစုအလိုက် သုတ်သင်မှုဟူသည် ရည်ရွယ်ချက်ရှိရှိ ကြိုတင်အကွက်ချ၍ စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်မှုသာ အထမြောက် အဓိပ္ပာယ်သက်ဝင်မည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်၌ ဖြစ်ပွားလျက်ရှိသော ဘင်္ဂါလီမျိုးနွယ်ဆိုင်ရာ ပြဿနာသည် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့ ရခိုင်ပြည်နယ်ရှိ ရဲစခန်း၃၀ တို့အား တစ်ပြိုင်တည်းဝင်ရောက်စီးနင်းတိုက်ခိုက်ရာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။ အတိအကျတင်ပြရပါက စစ်ရေးလေ့ကျင့်သင်ကြားထားသည့် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ စစ်ဆင်ရေးကြောင့် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။ ပို၍ပြည့်ပြည့်စုံစုံတင်ပြရပါက အစွန်းရောက်အကြမ်းဖက်အဖွဲ့ဖြစ်သည့် ARSA ကြောင့် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာအာဏာပိုင်တို့အား စစ်ရေးဆောင်ရွက်မှုများ ချက်ချင်းရပ်ဆိုင်းရန်အချက် ပါဝင်သည့် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်နိုင်ရေးဆွေးနွေးရန် ချိန်ဆနေကြောင်း သတင်းတို့ထွက်ပေါ်နေပါသည်။ ရခိုင်ပြည်နယ်၏ လက်ရှိပြဿနာကို မီးမွေးဖြစ်ပေါ်စေခဲ့သည့် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ စစ်ရေးလှုပ်ရှားမှုတို့ကို ရည်ညွှန်းဖော်ပြရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အဘယ်ကြောင့် ပျက်ကွက်နေရပါသနည်းဟု မေးခွန်းထုတ်လိုပါသည်။ သတင်းထွက်ပေါ်နေသည့်အဆိုပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်း၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ယာယီစခန်းများတွင် နေထိုင်နေရသည့် ဒုက္ခသည်များအား နေရပ်သို့ ပြန်လာခွင့်ပြုရန်တောင်းဆိုထားကြောင်း သိရှိရသည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ဘင်္ဂါလီမျိုးနွယ်တို့အား ပြန်လည်လက်ခံရေးအစီအစဉ်တို့ကို ညှိနှိုင်းဆွေးနွေးပြီး ဖြစ်ပါသည်။ ဤပြဿနာနှင့် တိုက်ရိုက်သက်ဆိုင်သော နှစ်နိုင်ငံတို့က ညှိနှိုင်းဆွေးနွေးပြီး ကိစ္စရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အဘယ်ကြောင့် ထပ်မံတောင်းဆိုလိုပါသနည်း။

အဆိုပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်း၌ ဘင်္ဂါလီမျိုးနွယ်တို့အား နိုင်ငံသားအခွင့်အရေးပေးရန်လည်း တောင်းဆိုထားကြောင်း ကြားသိရပါသည်။

နိုင်ငံတော်အစိုးရက ဥပဒေသတ်မှတ်ချက်နှင့် ညီညွတ်သော ဘင်္ဂါလီမျိုးနွယ်တို့အား နိုင်ငံသားအခွင့်အရေးပေးမည်ဟု ကမ္ဘာသိ ထုတ်ပြန်ကြေညာပြီးဖြစ်ပါသည်။ ဤမျှရှင်းလင်းပြတ်သားစွာ ကြေညာထားပါလျက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အဘယ်ကြောင့် ထပ်မံတောင်းဆိုလိုပါသနည်း။ အမည်ဆန်းဖြင့် တိုင်းရင်းသားအခွင့်အရေးတောင်းဆိုနေသည့်ကိစ္စရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအပါအဝင် ကမ္ဘာ့နိုင်ငံကြီးတို့က အဘယ်ကြောင့် မသိမမြင်သကဲ့သို့ ပြုမူဆောင်ရွက်နေကြပါသနည်း။ လူဦးရေသုံးသန်းသာရှိ၍ အဆိုပါ လူဦးရေသုံးသန်း၌ ဘင်္ဂါလီမျိုးနွယ် ၁ ဒသမ ၃ သန်းရှိနေသည့် ရခိုင်ပြည်နယ်က နယ်စပ်မျဉ်း၏ တစ်ဖက်ရှိ ဘင်္ဂါလီမျိုးနွယ် သန်း ၁၆၀ ကျော် စိမ့်ဝင်လာနိုင်သည့် အရေးအပေါ် စိုးရိမ်ပူပန်မှုကို ကမ္ဘာ့နိုင်ငံကြီးတို့က အဘယ်ကြောင့် တရားမျှတသော စိုးရိမ်ပူပန်မှုအဖြစ် အသိအမှတ်မပြုလိုကြသနည်း။ နယ်စပ်မျဉ်းတစ်ဖက်ရှိ ဘင်္ဂါလီမျိုးနွယ်တို့သည် ရခိုင်ပြည်နယ်သို့ အတိတ်သမိုင်း၌သာ ကူးဝင်အခြေချမှုတို့ရှိခဲ့ပြီး ပစ္စုပ္ပန်၌မရှိဟု ကမ္ဘာ့နိုင်ငံကြီးတို့က အဘယ်ကြောင့် ယတိပြတ် အသေအချာပြောနိုင်ကြပါသနည်း။

တရားမျှတသော စိုးရိမ်ပူပန်မှုတို့ကို အသိအမှတ်မပြု၊ ပြုရန်လည်း စိတ်မဝင်စား၊ နိုင်ငံတော်အစိုးရက ပြုလုပ်ပါမည်ဟု တရားဝင်ထုတ်ပြန်ကြေညာပြီးကိစ္စရပ်တို့ကိုလည်း အထပ်ထပ်အခါခါတောင်းဆိုလိုနေကြသော ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ကမ္ဘာ့နိုင်ငံကြီးတို့ကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက မည်ကဲ့သို့ သဘောထားရပါမည်နည်း။ အာရှနိုင်ငံကြီးများဖြစ်ကြသော အိန္ဒိယ၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့၏ ရခိုင်ပြည်နယ်ဆိုင်ရာ သဘောထားအမြင်တို့နှင့် နှိုင်းယှဉ်၍ ဤကမ္ဘာ့နိုင်ငံကြီးတို့၏ သဘောထားအမြင်တို့ကို တိုင်းရင်းသားပြည်သူတို့က သုံးသပ်ကြမည်ဖြစ်ပါသည်။ မြန်မာ့ဒီမိုကရေစီကူးပြောင်းရေးသည် ကမ္ဘာကြီး၏ မျှော်လင့်ချက်ဖြစ်သည်ဟု မကြာသေးသောကာလကမှ ပြောဆိုခဲ့ကြသော ဤကမ္ဘာ့နိုင်ငံကြီးတို့သည် ယခုအခါ မြန်မာ့ဒီမိုကရေစီ ကူးပြောင်းရေးသည် တန်ဖိုးနတ္ထိဖြစ်လေဟန် ပြုမူနေကြပြန်ပါသည်။ ဤအပြုအမူတို့သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံတို့အတွက် တစ်စုံတစ်ရာအကျိုးမရှိပါကြောင်း လေးနက်စွာတင်ပြအပ်ပါသည်။ ။

## ဆေးရောင်ခြယ်၊ မှတ်ဉာဏ်စွမ်းရည်နှင့် ပုံပြောပြိုင်ပွဲ ဆုချီးမြှင့်

**လဲချား အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ်၌ ဆေးရောင်ခြယ်၊ မှတ်ဉာဏ်စွမ်းရည်နှင့် ပုံပြောပြိုင်ပွဲများ ကျင်းပခဲ့ပြီး ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၇၀ ယှဉ်ပြိုင်ခဲ့ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်ပေးခဲ့သည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ကေသီမြင့်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်တင်အုန်းကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ကမ်းလွန်လုပ်ကွက်အမှတ် A-7 နှင့် ပတ်သက်၍ ဌာနဆိုင်ရာများနှင့် ဒေသခံရေလုပ်ငန်းရှင်များ တွေ့ဆုံရှင်းလင်း

**ဟိုင်းကြီးကျွန်း အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီခန့်က Woodside ကုမ္ပဏီမှ ကမ်းလွန်လုပ်ကွက်အမှတ် A-7 နှင့်ပတ်သက်၍ ဌာနဆိုင်ရာများနှင့် ဒေသခံရေလုပ်ငန်းရှင်များအား တွေ့ဆုံရှင်းလင်းခဲ့ကြောင်း သိရသည်။



ဩစတြေးလျနိုင်ငံအခြေစိုက် Woodside ကုမ္ပဏီ၏ မြန်မာနိုင်ငံတွင်ရှိသော ရုံးခွဲမှ Mr. Stelven Munday နှင့် Ms .Laurinda Shaw တို့ ဦးဆောင်၍ ၁၁ ဦး ပါဝင်သောအဖွဲ့သည် ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ ရှေးဦးစွာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့(ကမ်းလွန်)ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး A-7 လုပ်ကွက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ Mr. Stelven Munday က Woodside ကုမ္ပဏီအကြောင်းနှင့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် Ms . Laurinda Shaw က ရေနံနှင့် သဘာဝဓာတ်ငွေ့အစမ်းတွင်း တူးဖော်ခြင်းလုပ်ငန်း အဆင့်ဆင့်ကို ပြောကြားပြီး ERM မှ ဒေါ်မြတ်မွန်ဆွေက A-7 နှင့်ပတ်သက်၍ ထိခိုက်လွယ်သော ဇီဝမျိုးစိတ်များနှင့် အဓိက ဇီဝမျိုးကွဲများအကြောင်းကို ပြောကြားသည်။

အဆိုပါ တွင်းတူးမည့်လုပ်ငန်းအား SHELL နှင့် MPEP၊ Woodside အကျိုးတူ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပြီး သက်ဆိုင်ရာသို့ အဆင့်ဆင့်ဆက်လက်တင်ပြကာ ခွင့်ပြုချက်များရရှိပါက ၂၀၁၈ ခုနှစ်တွင် တူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ ကမ်းလွန်လုပ်ကွက် A-7 မှာ ဟိုင်းကြီးကျွန်း၏ အနောက်တောင်ဘက် မိုင် ၆၀ ကျော်ခန့်ရှိပြီး အဆိုပါဧရိယာအတွင်း တွင်းများစမ်းသပ်တူးဖော်မည်ဖြစ်ကာ စွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျ သန့်စင်သောစက်ရုံသို့ ပို့ဆောင်၍ စွန့်ပစ်မည်ဖြစ်ကြောင်း၊ ဒေသခံရေယာဉ်များနှင့် မတော်တဆထိခိုက်မှုရှိပါကလည်း အရေးပေါ် အစီအစဉ်များနှင့် ဆက်လက်ဆောင်ရွက်ရန် စီမံထားရှိကြောင်း သိရသည်။

ဆက်လက်၍ ဒေသခံရေလုပ်ငန်းရှင်တစ်ဦးဖြစ်သော ဦးတင်ရှိန်က စွန့်ပစ်ပစ္စည်းကြောင့် သဘာဝပတ်ဝန်းကျင်များသို့ ထိခိုက်မှုရှိမည်ကို စိုးရိမ်ကြောင်းပြောကြားရာ တာဝန်ရှိသူက စွန့်ပစ်ပစ္စည်းများအား Marpol ၏ ညွှန်ကြားချက်အတိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

တွင်းတူးဖော်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ဟိုင်းကြီးကျွန်းအပါအဝင် ကျေးရွာ ၁၆ ရွာသို့ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကာ စီမံကိန်းနီးပါကလည်း နိုင်ငံပိုင်သတင်းစာ၊ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးသို့ သတင်းအချက်အလက်များ ပေးပို့ရန်ပြောကြားခဲ့သည်။ တွေ့ဆုံပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမှတ်(၁)၊ (၃)ရပ်ကွက်၊ ဇီးချိုင်၊ ကံချိုင်း၊ ကျောက်ချောင်းကျေးရွာများမှ ရေလုပ်ငန်းရှင်များ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ သင်ကြားရေးအထောက် အကူပြုပစ္စည်းများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါ (MITT) မှ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၅ ရက်က ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါမှ အထွေထွေမန်နေဂျာ ဦးမင်းကြည်က သင်ကြားရေးအထောက်အကူပြုပစ္စည်းများလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား၍ ငွေကျပ် ၆၂ သိန်းကျော်တန်ဖိုးရှိ ကွန်ပျူတာ ရှစ်စုံနှင့် စာသင်စားပွဲခုံများအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၆-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၃၀/၇၅၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၃၅/၇၅၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၈၅/၇၉၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၅၀/၇၇၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၀ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ . ၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁ |
| တရုတ် | တစ်ယွမ် | ၂၀၇ . ၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ . ၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး **H.E. Mrs. Dorothee Janetzke-Wenzel** အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး H.E. Mrs. Dorothee Janetzke-Wenzel အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျာမနီ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

✻ *ရှေ့ဖုံးမှ*

နတ်ရှာစံ ထိုင်းနိုင်ငံဘုရင် ဘူမိဘော အဒူလျာဒက်ဂျ်၏ တော်ဝင်ဈာပန အခမ်းအနားကို ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲ တွင် စတင်ကျင်းပသည်။

တော်ဝင်ဈာပနအခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် နတ်ရှာစံ ထိုင်းနိုင်ငံဘုရင် ဘူမိဘော အဒူလျာဒက်ဂျ်၏ တော်ဝင်မီးသင်္ဂြိုဟ်စင်၌ စန္ဒကူးပန်းများ ကြဲချပေးပြီး တော်ဝင်ညှော့ခန်းမဆောင်သို့ သွားရောက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ထိုင်းနိုင်ငံဘုရင်မင်းမြတ် မဟာဗာဂျီယာလောင်ကွန်းနှင့် မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် နတ်ရှာစံ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ တော်ဝင် ဈာပနအခမ်းအနားမှ ခေတ္တတည်းခိုသည့် Okura Prestige Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးလွင်ဦးအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နီပေါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလွင်ဦးအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

## သံအမတ်ကြီး သီရိပျံ့ချီဦးထွန်းနေလင်းအား နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး သီရိပျံ့ချီဦးထွန်းနေလင်းအား နီပေါနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာပေညီလာခံ ၂၀၁၇ ကျင်းပရေးကော်မတီအဖွဲ့နှင့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် စာပေညီလာခံ ၂၀၁၇ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးဦးနှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ကော်မတီအဖွဲ့ဝင်များက ဒီဇင်ဘာ ၁၂ ရက်တွင် စာပေညီလာခံဖွင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပါကြောင်း၊ စားပွဲဝိုင်းဆွေးနွေးပွဲများ (Panel Discussion)ကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Conversion Center (MCC) ခန်းမ၌ ဒီဇင်ဘာ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပါကြောင်း၊ စာပေအဖွဲ့အစည်း ၁၀ ဖွဲ့မှ ကိုယ်စားပြုဆွေးနွေးသူများ ပါဝင်မည်ဖြစ်ပြီး တစ်သီးပုဂ္ဂလရပ်တည်လျက်ရှိသော စာရေးဆရာများ၊ အစုအဖွဲ့များလည်း ပါဝင်ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲရလဒ်များကို ဒီဇင်ဘာ ၁၆ ရက်တွင် ကျင်းပမည့် စာပေညီလာခံ ၂၀၁၇ သို့ တင်သွင်းပြီး တက်ရောက်လာသူများ၏ မဲပေးဆုံးဖြတ်ချက် ရယူမည်ဖြစ်ပါကြောင်း၊ စာပေညီလာခံကျင်းပရေး လှုံ့ဆော်မှုအစီအစဉ်များအဖြစ် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ညနေ ၄ နာရီမှ စတင်ကာ စာအုပ်ဈေးပွဲတော်၊ ပန်းချီပြပွဲ၊ ဉာဏ်စမ်းအမေးအဖြေပြိုင်ပွဲ၊ စာပေဟောပြောပွဲအစီအစဉ်များ ပါဝင်ကျင်းပမည်ဖြစ်ပါကြောင်း၊ ညီလာခံတက်ရောက်လိုသူများအနေဖြင့် စာပေညီလာခံ ကျင်းပရေးကော်မတီရုံးခန်းတည်ရှိရာ Yangon Book Plaza လမ်းမတော်၊ သံဈေး၊ ငါးလွှာရှိ ရုံးခန်းသို့ဖြစ်စေ၊ ဖုန်း ၀၉-၄၂၅၀၂၉၅၅၉ သို့ ဖြစ်စေ၊ sarpaynyilarkhan2017@gmail.com သို့ဖြစ်စေ ဆက်သွယ်နိုင်ရေး သတင်းထုတ်ပြန်ထားရှိကြောင်းတို့ကို တင်ပြဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စရီနာတား နီကိုလာလော့ဒ် ဒက်ဆဲလ် လီယန်အား မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်း ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် ယင်းတို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို သက်ဆိုင်သူများအားလုံး ပြည့်ပြည့်စုံစုံသိရှိအောင် ထုတ်ပြန်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



## မြို့အထိမ်းအမှတ် နာရီစင် ဖွင့်ပွဲအခမ်းအနားကျင်းပ


**ကလော အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့၌ မြို့အထိမ်းအမှတ် Kalaw Tower နာရီစင်ဖွင့်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက်က အဆိုပါနာရီစင်ရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့အထိမ်းအမှတ် Kalaw Tower နာရီစင်ကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ပြည်နယ်ဥပဒေချုပ် ဦးတင်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ Phyu Zin Co.,Ltd. ဥက္ကဋ္ဌ ဦးဝေစိုးနှင့် Tint Tint Myanmar Group Companies ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက အမှာစကား ပြောကြားပြီး ကုမ္ပဏီဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်က Kalaw Tower နာရီစင်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**





## ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် တောင်ပိုင်းတွင် မိုးဆက်လက်ရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၁ ဒသမ ၃၇ လက်မ၊ အောင်လံမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ဖြူးမြို့တွင် ၀ ဒသမ ၉၀ လက်မနှင့် ရမည်းသင်းမြို့တွင် ၀ ဒသမ ၅၉ လက်မတို့ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် နှစ်ပေမှ လေးပေခန့်ရှိနိုင်သည်။ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်းတွင် မိုးဆက်လက်ရွာမည်။ **(မိုး/ဇလ)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်၍ အလှူငွေများ ပေးအပ်သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ အလှူဒါနခေါင်းစဉ်မှ လှူဒါန်းငွေကျပ် ၆၃ သိန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၏ နေ့တွက်စရိတ် တစ်ရက်စာ စုပေါင်းလှူဒါန်းငွေကျပ် ၈၇ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ အား ပေးအပ်လှူဒါန်းရာ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများ ပေးအပ်စဉ် (သတင်းစဉ်)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု ကူညီထောက်ပံ့ပေးရေးအတွက် အလှူငွေများပေးအပ်လှူဒါန်း



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည် နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ရန် အလှူငွေများပေးအပ်စဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရန် အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်၍ အလှူငွေများပေးအပ်သည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရန်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အလှူဒါနခေါင်းစဉ်မှ လှူဒါန်းငွေကျပ် ၃၀၂၀၀၀၀ နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၂၄ ဦး၏ နေ့တွက်စရိတ် တစ်ရက်စာ စုစုပေါင်း လှူဒါန်းငွေကျပ် ၄၄၈၀၀၀၀ စုစုပေါင်း ငွေကျပ် ၇၅ သိန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံသို့ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ရေးရာကော်မတီဥက္ကဋ္ဌများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုနှင့် စီမံခန့်ခွဲမှုသည်အရေးကြီး

**နေပြည်တော် အောက်တိုဘာ ၂၆**

ပညာရေးဝန်ကြီးဌာန ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ JST-JICA တို့ပူးပေါင်းပြီး သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သုတေသနစီမံကိန်း ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ တတိယအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေရသောနိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုနှင့် စီမံခန့်ခွဲမှုသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ဒဏ်ခံကြိုတင်ကာကွယ်ရေးဆိုင်ရာ အတတ်ပညာများ ပြန့်ပွားလာစေရေးတို့အတွက် ပညာရေးဝန်ကြီးဌာန ရန်ကုန်နည်းပညာတက္ကသိုလ်က သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လျော့ပါးရေး ဆိုင်ရာ သုတေသနလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်လျက်ရှိပါကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေး၌ ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြပြီး ရှေ့ဆက်ဆောင်ရွက်ကြမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သဘောတူညီချက်များရရှိခဲ့သည်။ အဆိုပါစီမံကိန်းတွင် မြန်မာနိုင်ငံ၊ ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ Japan Science and Technology Agency (JST) and Japan International Cooperation Agency (JICA) တို့၏ သုတေသနအစီအစဉ်တစ်ခုဖြစ်သည့် SATREPS 2014: “Development of a Comprehensive Disaster Resilience System and Collaboration Platform in Myanmar” သုတေသနစီမံကိန်းသည် (၂၀၁၅-၂၀၂၀)အထိ ငါးနှစ်စီမံကိန်းဖြစ်ပြီး ပြည်တွင်းရှိ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်က ဦးဆောင်သည့် အဖွဲ့ဝင်သုတေသနဌာနများဖြင့် သုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့စကားဝိုင်း

❖ စကားဝိုင်း စကားဝိုင်း
ပြည်သူ့စကားဝိုင်း။

❖ စကားဝိုင်းမှာ ဆွေးနွေးမယ်
အကြောင်းကိစ္စများကိုကွယ်။
တင်ပြဖလှယ် ရပ်ရွာရေး
စကားဝိုင်းမှာတို့ဆွေးနွေး။

❖ စကားဝိုင်းများ ကျင်းပကာ
စဉ်းစားတွေးခေါ်မြင့်မားလာ။
ဆွေးနွေးတတ်တဲ့ အလေ့ထ
တို့ပြည်သူများထူထောင်ကြ။

❖ အစိုးရနဲ့ တို့ပြည်သူ
ဆွေးနွေးတိုင်ပင်ပူးပေါင်းကူ။
မြန်မာပြည်သူ သိဉာဏ်ပွား
ဒီမိုကရေစီ အင်္ဂါရပ်များ
တည်ဆောက်ကြစို့လား။ ။

**ဇင်ခန့်နိုင်**

(ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပသည့် ပြည်သူ့စကားဝိုင်းများကို ကြိုဆိုဂုဏ်ပြုရေးဖွဲ့ပါသည်)

## ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လူမှုအခြေပြု ဗဟိုဌာနတွင် ပြည်သူ့စကားဝိုင်းပြုလုပ်မည်

**နေပြည်တော် အောက်တိုဘာ ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် လူမှုအခြေပြုဗဟိုဌာန (Community Centre)၌ **“လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်”** ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို အောက်တိုဘာ ၂၈ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ပြုလုပ်မည်ဖြစ်သည်။

ယင်းပြည်သူ့စကားဝိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်၊ တနိုင်းမဲဆန္ဒနယ်အမှတ် (၂) ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ ကချင်ပြည်နယ် ခေတ္တပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လွင်မောင်သိန်း၊ ကချင်ပြည်နယ် မူးယစ်ဆေးစွဲရောဂါကုသရေးဆေးရုံမှ အထူးကုဆရာဝန်ကြီး(စိတ်ကျန်းမာရေး) ဒေါက်တာထွယ်လု၊ စာပေပညာရှင် စာရေးဆရာမ ပုညခင်နှင့် မြစ်ကြီးနားမြို့မှ လူငယ်ကိုယ်စားလှယ် ဦးအောင်ငွေစိုးတို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးတင်ပြခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လက်ရှိရင်ဆိုင်နေရသော အခက်အခဲများ ဆွေးနွေးတင်ပြခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် အမျိုးသားလွှတ်တော် (J) ဆောင် ထမင်းစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့် တာဝန်ရှိသူများက မြန်မာ့ရုပ်ရှင်လောကနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်သည်။
**(သတင်းစဉ်)**



**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လက်ရှိရင်ဆိုင်နေရသော အခက်အခဲများကို ဆွေးနွေးတင်ပြခြင်း အခမ်းအနားတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် အမှာစကား ပြောကြားစဉ်** (သတင်းစဉ်)



# ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်နေမှုများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကိုလာလေ့ဒ် ဒက်ဆဲလ် လီယန်အား ယနေ့နံနက်ပိုင်းတွင် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်မှု အခြေအနေများ၊ ကုလသမဂ္ဂအနေနှင့် မျှတစွာရပ်တည်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုအခြေအနေအရပ်ရပ်ကို များစွာအထောက်အကူပြုနိုင်သည့် အခြေအနေများအပေါ် အပြန်အလှန် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။
**(သတင်းစဉ်)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကိုလာလေ့ဒ် ဒက်ဆဲလ် လီယန်အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# သတင်းမီဒီယာကဏ္ဍအတွက် လွှတ်တော်အထောက်အကူပြုဝန်ထမ်းများအား သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံရှိ Foundation Hirondelle ၏ Senior Editorial ဖြစ်သူ Mr. Martyn Brown အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာလွှတ်တော်နှင့် Foundation Hirondelle တို့အကြား ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများဖြစ်သည့် လွှတ်တော်ဆိုင်ရာ နည်းပညာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သတင်းမီဒီယာကဏ္ဍအတွက် လွှတ်တော်အထောက်အကူပြုဝန်ထမ်းများအား သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။
**(သတင်းစဉ်)**



✻ *ကျောဖုံးမှ*

မီးပုံးပျံပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ကိန္နရီ၊ ကိန္နရာအကနှင့် ခေါသိုင်းအကတို့ဖြင့် ကပြဖျော်ဖြေပြီး ရှမ်းပြည်နယ် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက တေးရေး၊ တေးဆို ဝင့်နိုင်ဦးသီဆိုသော "တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ဆင်နွှဲပျော်" တေးသီချင်းဖြင့် ကပြဖျော်ဖြေသည်။ **(ယာပုံ)**

ထို့နောက် တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် မီးပုံးပျံပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းတို့က တောင်ကြီးတန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တန်ဆောင်တိုင်ပွဲတော် ကျင်းပရေးဦးစီးကော်မတီ နာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က တန်ဆောင်တိုင်ပွဲတော်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မီးရှူးမီးပန်းများပစ်ဖောက်ကာ စိန်နားပန်မီးပုံးပျံအကြီးနှစ်လုံးနှင့် မီးပုံးပျံငယ်အလုံး ၂၅၀၀ တို့ကို လွှတ်တင်ခဲ့ကြောင်း သိရသည်။
**မောင်မောင်သန်း(တောင်ကြီး)**



❀ *ကျောဖုံးမှ*

ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာမှ အသိအမှတ်ပြုရလောက်အောင် အောင်မြင်စွာဆောင်ရွက်နိုင်ခြင်း အစရှိသည့် အချက်များကို အခြေခံပြီး ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်အုပ်စုမှ Star Reformers Award, Strong Reformers Award နှင့် Aspiring Reformers Award စသည့် ဆုအမျိုးအစားသုံးမျိုး ချီးမြှင့်ခြင်းဖြစ်ပြီး Star Reformers Award သည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အသိသာအထင်ရှားဆုံး ပြုလုပ်နိုင်သည့်နိုင်ငံများကို ချီးမြှင့်သည့် အမြင့်ဆုံးဆု အမျိုးအစားဖြစ်ပြီး ယခု ၂၀၁၇ နှစ်တွင် Star Reformers Award ကို မြန်မာနိုင်ငံနှင့် အီသီယိုပီးယားနိုင်ငံတို့မှ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၃၂)ပါ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်(၁၀)ချက်မှ အချက်(၇)၌ ဖော်ပြပါရှိသော **"မြန်မာနိုင်ငံသားများ"** ဟူသော စကားရပ်အစား **"မြန်မာနိုင်ငံဘက်မှ သူများ"** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ပြည်ထဲရေးဝန်ကြီးဌာန**

# ဂျပန်ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းမှု

အကြမ်းဖျင်း အားလုံးသိကြသလို ဂျပန်လူမျိုးတွေဟာ စည်းကမ်းကြီးတယ်၊ အချိန်မှန်တယ်၊ အလုပ်မှအလုပ် စွဲလမ်းတယ်၊ သိပ်လေးနက်တယ်၊ တိုင်းပြည်ချစ်စိတ်ကြီးမားတော့ ဒီစိတ်ဓာတ်နဲ့ပဲ စစ်ဒဏ်၊ သဘာဝဘေးဒဏ်နဲ့ တစ်ပြည်လုံး ထိခိုက်တောင် ပြာပုံဘဝက ခဏခဏပြန်ထနိုင်တယ်။

အစဉ်အဆက် ဧကရာဇ်နဲ့ ဘုရင်အငယ်တွေအုပ်ချုပ်တဲ့ ဂျပန်နိုင်ငံဟာ ၁၆၀၀-၁၈၆၈ ခုနှစ်ထိ နှစ် ၂၇၀ လောက်ဧကရာဇ်တွေရဲ့ အာဏာဟာ ရှိုဂွန်တွေလက်ထဲရောက်တယ်။ ရှိုဂွန်တိုဂူကာဝါက လက်ရှိတိုကျိုနေရာ အဲဒိုးမှာ အခြေစိုက်လို့ အဲဒိုးခေတ် (Edo Period) လို့ခေါ်တယ်။ ၁၆၅၇ ခုနှစ်အဲဒိုးမြို့ မီးကြီးလောင်တဲ့အချိန်မှာ လူတွေ မြစ်ဖြတ်ပြီး မြို့အရှေ့ဘက်ကို ပြေးစရာတံတားမရှိလို့ ပိတ်မိပြီး လူတစ်သိန်းလောက်သေတယ်။ မြို့ရဲ့၇၀ ရာခိုင်နှုန်းနီးပါး ပြာကျတယ်။ ပြန်လည်ထူထောင်ရတယ်။ အဲဒီခေတ်အတွင်း ပြင်ပကမ္ဘာနဲ့ လုံးဝအဆက်ဖြတ်နေတယ်။ ဒါပေမယ့် စက်မှုလုပ်ငန်းတွေတော့ အောင်မြင်အောင်လုပ်နိုင်နေပြီး စစ်မက်ငြိမ်းချမ်းတဲ့ ကာလလည်းဖြစ်တယ်။ အဲဒီနောက်ပိုင်း နှစ် ၄၀ လောက် မေဂျီခေတ် (၁၈၆၈-၁၉၁၂) ခုနှစ်အတွင်း ဧကရာဇ်ဘုရင်လက်ထဲ အာဏာပြန်ရောက်ပြီး ကမ္ဘာနဲ့ပြန်ဆက်သွယ်တယ်။ နိုင်ငံငယ်ကနေ ကမ္ဘာ့အလယ်မှာမော်ဒန်ခေတ်မီနိုင်ငံဖြစ်လာတယ်။သူ့အပြီး တိုင်ရှိုအင်ပါယာလက်အောက် (၁၉၁၂-၁၉၂၆) ဒီမိုကရေစီ စတင်အားယူခဲ့ပေမယ့် အားမကောင်းလိုက်ရဘူး၊ ၁၉၂၃ ခုနှစ်မှာ Great Kanto Earthquake ငလျင်ကြီးကြောင့် တိုကျိုနဲ့တစ်ဝိုက် ငလျင်ရော၊ ဆူနာမီရော၊ မီးကြီးလောင်တာရော တစ်ပြိုင်နက်ဖြစ်တာတွေကြောင့် လူတစ်သိန်းကျော်သေတယ်။ လူ နှစ်သန်းလောက် အိုးမဲ့အိမ်မဲ့ဖြစ်ပြန်တယ်။ တိုင်းပြည်လည်း မငြိမ်မသက်ဖြစ်တယ်။ အဲဒီကနေ နာလန်ပြန်ထူတုန်း ၁၉၂၆ ခုနှစ်နောက်ပိုင်းစစ်တပ်က အားသိပ်ကောင်းလာတဲ့အခါ အိမ်နီးချင်းတွေကို စစ်အင်အားသုံး ရန်စအနိုင်ယူရာကနေ ဒုတိယ


ကျိုတိုမှာ လမ်းကျဉ်းပေမယ့် အမှိုက်တစ်စမျှမရှိ၊ စည်းကမ်းမဲ့ယာဉ်ရပ်နားမှုမရှိသည်ကို တွေ့ရစဉ်


ကျိုတိုမှာ လမ်းကျဉ်းပေမယ့် စက်ဘီးနှင့် ကားများ၊ လမ်းလျှောက်သူများပါ သွားနိုင်အောင် စနစ်တကျ ဆောင်ရွက်ထားမှုကို တွေ့ရစဉ်

ကမ္ဘာစစ်ဖြစ်ပြီး ပြာပုံဘဝ ပြန်ရောက်ရပြန်တာပဲ။ တိုကျိုဟာ စစ်ကြောင့်လုံးဝနီးပါးပျက်စီးခဲ့လို့ အမွေအနှစ်အဆောက်အအုံများများမကျန်ဘူး။ စစ်ပြီးခေတ်မှာ ပြန်လည်ထူထောင်ခြင်းသာပဓာနမို့ ဆောက်တာကအရင် မြို့ပြစီမံတာကနောက်မှလိုက်ရတယ်။ ဒါပေမယ့် အားလုံးခါးစည်းခံပြီး တညီတညွတ်တည်း နိုင်ငံချစ်စိတ်နဲ့ ပြန်ထနိုင်အောင်ကြိုးစားလိုက်တာ စစ်အပြီး စစ်တပ်မရှိတော့လို့ စစ်စရိတ်လည်းသက်သာ၊ စက်မှုလုပ်ငန်းတွေ အားပြန်ကောင်းနဲ့ မည်သို့လုပ်လိုက်တယ်မသိ ဆိုသလို ၁၉၅၅ ခုနှစ်မှာ ကမ္ဘာ့ အရှိန်အကောင်းဆုံး စီးပွားရေးတိုးတက်နှုန်းဖြစ်နေပြီ။ စက်မှုအထွန်းကားဆုံး နိုင်ငံတစ်ခုအဖြစ် တစ်ကမ္ဘာလုံးကို ခါးစောင်းတင်နိုင်ခဲ့တယ်။ အခုနောက်ပိုင်းနှေးကွေးတယ်လို့ဆိုနိုင်ပေမယ့် ထိပ်တန်းနိုင်ငံဖြစ်နေဆဲပဲ။

ကျိုတိုကတော့ ၇ ရာစုလောက်ကတည်းက အပြားပြားရှိနေတဲ့ဘုရင့်နိုင်ငံတွေကို စုစည်းညီညွတ်အောင် စည်းရုံးပြီး ဧကရာဇ်နိုင်ငံတော်ရဲ့မြို့တော်လည်းဖြစ်လာခဲ့တယ်။ စစ်ဘေးဒဏ်ကိုလည်း သိပ်မခံခဲ့ရလို့ ဘုန်းကြီးကျောင်းတွေ၊ လူနေရပ်ကွက်ဟောင်းတွေနဲ့ ခရီးသွားအကြိုက်နေရာ ဖြစ်လာတယ်။ ဇင်ဗုဒ္ဓဘာသာထွန်းကားရာနေရာ၊ ယဉ်ကျေးမှုအမွေအနှစ်ကိုလည်း သိပ်ကို မြတ်နိုးထိန်းသိမ်းတဲ့ နေရာဆိုတော့ သဘာဝဒဏ်၊ စစ်ဘေးဒဏ်ထိသမျှကိုလည်း အဆက်ဆက်ပြန်ပြင်ထိန်းသိမ်းခဲ့ကြတာပဲ။ မြစ်အနောက်ဘက်မှာ ပိုစည်ကားပြီး ခေတ်မီတဲ့ မြို့လယ်ဧရိယာရှိတယ်။ မြို့တစ်ခုလုံးက တောင်ကြောနှစ်ခုကြားလျှိုနေပြီး တောင်ပတ်လည်ဝိုင်းနေတော့လှတယ်။ မြစ်အရှေ့ပိုင်းနဲ့ အနောက်မြောက်ပိုင်းမှာ သိပ်ကျော်ကြားတဲ့ ဘုန်းကြီးကျောင်းဝင်းကြီးတွေ အများကြီးရှိတယ်။

ပုဂံလိုမျိုးမြို့နေရာအနှံ့ရှိခဲ့ပါလိမ့်မယ်။ နည်းနည်းသေးတဲ့ ဘုရားကျောင်း (Temple) တွေက လူနေရပ်ကွက်ထဲ ရောက်နေတယ်။

အထပ်မြင့် သိပ်မရှိဘူး။ ၁၂ ထပ်အထက် အဆောက်အအုံတောင် ၁၅ ခုပဲရှိတယ်လို့ ဆိုတယ်။ ၂၀၀၃ ကျိုတိုတာဝါဆိုပြီး ၁၉၆၀ ကျော်မှာ ဆောက်ဖို့ စစီစဉ်ကတည်းက မြို့ကမကြိုက်ပေမယ့် ၁၉၆၄ အိုလံပစ်အမီဆိုပြီး (တကယ်တော့ မမီလိုက်ဘူး၊ ပြီးမှဖွင့်နိုင်တယ်) ညှော့သည်အလာမှာ ရှုခင်းကြည့်ဖို့ ဆောက်တော့ မြို့အလှကို ထိန်းသိမ်းချင်တဲ့ သူတွေက သဘောမတူခဲ့ဘူး။ အခုထိလည်း ဝေဖန်တုန်းပဲ။ ၂၀၀၇ ခုနှစ်နောက်ပိုင်းမှာတော့အထပ်အမြင့်ကို ကန့်သတ်ခဲ့တယ်။ ခေတ်မီမြို့လယ်ပိုင်းကလည်း လမ်းကျယ်တွေနဲ့သန့်ရှင်းသလို ရပ်ကွက်ဟောင်းလေးတွေကလည်း ချစ်စရာသစ်သားအိမ်တွေ လမ်းကျဉ်းကျဉ်းကျပ်ကျပ်ထဲ၊ ဒါပေမယ့် ဘာနဲ့မှပိတ်ဆို့မနေဘူး။ ဂျပန်ကို ရက်တိုမျှသာ အလည်အပတ်ရောက်ဖူးတာမို့ ယေဘုယျပြောတာဖြစ်နိုင်ပေမယ့်သူတို့ရဲ့မြို့ပြပတ်ဝန်းကျင်မှာ ဘာကိုခံစားမိသလဲဆိုတော့ သေချာမှု (assurance) ဆိုတာကိုပဲ။ ကိုယ့်ပိုက်ဆံ အိတ်ငွေအပြည့်နဲ့ ချပြီးဟိုနားဒီနား စိတ်ချလက်ချထသွားနိုင်တယ်။ ဟိုတယ်မှာ အဖိုးတန်တဲ့ ပစ္စည်းတွေ စိတ်ချလက်ချထားခဲ့နိုင်တယ်လို့ ယုံကြည်မှုရှိတယ်။ သူတို့ကိုမေးလို့ ပေးလာတဲ့အဖြေဟာ အချက်အလက်မှန်မယ် ဆိုတာ သေချာတယ်၊ ပစ္စည်းပေးထားခဲ့ရင် သံသယကင်းကင်း နဲ့ပေးခဲ့နိုင်မယ်၊ ရောင်းတဲ့ပစ္စည်း၊ စားတဲ့ဆိုင်အရည်အသွေးနဲ့ ဝန်ဆောင်မှုကောင်းကောင်းရမယ်လို့ယုံတယ်။ ဘယ်နေရာရောက်ရောက် ရေအိမ်တိုင်း ပြောစမှတ်ပြုအောင်သန့်ရှင်းနေမယ်။

ခြံစည်းရိုးမဲ့ အိမ်များ တွင် ဂိုဒေါင် အပွင့် ထားခဲ့ သော်လည်း လုံခြုံမှု ရှိနေသည်ကို တွေ့ရစဉ်



သူတို့နိုင်ငံသားတွေမှာ တစ်ယောက်နဲ့တစ်ယောက် မထိခိုက်အောင်၊ ပတ်ဝန်းကျင်အနှောင့်အယှက်မဖြစ်အောင် နေထိုင်နည်းကို မိဘဆုံးမတဲ့ထဲမှာလည်း အစဉ်အဆက်ပါမယ်။ နေရာတိုင်းမှာလည်း သတိပေးနေတယ်။ ဆိုင်းဘုတ်လည်း ရေးတယ်။ ရထားပေါ်ဆိုလည်း ပြောဆိုသတိပေးနေတယ်။ နေရာတိုင်း ဟန့်တားနေတာမျိုးတော့လည်း မဟုတ်ဘူး။ စာကြည့်တိုက်မှာ ဖုန်းမြည်သံနဲ့ ဖုန်းပြောသံအနှောင့်အယှက်ကို တားဆီးသတိပေးပေမယ့် ဖုန်းဝင်ပြောဖို့ အသံလုံအခန်း သတ်သတ်ပေးထားတယ်။ ကိုယ့်တာဝန်ကိုယ်သိပဲ။ ညနက်သန်းခေါင် အလင်းအားနည်းနည်းလမ်းမှာ ဘူတာက ဆင်းလာတဲ့ မိန်းကလေးတွေ ဒီလိုပဲလျှောက်နေတယ်။ ဒီတော့ တရားဥပဒေစိုးမိုးမှုဟာနေရာတိုင်းမှာ ရှိနေတယ်။ ရန်သူမျိုးငါးပါးကြောင့် မြို့ပြယဉ်ကျေးမှုအဆောက်အအုံပြစရာ အမွေအနှစ်မကျန်ဘူးဆိုရင်တောင်မှ ဒီလို အစဉ်အလာယဉ်ကျေးမှုကို ဆက်လက်ဆုပ်ကိုင်ပြီး အကောင်းဆုံးထိန်းသိမ်းနိုင်ဆဲပဲဆိုတာ ပြနေတယ်။ အကောင်အထည်ထက် ယဉ်ကျေးမှုရာ၊ ကျင့်ဝတ်၊ ကိုယ်ကျင့်သီလတို့နဲ့ ထိန်းသိမ်းတယ်။ဟိရိဩတ္တပ္ပတရား၊ ပြဟ္မာစိုရ်တရား၊ မိမိကိုယ်သာကိုးကွယ်ရာ၊ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ (ဘယ်သူသိသိ မိမိကိုယ်အသိဆုံး) ဆိုတာ ကျွန်မတို့တွေလည်း လေ့ကျင့်သင်ကြားခဲ့ကြတာပဲ။ ကိုယ့်သီလကိုယ်မြဲဖို့ဆိုတာ အရေးကြီးဆုံးဆိုတဲ့ ဘာသာတရားအခြေခံတွေတူကြတာဆိုပေမယ့် လက်တွေ့ဘယ်လိုခံယူကျင့်သုံးသလဲ ဆိုတာမှာ ကွာပါလိမ့်မယ်။

အမေရိကန်မှာလည်း ခိုင်မာတဲ့ ဥပဒေတွေအပြည့်၊ အမြော်အမြင်တွေနဲ့ထောင့်စေ့ ဆွဲခဲ့ကြတာပဲ။ ဒါပေမယ့် တရားဥပဒေစိုးမိုးမှုကို ဥပဒေနံပါတ်၊ ရဲစခန်း၊ ရှေ့နေ၊ တရားရုံး၊ ဒဏ်ငွေ၊ အပြစ်ဒဏ်တွေနဲ့ ထိန်းသိမ်းတာဆိုတော့ ဒုစရိုက်အပြုအမူဟာ လုံးဝပျောက်သွားသလားဆိုတော့ မပျောက်ဘူး။ ယုံကြည်စိတ်ချရတဲ့ လူမှုဝန်းကျင်ကောင်းနဲ့ ဝေးနေသေးတာ သိကြတဲ့အတိုင်းပါလေ။ စိတ်ဓာတ်နဲ့ ကိုယ်တိုင်ကိုယ်ကျင့်သီလစောင့်ထိန်းမှုက ပိုအရေးပါတယ် ဆိုတာကိုပြတယ်။

လောလောဆယ်ဒီလထဲတင် တိုကျိုကလုံခြုံမှုမှာ အန္တရာယ်ကင်းတဲ့ ကမ္ဘာ့နံပါတ်တစ် မြို့တော်အဖြစ် အရွေးခံရတယ်။ မြို့တွင်းလူဦးရေ ၁၀ သန်းကနေ မြို့ပြလွှမ်း ခြုံဧရိယာတစ်ခုလုံးဆို ၃၆ သန်းလောက်ရှိတဲ့မြို့၊ ကိုယ်ကျင့် တရားကိုတစ်ဦးချင်းစီ လုံခြုံအောင် စောင့်ထိန်းခြင်းနဲ့ဆိုင်ရာ ကျင့်ဝတ်နဲ့ ညီအောင်လုပ်ခြင်းသာလျှင် အဓိက။ မဟုတ်တာလုပ်ရင် ရှက်တတ်အောင်၊ မမှန်တာဖြစ်မှာ ကြောက်တတ်အောင် အရိုးစွဲပါလာတာ။ ကုမ္ပဏီကြီးတွေ၊ ကော်ပိုရေးရှင်းတွေက အရာရှိတွေဖြစ်ဖြစ်၊ အစိုးရဝန်ထမ်း အငယ်ဖြစ်ဖြစ်၊ ဈေးသည်ဖြစ်ဖြစ် ကိုယ်ရှိတဲ့ နေရာကနေ ကိုယ့်တာဝန်ကျေအောင် လုပ်တယ်။ ကိုယ့်ကျင့်ဝတ်ကိုယ်စောင့်ထိန်းတယ်။ သစ္စာစောင့်သိတယ်၊ ယဉ်ကျေးမှုရာပြတယ်။ ကိုယ်နှုတ်မှုရာ သိပ်ထိန်းတယ်။ တစ်ဦးနဲ့တစ်ဦးမျက်နှာလုပ်စရာမလိုဘဲ လေးလေးစားစားဆက်ဆံနိုင်တယ်။ အခွန်အပြည့်အများကြီးထမ်းရသလို အစိုးရဘက်ကလည်း လူမှုရေး အကျိုးအမြတ်တွေ ပြန်ပေးဖို့ တာဝန်ကျေတယ်။ ကိုယ့်နေရာကိုယ်စိတ်ဝင်စားတယ်၊ စိတ်အားထက်သန်စွာနဲ့ အကောင်းဆုံးအလုပ်လုပ်ပြီးနေတယ်။ ရောင့်ရဲမယ်၊ ဒီလိုညီညီညွတ်ညွတ်တစိုက်မတ်မတ်လုပ်ခဲ့ခြင်းကြောင့် တစ်ပြည်လုံးခြုံပြီး တိုးတက်မှုရတယ်။ ဒါတွေကြောင့်ပဲ အသီးအပွင့်ကို အဆက်ဆက်တည်တည်တံ့တံ့ ခံစားနေရတာပဲ ဖြစ်ပါလိမ့်မယ်။

**မိုးမိုး (ဗိသုကာ)**

---

## ငြိမ်းချမ်းရေးပညာရပ်နှင့် ပြည်သူ့နီတိပညာရပ် သင်ကြား

**ဘားအံ အောက်တိုဘာ ၂၆**

ကရင်ပြည်နယ်အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်ဦးစီးပြီး ငြိမ်းဖောင်ဒေးရှင်း၏ပံ့ပိုးကူညီမှုဖြင့် ငြိမ်းချမ်းရေးပညာရပ်နှင့်ပြည်သူ့နီတိပညာရပ်သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းအခမ်းအနားကို ဘားအံမြို့ သုမေဓာဘုန်းကြီးကျောင်းဓမ္မာရုံ၌ အောက်တိုဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက် ဦးဆောင်ကော်မတီဝင် ဦးစောကျော်စွာက သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပေးခဲ့သည်။

အဆိုပါသင်တန်းကို ငြိမ်းဖောင်ဒေးရှင်းမှ ငြိမ်းချမ်းရေးဆိုင်ရာအကြံပေးဆရာ ဇော်လွမ်၊ အကြီးတန်းသင်တန်းဆရာ ဦးနန်းအောင်တို့ဦးစီးပြီး သင်တန်းငါးရက်တာ ကာလအတွင်း သင်တန်းသားသင်တန်းသူများကို မြန်မာ့နိုင်ငံရေးနောက်ခံသမိုင်း နှင့် လက်ရှိအခြေအနေကိုလေ့လာခြင်း၊ နိုင်ငံတော်နှင့်အစိုးရဒီမိုကရေစီအခြေခံမူ စည်းမျဉ်းများနှင့်တန်ဖိုးများ ငြိမ်းချမ်းရေးဆိုင်ရာအကြောင်းလေ့လာခြင်း၊ ငြိမ်းချမ်း ရေးတည်ဆောက်ခြင်း၊ လူ့အခွင့်အရေး၊ ပဋိပက္ခအမျိုးမျိုးနှင့်တင်းမာလာပုံအဆင့်ဆင့်၊ ပဋိပက္ခအကြောင်းအရင်းများ၊ ကောင်းသောစီမံအုပ်ချုပ်မှု ဥပဒေပြုရေးလုပ်ငန်းစဉ်နှင့် သဘောသဘာဝအုပ်ချုပ်ရေးအာဏာနှင့် အစိုးရဖွဲ့စည်းပုံ၊ တရားစီရင်ရေးကဏ္ဍနှင့်တရားရုံးများဖွဲ့စည်းပုံခေါင်းစဉ်များဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် ပြည်နယ်အတွင်းရှိ လူမှုရေးအဖွဲ့အစည်း ၁၅ ခုမှ CSO ၃၀ ခန့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ပြည်ပတွင်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများ၏ လုံခြုံရေး၊ လုပ်ခလစာအပြည့်အဝရရှိရေး နိုင်ငံတော်အစိုးရ၏ ကူညီစောင့်ရှောက်မှုများမျှော်လင့်

**နေပြည်တော် အောက်တိုဘာ ၂၆**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **မြန်မာနိုင်ငံ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော နဝမတန်း၊ တက္ကသိုလ်ဝင်တန်း ကျောင်းသားများရှိ၊ မရှိ၊ ရှိပါက မည်မျှရှိပါသနည်း၊ ယင်းကျောင်းသားများ၏ ပညာသင်ယူခွင့်နှင့် တက္ကသိုလ်ဝင်တန်းဖြေဆိုခွင့်ကို မည်ကဲ့သို့စီစဉ်ထားသည်** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အကျဉ်းဦးစီးဌာနရှိ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံရောက်ရှိလာသော အကျဉ်းသားများအနက်မှ ပညာတစ်ပိုင်းတစ်စဖြင့် ရောက်ရှိလာသော အကျဉ်းသား၊ အကျဉ်းသူများကို ပညာရေးဆုံးရှုံးနစ်နာမှု မရှိစေရန် အတန်းပညာ ဆက်လက်သင်ကြားလိုပါက မည်သူမဆို သင်ကြားနိုင်ကြောင်း စာသင်နှစ်စတင်ချိန်တွင် အသိပေးပြောကြားလျက်ရှိပါကြောင်း၊ အင်းစိန်ဗဟိုအကျဉ်းထောင်၊ မန္တလေးဗဟိုအကျဉ်းထောင်နှင့် သာယာဝတီအကျဉ်းထောင်တို့တွင် နဝမတန်းအဆင့် ပညာသင်ကြားလျက်ရှိပါကြောင်း။

စာပေသင်ကြားမှုကို တနင်္လာနေ့မှ စနေနေ့အထိ တစ်ရက်လျှင် ၈ နာရီသင်ကြား ပေးလျက်ရှိပြီး စာသင်ချိန်တစ်ချိန်လျှင် ၄၅ မိနစ်သတ်မှတ်၍ သင့်လျော်သော အားလပ်ချိန်များပေး၍ သင်ကြားပေးလျက်ရှိပါကြောင်း၊ တနင်္လာနေ့မှ သောကြာနေ့အထိ အကျဉ်းသားကျောင်းဆရာများဖြင့် သင်ကြားပေးပြီး စနေနေ့တွင် အစိုးရအထက်တန်းကျောင်းရှိ ကျောင်းဆရာများမှ ဝင်ရောက်သင်ကြားပေးလျက်ရှိသည့်အပြင် အကျဉ်းထောင်အစီအစဉ်ဖြင့် ပြင်ပနည်းပြဆရာများ ငှားရမ်းသင်ကြားပေးလျက်ရှိပါကြောင်း၊ ဘာသာရပ်အားလုံးကို အခန်းတစ်ခန်းပြီးဆုံးတိုင်း အခန်းဆုံးစာမေးပွဲဖြေဆိုစေလျက် ရှိပါကြောင်း၊ အစိုးရကျောင်းများတွင် ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်စာမေးပွဲများဖြေဆိုပါက အဆိုပါ ကျောင်းများ၏ မေးခွန်းများကို ဖြေဆိုစေပြီး အဖြေလွှာများကိုလည်း သက်ဆိုင်ရာအစိုးရကျောင်းများက စစ်ဆေးပေးလျက်ရှိပါကြောင်း။

စာသင်ကြားသည့် အကျဉ်းသားများနှင့် အကျဉ်းသားကျောင်းဆရာများကို အင်္ကျီအဖြူ၊ ပုဆိုးအစိမ်းကိုသာ ဝတ်ဆင်စေပြီး ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ကျောင်းသုံးစာရေးကိရိယာများအပြင် အထူးထုတ်စာအုပ်များကိုလည်း အကျဉ်းဦးစီးဌာန အစီအစဉ်ဖြင့် ဝယ်ယူပေးလျက်ရှိပြီး အလှူရှင်များမှလည်း အခါအားလျော်စွာ လှူဒါန်းပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်သူများကို တက္ကသိုလ်ပညာဆက်လက်သင်ကြားနိုင်ရန် အင်းစိန်ဗဟိုအကျဉ်းထောင်မှ အောင်မြင်သူများကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ လည်းကောင်း၊ မန္တလေးဗဟိုအကျဉ်းထောင်မှ အောင်မြင်သူများကို မန္တလေးတက္ကသိုလ်၌လည်းကောင်း၊ တက္ကသိုလ်ပညာသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လက်ရှိတွင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ အဝေးသင်တက္ကသိုလ် ပညာသင်ကြားနေသော အကျဉ်းသား ၁၃ ဦးရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

တနိုင်း မဲဆန္ဒနယ်မှ ဦးလင်းလင်းဦး၏ **မြန်မာနိုင်ငံတော်တွင် အဆင့်မြင့် ရဲအတတ်ပညာကို သင်ကြားပေးနိုင်သော နိုင်ငံတကာအဆင့်မီ ရဲတက္ကသိုလ်အား အမြန်ဆုံးဖွင့်လှစ်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလေ့ကျင့်ရေးဌာနကြီး၏ အောက်တွင် ရဲအရာရှိ အတတ်သင်ကျောင်း၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ ရဲအကြပ်အတတ်သင်ကျောင်း၊ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း၊ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်း၊ အမှတ်(၃) ရဲလေ့ကျင့်ရေးကျောင်းနှင့် အမှတ်(၄) ရဲလေ့ကျင့်ရေးကျောင်းတို့ရှိပါကြောင်း၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်းသည် ဒုရဲအုပ်လောင်းအပြင် အုပ်ချုပ်မှု သင်တန်းများနှင့် ကျွမ်းကျင်မှုသင်တန်းများကို ဖွင့်လှစ်နေရာမှ မန္တလေးမြို့တွင် ရဲအရာရှိအတတ်သင်ကျောင်းကို ဖွင့်လှစ်ခဲ့ပါကြောင်း၊ မှုခင်းရဲတပ်ဖွဲ့တွင် စုံထောက်အရာရှိသင်တန်း၊ မူးယစ်ဆေးဝါးစုံစမ်းစစ်ဆေးမှုအရာရှိ သင်တန်း၊ သတင်းရဲတပ်ဖွဲ့တွင် လုံခြုံရေးနှင့် ထောက်လှမ်းရေးသင်တန်း၊ ကမ္ဘာလှည့်ခရီးသွား လုံခြုံရေးသင်တန်းများ ဖွင့်လှစ်လျက်ရှိပြီး ဥရောပသမဂ္ဂနှင့် သင်တန်းများပူးတွဲပြီး ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာအဆင့်မီ ရဲတက္ကသိုလ်တစ်ခု ဖွင့်လှစ်ရန်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ မူဝါဒခံယူပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပေါက်ခေါင်း မဲဆန္ဒနယ်မှ ဒေါ်နီနီဝွန်း၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး (ခ) ဒေါ်မေစိုးနှင့် လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေးတို့၏ **စည်ပင်သာယာရုံးတည်ရာပန်းခြံဟောင်းအား အများပြည်သူ အပန်းဖြေနားနေနိုင်သော (Public Area) အဖြစ် ပြန်လည်သတ်မှတ်ပေးရန်၊ ပန်းတောင်းမြို့နယ်မှ မြေကေများအား ပြည်သူအများပိုင်မြေအဖြစ် ပြန်လည်လွှဲပြောင်းပေးရန်၊ ဗိုလ်တထောင်မြို့နယ် ရဲခစန်းအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန်၊ ဆွမ္မရာမြို့ရှိ ဌာနဆိုင်ရာများ၏ ရုံးအဆောက်အအုံများကို မြို့အင်္ဂါရပ်နှင့်အညီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ / မရှိ** မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ပြည်သူ့လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာနေ့တွက်စရိတ်ကို လှူဒါန်းရန်တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်က **အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံပြင်ပသို့သွားရောက် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများသည် ပြည်ပနိုင်ငံများ၏ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ မူဝါဒများနှင့် အခြားသော အကြောင်းရပ်တို့ကြောင့် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့လျက်ရှိနေပါသဖြင့် ၎င်းတို့ဆက်လက်ရပ်တည်နိုင်ရေးနှင့် နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာကြပါက ထိရောက်သော ကူညီစောင့်ရှောက်မှုပေးနိုင်ရေးအတွက် သင့်လျော်သည့် မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကိုတင်သွင်းရာတွင် မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေအရပြည်တွင်းပဋိပက္ခများ နှစ်ကာလရှည်ကြာစွာဖြစ်ပွားခဲ့ခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ ဒေသတွင်းတည်ငြိမ်မှုမရှိသည့်အတွက် နေ့စဉ်နှင့်အမျှစိုးရိမ်ကြောက်လန့်နေရခြင်း၊ စစ်ဘေးဒဏ်များကို ရှောင်ရှားလိုခြင်း၊ အေးချမ်းစွာပညာသင်ကြားနိုင်မှု အခွင့်အလမ်းများနည်းပါးခြင်း၊ စားဝတ်နေရေးအခက်အခဲများကြောင့် မိမိတို့နိုင်ငံသားတိုင်းရင်းသားများ နေရပ်စွန့်ခွာပြီး အိမ်နီးချင်းနိုင်ငံများနှင့် အခြားဒေသသို့ နည်းလမ်းမျိုးစုံဖြင့်သွားရောက် အလုပ်လုပ်ကိုင်နေကြရပါကြောင်း၊ ပြည်ပတွင်သွားရောက် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားအများစုသည် အသက်အန္တရာယ်လုံခြုံရေး၊ လုပ်ခလစာများ အပြည့်အဝရရှိရေးတို့အတွက် မိမိတို့နိုင်ငံတော်အစိုးရ၏ ကူညီစောင့်ရှောက်မှုများကို မျှော်လင့်နေကြပါကြောင်း။

တရားဝင်သွားရောက်အလုပ်လုပ်ကိုင်နေသူများအနေဖြင့် နိုင်ငံကူးလက်မှတ်၊ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များ၊ တရားဝင်နေထိုင်ခွင့်လက်မှတ်များ သက်တမ်းကုန်ဆုံးခြင်း၊ ပြန်လည်သက်တမ်းတိုး မဆောင်ရွက်ရသေးခြင်း၊ ဆောင်ရွက်ရန် အဆင်မပြေသေးခြင်း၊ အလုပ်ရှင်က နိုင်ငံကူးလက်မှတ်များအား သိမ်းယူထားခြင်းစသည့် အခက်အခဲများ ကြုံတွေ့နေကြရသည်ကို သိရှိရပါကြောင်း၊ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသူများသည်လည်း တစ်ဖက်နိုင်ငံ၏ မူဝါဒအပြောင်းအလဲနှင့် ဥပဒေပြင်ဆင်ပြဋ္ဌာန်းခြင်းများကြောင့် ဖမ်းဆီးခံရခြင်း၊ အလုပ်ရှင်များက နှင်ထုတ်ခြင်း၊ လုပ်ခလစာမရရှိဘဲ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရခြင်း စသည့် ဒုက္ခမျိုးစုံ ခံစားနေကြရသည့်အတွက် နိုင်ငံတော်၏ ကူညီစောင့်ရှောက်မှုများ လိုအပ်လျက်ရှိနေကြပါကြောင်း၊ မိမိနေရပ်ထံ ပြန်ဝင်ရောက်လာသူများကို လူသားချင်းစာနာထောက်ထားခြင်းအားဖြင့် နယ်စပ်ဒေသရှိ မြို့များနှင့် ပြန်လာရာလမ်းကြောင်းရှိ မြို့နယ်များမှ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်သားများနှင့် လူမှုအဖွဲ့အစည်းများက မိမိတို့ မြန်မာနိုင်ငံသားတိုင်းရင်းသားများအား လိုအပ်သလို ကူညီစောင့်ရှောက်မှုပေးနိုင်ပါရန် ပန်ကြားတိုက်တွန်းလိုပါကြောင်း ဆွေးနွေးပြောကြားသည်။



ဦးစိုင်းသီဟကျော်
မိုင်းရယ်မဲဆန္ဒနယ်

## တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်သူများကို တက္ကသိုလ်ပညာ ဆက်လက်သင်ကြားနိုင်ရန် အင်းစိန်ဗဟိုအကျဉ်းထောင်မှ အောင်မြင်သူများကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ လည်းကောင်း၊ မန္တလေးဗဟိုအကျဉ်းထောင်မှ အောင်မြင်သူများကို မန္တလေး တက္ကသိုလ်၌လည်းကောင်း၊ တက္ကသိုလ်ပညာသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ



ဦးစိုင်းဦးခမ်း
သိန်းနီမဲဆန္ဒနယ်

ယင်းအဆိုနှင့် စပ်လျဉ်း၍ သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးပြီး ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်မာမာခိုင်က အစီရင်ခံစာဖတ်ကြားတင်သွင်းသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ယင်းပြင်ဆင်ချက်အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

## ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေဆုများထုတ်ပြန်ကြေညာ စာရေးဆရာညီပုလေး၏ " ထက်မြက်တဲ့ ဓားသွားပေါ်က ချိုမြမြ ပျားရည်စက် ဝတ္ထုရှည်" က အမျိုးသားစာပေဆုဆွတ်ခူး

**ရန်ကုန် အောက်တိုဘာ ၂၆**
ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၁၆ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်စာပေဆုတွင် ညီပုလေး ရေးသားသည့် ထက်မြက်တဲ့ ဓားသွားပေါ်က ချိုမြမြ ပျားရည်စက် (မျိုးဆက်သစ်စာပေတိုက်)၊ ဝတ္ထုတိုပေါင်းချုပ်စာပေဆုတွင် မင်းဝေဟင် ရေးသားသည့် လရိပ်အောက်က မိုးတိမ်မဂ္ဂဇင်းဝတ္ထုတိုများ (ပိတောက်ရနံ့စာပေတိုက်)၊ ကဗျာပေါင်းချုပ်စာပေဆုတွင် ကိုရွှေ ရေးသားသည့် ရန်ကုန်ကို အလစ်မပေးနဲ့ ဒေလီယာကဗျာများ (စိတ်ကူးချိုချိုစာပေတိုက်)၊ စာပဒေသာစာပေဆုတွင် ကိုခါး (ကွမ်းခြံကုန်း) ရေးသားသည့် ရေနွေးဖန်ဖန်၊ ရေချိုချို(ရန်အောင်စာပေတိုက်-၂)၊ ကလေးစာပေဆုတွင် မောင်တင်စိုး (သစ်ရာကောက်)ရေသားသည့် ကဗျာကျောင်းနှင့် ဒေါင်းမလေးကလေးကဗျာများ(မြစ်ကွေ့စာပေတိုက်)၊ လူငယ်စာပေဆုတွင် ယမင်းမြတ်အေးရေးသားသည့် အိပ်မက်ချိုချို ဘဝခါးခါး (လင်းလွန်းခင်စာပေတိုက်)၊ သုတပဒေသာ (ဝိဇ္ဇာဘာသာရပ်)စာပေဆုတွင် မောင်နိုင်(ဒဿနိက)ရေးသားသည့် ရှေးမြန်မာ သဘော်တော်ကြီးများနှင့် ရေကြောင်းအတတ်ပညာလေ့လာမှု (ကမ်းရိုးမွန်စာပေတိုက်)၊ သုတပဒေသာ(အသုံးချသိပ္ပံ)စာပေဆုတွင် ကျော်ဦး ရေးသားသည့် မိုးရေလှောင်ကန်(ပါရမီစာပေတိုက်)၊ နိုင်ငံရေးစာပေဆုတွင် ဒေါက်တာကျော်ဝင်း (သမိုင်းပါမောက္ခ-ငြိမ်း) ရေးသားသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတည်ဆောက်ခြင်း(ခေတ်ပြတိုက်စာပေတိုက်)၊ အင်္ဂလိပ်ဘာသာ (သုတ)စာပေဆုတွင် ဒေါက်တာခင်မောင်ညွန့်ရေးသားသည့် The Historic Bells of Yangon (သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန)တို့ကို ဆုချီးမြှင့်ကြောင်း ကြေညာသည်။ ဆုချီးမြှင့်ငွေအဖြစ် အမျိုးသားစာပေဆုတစ်ဆုကို ငွေသားကျပ် ၁၅ သိန်းတိတိ ချီးမြှင့်မည်ဖြစ်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၇၇ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့် ဟူသောအဆင့်သုံးဆင့်ဖြင့် စနစ်တကျ ရွေးချယ်ခဲ့ကြသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ ဖုန်း- ၀၁-၃၇၆၅၆၉၊ ၀၁-၃၇၄၅၃၂ နှင့် ၀၁-၂၀၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅×၇)လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

ဆုရစာအုပ်များကို ထုတ်ဝေသည့် စာပေတိုက်များကိုလည်း ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဆုများကို အမျိုးသားစာပေဆုအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့် အချိန်နှင့် နေ့ရက်၊ နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းအား ပြဋ္ဌာန်းရန်မသင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၆

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ်ကို လှူဒါန်းရန် တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဇေ့တင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့ ပေ ၁၁၀၀ အရှည်ရှိ ကမ်းနားလမ်း၊ မြေထိန်းနံရံနှင့် ကွန်ကရစ်လမ်းခင်းခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ချင်းပြည်နယ်၊ ပလက်ဝမြို့ ကမ်းနားလမ်းမြေထိန်းနံရံနှင့် ကွန်ကရစ်လမ်းခင်းခြင်းကို ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆိပ်ကမ်းမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ပထမအအဆင့် ပေ ၆၀၀ အတွက် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၅၀နှင့် ကမ်းနားလမ်းမြေထိန်းနံရံ ပြုလုပ်ခြင်း ပေ ၁၄၀ အတွက် ခွင့်ပြုငွေကျပ်သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကွန်ကရစ်လမ်းခင်းခြင်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လျာထားခြင်းမရှိပါကြောင်း၊ စုစုပေါင်း ဆောင်ရွက်ရမည့် ဆိပ်ကမ်းမြေထိန်းနံရံတည်ဆောက်ခြင်း လုပ်ငန်းပေအရှည်မှာ ပေ ၂၂၀၀ ဖြစ်ပြီး ယခုနှစ်ပေ ၆၀၀ စတင်ဆောင်ရွက်ရမည်ဖြစ်ကာ ကျန်ရှိသော ပေ ၁၆၀၀ အတွက် လာမည့်ဘဏ္ဍာနှစ်များတွင် ဘဏ္ဍာငွေ ခွင့်ပြုရရှိမှုအလိုက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလင်းတင်ဌေးနှင့် မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်ကျော်က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၇၄)၊ (၁၀၉)၊ (၁၄၁)၊ (၁၆၁) တို့အရ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဟူ၍ အသီးသီးရှိကြပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင်လည်း ဥပဒေပြုရေးအတွက် လွှတ်တော်ဥပဒေ၊ နည်းဥပဒေတို့ ရှိကြပါကြောင်း၊ ထို့အတူ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်တို့တွင်လည်း ဥပဒေပြုရေးအတွက် ဥပဒေ၊ နည်းဥပဒေတို့ အသီးသီးရှိကြပါကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့လည်းရှိနေပါကြောင်း၊ ဖွဲ့စည်းပုံစည်းမျဉ်းလည်း ရှိပြီးဖြစ်ပါကြောင်း၊ လွှတ်တော်အချင်းချင်း ချိတ်ဆက် ဆောင်ရွက်စရာရှိပါက အဖွဲ့၏ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွား၍ ရပါကြောင်း။



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်ကျော်



တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး ဇော်ဝင်းဦး

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂(က)တွင် နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ဤဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်ဟု ပါရှိပါကြောင်း၊ ထိုသို့ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိကျစွာ ပြဋ္ဌာန်းထားပါလျက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းသည် အခြေခံဥပဒေပုဒ်မ ၁၂(က)ကို ကျော်လွန်ပြီး ရေးဆွဲထားသည့် ဥပဒေဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က)အရ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ သုံးရပ်ရှိပါကြောင်း၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့မှာ ဗဟိုချုပ်ကိုင်မှုရှိပါကြောင်း၊ ဥပဒေပြုရေးအာဏာမှာ ဗဟိုချုပ်ကိုင်မှု လွတ်ကင်းပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားသာချက်၊ တစ်နည်းအားဖြင့် ဖက်ဒရယ်ပုံစံတန်းဝင်နေသည်ဟု ဆိုရမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အနှစ်သာရရှိနေသည့် အခြေခံဥပဒေပုဒ်မကို ကျော်လွန်၍ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို ပြဋ္ဌာန်းရန် မသင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ဇော်ဝင်းဦးက မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက် လေးခု ဖော်ပြထားပြီး လွန်စွာကောင်းမွန်ပါကြောင်း၊ သို့ရာတွင် ဖြစ်ပေါ်လာနိုင်သော Letter of Law အရကိစ္စများကို သော်လည်းကောင်း၊ မမြင်ရသောအကျိုးဆက်၊ မမြင်ရသော ရည်ရွယ်ချက်များကိုသော်လည်းကောင်း သတိပြုရန် လိုအပ်ပါကြောင်း၊ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းတွင် လွှတ်တော်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်၏ အမိန့်ကြော်ငြာစာဖြင့်သာ ဖွဲ့စည်းခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ဒုတိယအကြိမ်တွင်လည်း မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (MPU) ကို ၂၀၁၆ ခုနှစ် မတ်လ ၁ ရက်တွင် ကျင်းပသော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် စုစုပေါင်း ၁၈ ဦးဖြင့် အတည်ပြု ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေး (၂/၂၀၁၇)ကို ၂၀၁၇ ခုနှစ် မေလ ၅ ရက်တွင် ကျင်းပခဲ့ကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့မှာ ဥပဒေပြဋ္ဌာန်းစရာမလိုဘဲ လုပ်ငန်းများ လည်ပတ်လျက်ရှိပြီး ယခင် ပထမအကြိမ်လွှတ်တော် သက်တမ်းတစ်လျှောက်လုံးတွင်လည်း ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်သာ အောင်မြင်အောင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် ယခုဥပဒေမှာ ပြဋ္ဌာန်းရန် မလိုအပ်ပါကြောင်း။

ယခုအချိန်သည် မြန်မာတစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ အခမ်းအနားများကျင်းပ၍ တိုင်းရင်းသား ညီအစ်ကိုများအားလုံးနှင့် ယုံကြည်မှု တည်ဆောက်နေသည့် အချိန်ကာလဖြစ်ပါကြောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး တောင်းဆိုနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် ဗဟိုချုပ်ကိုင်မှု၊ လွှမ်းမိုးမှုကို ဖြစ်စေနိုင်သည့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းအား ပြဋ္ဌာန်းရန် မသင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ်၊ ရခိုင်ပြည် နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၁၀) မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုး၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၄) မှ ဦးလှဦး၊ ကယားပြည်နယ်မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်း၊ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီး ကျော်ကျော်တို့က ဆက်လက် ဆွေးနွေးကြသည်။

ဒုတိယကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို အောက်တိုဘာ ၂၇ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

**ယခုအချိန်သည် မြန်မာတစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံအခမ်းအနားများ ကျင်းပ၍ တိုင်းရင်းသား ညီအစ်ကိုများအားလုံးနှင့် ယုံကြည်မှုတည်ဆောက်နေသည့် အချိန်ကာလဖြစ်ပါကြောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး တောင်းဆိုနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် ဗဟိုချုပ်ကိုင်မှု၊ လွှမ်းမိုးမှုကိုဖြစ်စေနိုင်သည့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းအား ပြဋ္ဌာန်းရန်မသင့်**

## ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ထုတ်ပြန်ကြေညာ

## စာပေလောကတွင် ထင်ရှားကျော်ကြားသည့် မောင်သာနိုး၊သိန်းသန်းထွန်းနှင့်ညိုဝင်းရရှိ

**ရန်ကုန် အောက်တိုဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ဆရာကြီး ဦးသာနိုး (မောင်သာနိုး)၊ ဆရာကြီး ဦးသိန်းသန်းထွန်း (သိန်းသန်းထွန်း)နှင့် ဆရာကြီးဦးကျော်ဝင်း(ညိုဝင်း)တို့အား ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရှင်များအဖြစ် ရွေးချယ် ချီးမြှင့်လိုက်ကြောင်း သိရသည်။

အမျိုးသားစာပေ တစ်သက်တာဆုကို ၂၀၀၁ ခုနှစ်က စတင်ချီးမြှင့်ခဲ့ပြီး ဆုရရှိပြီးသော ပညာရှင်ကြီးများမှာ စည်သူဦးလှကြိုင်(ပါရဂူ) (ကွယ်လွန်)၊ စည်သူ ဦးထင်ဖတ်(မောင်ထင်)(ကွယ်လွန်)၊ စည်သူ ဦးဌေးမောင် (ဌေးမောင်)၊ စည်သူဦးလေးမြိုင်(လေးမြိုင်)၊ စည်သူ ဒေါ်ရင်ရင်(စောမုံညင်း)(ကွယ်လွန်)၊ စည်သူဒေါ်ကြန် (မကြန်)၊ စည်သူ ဦးကြည်အေး(ဆင်ဖြူကျွန်း အောင်သိန်း)၊ စည်သူဒေါက်တာကျော်စိန် (ကွယ်လွန်)၊ စည်သူဒေါက်တာခင်မောင်ညွန့်၊ စည်သူဒေါက်တာ သော်ကောင်း၊ ဦးဝင်းမောင်(မင်းယုဝေ)၊ ဒေါ်ခင်ဆွေဦး(ခင်ဆွေဦး)၊ ဦးအောင်သင်း (အောင်သင်း)(ကွယ်လွန်)၊ ဦးတင်မောင်(သိပ္ပံမှူးတင်) (ကွယ်လွန်)၊ ဒေါက်တာ ခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ စည်သူဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဦးမြင့်ကြည်(တက္ကသိုလ်မြတ်စိုး)၊ ဦးဝင်းဖေ(မြဇင်)၊ ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း)၊ ဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်)၊ ဦးဝင်းမွန်(တက္ကသိုလ်ဝင်းမွန်)(ကွယ်လွန်)၊ ဦးတင်ခ (တက္ကသိုလ်တင်ခ)တို့ဖြစ်ကြသည်။ ၂၀၁၂ ခုနှစ်တွင် အမျိုးသားစာပေ တစ်သက်တာဆုရှင် သုံးဦးအထိ တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင်လည်း မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသည့်အနေဖြင့် စာပေပညာရှင်ကြီး သုံးဦးအထိ ဆက်လက်ရွေးချယ် ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဆုချီးမြှင့်ငွေအဖြစ် အမျိုးသားစာပေ တစ်သက်တာဆုကို ငွေသားကျပ် ၂၅ သိန်း ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါဆုများကို အမျိုးသားစာပေဆုပေးပွဲ အခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့် အချိန်နှင့်နေ့ရက်၊ နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ ယူ-၁၉ အသင်း ကမ္ဘောဒီးယားကို မထင်မှတ်ဘဲ ရှုံးနိမ့်

**ဖနွမ်းပင် အောက်တိုဘာ ၂၆**

၂၀၁၈ အာရှ ယူ-၁၉ ခြေစစ်ပွဲ အုပ်စု (ဆ) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ရှိ အိုလံပစ်ကွင်း၌ကျင်းပရာ မြန်မာအသင်းသည် အိမ်ရှင် ကမ္ဘောဒီးယားအသင်းကို မထင်မှတ်ဘဲ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် ယခုပွဲတွင် အိမ်ရှင် ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်ဘဲ သုံးဂိုးပြန်ပေးရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲ ရှုံးနိမ့်ခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် အခွင့်အရေးနည်းသွားခဲ့ပြီး နောက်ဆုံးပွဲတွင် တရုတ်အသင်းကို အနိုင်ရမှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။ ကမ္ဘောဒီးယားအသင်းသည် တရုတ်အသင်းကို တစ်ဂိုးဖြင့်သာ ရှုံးနိမ့်ခဲ့သလို ယခုပွဲတွင် မြန်မာအသင်းကို အနိုင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းတွင် စိုးမိုးကျော်၊ မြတ်ကောင်းခန့်၊ ဝင်းနိုင်ထွန်း၊ ပြည့်စုံနိုင်စသည့် အမာခံကစားသမား အစုံအလင်ပါဝင်ခဲ့ပြီး ပွဲစကတည်းက ဖိကစားနိုင်ခဲ့သည်။ မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းဘက်သို့ တောက်လျှောက်ဖိအားပေးနိုင်ခဲ့သော်လည်း မိနစ် ၃၀ ကျော်မှ ဂိုးစတင်ရရှိခဲ့သည်။ မြန်မာအသင်းအတွက် ပထမဂိုးကို ၃၂ မိနစ်တွင် ဟိန်းထက်အောင်က သွင်းယူခဲ့ပြီး နှစ်မိနစ်အကြာတွင် လွင်မိုးအောင်က အဝေးကန်ချက်ဖြင့် ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ထိန်းကစားခဲ့ပြီး ကစားအားတင်လာသည့် ကမ္ဘောဒီးယားအသင်းကြောင့် ခံစစ်သက်သက် ဖြစ်သွားခဲ့ပြီး ဖိအားပေးခြင်းခံခဲ့ရသည်။ ၅၉ မိနစ်တွင် ဆင်ကာကာဒါက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းပြီး ကမ္ဘောဒီးယားအသင်းအတွက် ပထမချေပဂိုး ရယူပေးခဲ့သည်။ မြန်မာအသင်းဘက်သို့ ပြစ်ဒဏ်ဘောကန်ချက်ဖြင့် အဓိကခြိမ်းခြောက်ခဲ့သည့် ဆင်ကာကာဒါသည် မိနစ် ၉၀ တွင် ပြစ်ဒဏ်ဘောမှ ဒုတိယချေပဂိုး သွင်းယူပေးခဲ့သည်။ သရေကျသွား၍ ကစားအားတက်လာသည့် ကမ္ဘောဒီးယားအသင်းသည် ပွဲပြီးခါနီးတွင် အနိုင်ဂိုးရခဲ့ပြီး ဆန်ကင်ဟန်က သွင်းယူပေးခဲ့သည်။ အခြားပွဲတွင် တရုတ်အသင်းက ဖိလစ်ပိုင်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် တရုတ်အသင်းက နှစ်ပွဲနိုင်၊ ခြောက်မှတ်၊ ကမ္ဘောဒီးယားနှင့် မြန်မာအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်စီနှင့် ဖိလစ်ပိုင်အသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် အောက်တိုဘာ ၂၈ ရက်တွင် တရုတ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်ထိန်းသိမ်းဆောင်ရွက်ရေးသည် နိုင်ငံများနှင့် လူမျိုး၏ကိုယ်ပိုင်လက္ခဏာများကိုမြှင့်တင်ရန် အထောက်အပံ့ဖြစ်

နေပြည်တော် အောက်တိုဘာ ၂၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ ASEAN+3 နိုင်ငံများရှိ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဒေသများတွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ Bagan Hotel၌ အောက်တိုဘာ ၂၄ ရက်က ကျင်းပခဲ့ရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။** (အောက်ပုံ)





အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ASEAN+3 နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ ဘာသာရပ်ဆိုင်ရာ ပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ ယခုစီမံကိန်းသည် ASEAN+3 နိုင်ငံများအားလုံးနှင့် သက်ဆိုင်ပြီး ယဉ်ကျေးမှုအမွေအနှစ်များ ပေါများကြွယ်ဝခြင်းနှင့် မတူကွဲပြားသော အမွေအနှစ်များအား ပိုင်ဆိုင်ကြသည့်အတွက် ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်ထိန်းသိမ်းဆောင်ရွက်ရေးသည် နိုင်ငံများနှင့် လူမျိုး၏ ကိုယ်ပိုင်လက္ခဏာများကို မြှင့်တင်ရန် အထောက်အပံ့ဖြစ်ပြီး လူသားတို့၏ ဖန်တီးတီထွင်နိုင်စွမ်းနှင့် မတူကွဲပြားချက်များကို မြှင့်တင်ခြင်းတို့ဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို စွမ်းဆောင်နိုင်မည် ဖြစ်ပါကြောင်း။

အာဆီယံလူမှု-ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်း၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းရန်အလို့ငှာ ASEAN +3 နိုင်ငံများနှင့်အတူ ဆက်သွယ်ရေးကွန်ရက်နှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၊ အနုပညာနှင့် အသုံးအဆောင်ပစ္စည်းများအား ထိန်းသိမ်းရေးအတွက် ကျွမ်းကျင်ပညာရှင်များ၏ ဆက်သွယ်ရေးကွန်ရက်များနှင့် ဖလှယ်ခြင်းများကို မြှင့်တင်ရန်၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ၊ အထူးသဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၏ စီမံခန့်ခွဲမှုအပေါ် စိတ်ကူးများ၊ မဟာဗျူဟာများ၊ အတွေ့အကြုံများ၊ ကောင်းမွန်သော အလေ့အကျင့်များနှင့် ယဉ်ကျေးမှုဆိုင်ရာ သတင်းအချက်အလက်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါကြောင်း။

ယခုစီမံကိန်းသည် ASEAN+3 နိုင်ငံများရှိ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများအတွက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ လိုအပ်သော ယဉ်ကျေးမှုဆိုင်ရာ သတင်းအချက်အလက်များ ထောက်ပံ့ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းတို့အတွက် အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါကြောင်းနှင့် ASCC Blueprint တွင် ဖော်ပြထားသည့် အာဆီယံယဉ်ကျေးမှု အမွေအနှစ်များအား ကာကွယ်ထိန်းသိမ်းခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အမွေအနှစ် စီမံခန့်ခွဲရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရာတွင်လည်း ကူညီထောက်ပံ့မှုများပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာ၌ ASEAN+3 နိုင်ငံများသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဒေသများ ပေါကြွယ်ဝသည့် နိုင်ငံများဖြစ်ပြီး အမျိုးသားရေးဆိုင်ရာ အမွေအနှစ် အမျိုးအစားအားလုံး၏ ယဉ်ကျေးမှုဆိုင်ရာ ဂုဏ်သတ္တိများမှာ ထူးခြားထင်ရှားပြီး တန်ဖိုးမဖြတ်နိုင်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံချင်းစီ၏ အမျိုးသားရေးဆိုင်ရာ အမွေအနှစ်များသည် လူသားတို့၏ ယဉ်ကျေးမှုဆိုင်ရာ ပတ်ဝန်းကျင်တစ်ခုလုံး မတူကွဲပြားမှုများနှင့် ပေါများကြွယ်ဝမှုများကို အထောက်အပံ့ပေးနေပါကြောင်း၊ ယခုအခါတွင် ကမ္ဘာတစ်ဝန်းလုံး၌ သဘာဝနှင့် လူသားတို့ကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေး အန္တရာယ်များသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်အဖြစ် ရင်ဆိုင်ကြုံတွေ့နေရသဖြင့် အနာဂတ်မျိုးဆက်သစ်များအတွက် မိမိတို့၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကာကွယ်ရန်၊ ထိန်းသိမ်းရန်နှင့် မြှင့်တင်ရန်အလို့ငှာ အာဆီယံယဉ်ကျေးမှုဆိုင်ရာ အရာရှိများနှင့် ASEAN+3 နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် စနစ်တကျ အရေးယူဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ASEAN+3 နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူးရုံးမှ ညှိနှိုင်းရေးမှူး မစ္စ ရီနာတား နီကိုလာ လော့ဒ်ဒက်ဆဲလ်လီယန်အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေမှုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသူများအား ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံညှိနှိုင်း ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အစီရင်ခံစာပါ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် NV Card ထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှ ပူးပေါင်းကူညီဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# UEHRD ၏ လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီးအား World Bank ၊ UNRC နှင့် ဥရောပကော်မရှင်တို့က သီးခြားစီလာရောက်တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား World Bank မှ Director for Myanmar, Cambodia and Lao PDR, Ms. Ellen Goldstein ကလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနာတား နီကိုလာ လော့ဒ်ဒက်ဆဲလ်လီယန်က လည်းကောင်း၊ ဥရောပကော်မရှင်မှ သံအမတ်ကြီး H.E. Mr. Kristian Schmidt ကလည်းကောင်း ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ သီးခြားစီလာရောက်တွေ့ဆုံသည်။

World Bank အဖွဲ့နှင့်တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အရှိန်မြှင့်ဆောင်ရွက်နေသော လူသားချင်းစာနာကူညီမှုလုပ်ငန်းများ၊ ပြည်သူများ၏ အင်အားကို အဓိကထားပြီး မိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများဖြင့် ဆောင်ရွက်မည့် UEHRD ၏ လုပ်ငန်းများတွင် World Bank အနေဖြင့် ကူညီထောက်ပံ့ပေးနိုင်မည့် နည်းလမ်းများနှင့် အကြံပြုချက်များ၊ လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်အရ ဆောင်ရွက်နေသည့် သက်ကြီးထောက်ပံ့ရေးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့်ငယ်ရွယ်သူတို့မှ မွေးဖွားလာသည့် ကလေးအသက်နှစ်နှစ်အထိ ငွေကြေးထောက်ပံ့ပေးနေသည့် အစီအစဉ်များကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည်။

ဆက်လက်၍ တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနာတား နီကိုလာ လော့ဒ်ဒက်ဆဲလ်လီယန်နှင့် တွေ့ဆုံပြီး UEHRD ၏ အရှိန်ဟုန်မြှင့် ဆောင်ရွက်နေသောလုပ်ငန်းများနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ ဥရောပကော်မရှင်မှ သံအမတ်ကြီး H.E. Mr. Kristian Schmidt နှင့် တွေ့ဆုံပြီး UEHRD စီမံကိန်းများအတွက် အလှူငွေနှင့် ထောက်ပံ့ရေးအစီအစဉ်များ၊ ပဋိပက္ခဒဏ်ခံပြည်သူများအတွက် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ လူသားချင်းစာနာကူညီမှုတိုးမြှင့်ပေးနိုင်ရေးနှင့် ဒုက္ခသည်များပြန်လည်လက်ခံရေး၊ စနစ်တကျ ပြန်လည်နေရာချထားရေးနှင့် နောင်တွင် ပဋိပက္ခများ ထပ်မံမဖြစ်ပွားရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# KBZ Bank Women's League ပြိုင်ပွဲတွင် မြဝတီအသင်း ပွဲမကုန်မီဗိုလ်စွဲ

**ရန်ကုန် အောက်တိုဘာ ၂၆**

KBZ Bank Women's League ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၃) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ကျင်းပရာ မြဝတီအသင်းက သစ္စာအားမာန်အသင်းကို ဂိုးမရှိ သရေကစားပြီး ပွဲမကုန်မီ ဗိုလ်စွဲခဲ့သည်။

မြဝတီအသင်းသည် လက်ကျန်တစ်ပွဲအလိုတွင် ဒုတိယနေရာမှ သစ္စာအားမာန်အသင်းထက် လေးမှတ်အသာရခဲ့သောကြောင့် ပွဲမကုန်မီ ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၁၃) အပြီးတွင် မြဝတီအသင်းက ၂၉ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး သစ္စာအားမာန်အသင်းက ၂၅ မှတ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ၂၃ မှတ်၊ အား/ကာ သိပ္ပံအသင်းက ၁၄ မှတ်၊ ဂန္ဓမာအသင်းက ၁၁ မှတ်၊ ဇွဲကပင်အသင်းက ငါးမှတ်၊ YREO အသင်းက နှစ်မှတ်ရထားကာ ဇွဲကပင်အသင်းသာ ပွဲကုန်ခဲ့ပြီး ကျန်အသင်းများမှာ တစ်ပွဲစီကစားရန် ကျန်ရှိနေသည်။ **ရဲရင့်ရှိုင်း**

# မောင်တောမြို့နယ် သစ်တုံးနားခွဆုံကျေးရွာအုပ်စုတွင် နေအိမ် ၈၆ လုံး ပြန်လည်တည်ဆောက်ရန် ပန္နက်တင်

မောင်တော အောက်တိုဘာ ၂၆

**မောင်တောဒေသတွင် အကြမ်းဖက်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသည့် တိုင်းရင်းသားကျေးရွာများ ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်ပေးလျက်ရှိရာ သစ်တုံးနားခွဆုံ ကျေးရွာအုပ်စုတွင် နေအိမ် ၈၆ လုံး တည်ဆောက်ရန် ပန္နက်တင်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပရာ ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီ၊ ရေဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြသည်။**



အခမ်းအနားတွင် ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသခံမြို့တိုင်းရင်းသားများနှင့် တွေ့ဆုံကာ တိုင်းရင်းသားများအနေဖြင့် အရေးကြီးလျှင် သွေးနီးရန်နှင့် စည်းလုံးညီညွတ်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများကို အကူအညီပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့်လည်း အစိုးရ၏ လုပ်ဆောင်ချက်များကို ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ကျော်ဇံက ပြန်လည်ထူထောင်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ရေး၊ ဒေသဖွံ့ဖြိုးရေး စသည်တို့ကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုဆိုသည့် အဓိပ္ပာယ်ပေါ်လာအောင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ လာရောက်ကူညီကြမည်ဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ပြနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တိုင်းရင်းသား နေအိမ်များ တည်ဆောက်မည့်မြေနေရာတွင် ပန္နက်တိုင်များ အသီးသီးစိုက်ထူပေးကြသည်။

သစ်တုံးနားခွဆုံ ကျေးရွာအုပ်စုတွင် ခရုချောင်း၊ မျောက်ခေါင်းတောင်၊ ပန်းချောင်း၊ အင်းချောင်း(အောက်)မြို တိုင်းရင်းသားကျေးရွာများစုစည်းကာ ပြန်လည်နေရာချထားပေးခြင်းဖြစ်ပြီး အိမ်ရာ ၈၆ လုံးအား တစ်ကွက်လျှင် ပေ(၄၀×၆၀) အကျယ်တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြိမ်ချောင်းကျေးရွာရှိ ရွာမကျောင်းတိုက်ဆရာတော်နှင့် သခင်ယေရှု ခရစ်အသင်းတော်မှ သင်းအုပ်ဆရာတော်တို့အား အလှူငွေများပေးအပ် လှူဒါန်းခဲ့သည်။

**နိုင်လင်းကြည်**
**သန့်ဇင်ဝင်း**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေးနှင့် National ID စနစ်အတွက် Biometric နည်းဖြင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များအနက် ဦးစားပေး လုပ်ငန်းတစ်ခုဖြစ်သည့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေးလုပ်ငန်းများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဆောင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းလုပ်ငန်းစဉ်ကို ယခင်ကတည်းက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှု နှောင့်နှေးကြန့်ကြာလျက်ရှိပြီး ဩဂုတ် ၂၅ ရက်တွင် ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်း အောက်တိုဘာ ၁၂ ရက်မှစ၍ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု၌ စတင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂၅ ရက်အထိ (National ID) စနစ်အတွက် (Biometric) နည်းဖြင့် စိစစ်မှတ်တမ်းတင်ဆောင်ရွက်၍ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးပြီးသူမှာ အမျိုးသား ၇၀၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၉၉ ဦးရှိပြီး National ID စနစ်အတွက် Biometric နည်းဖြင့် သီးသန့်မှတ်တမ်းတင်ပြီးသူ အမျိုးသား ၁၄ ဦး၊ အမျိုးသမီးရှစ်ဦး စုစုပေါင်း ၂၂ ဦး ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဒေသခံရွာသူရွာသားများအား NV Card ထုတ်ပေးခြင်းနှင့် National ID စနစ်အတွက် Biometric နည်းဖြင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံသားအဖြစ် အသိအမှတ်ပြုသင့်သူများကို အသိအမှတ်ပြု၍ နိုင်ငံသားအခွင့်အရေးရရှိစေရေးအတွက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် (National Verification Process)အား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပျံသန်းသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း လေယာဉ် ပြန်ဆင်းသက်ခဲ့ရ

**စစ်တွေ အောက်တိုဘာ ၂၆**

မြန်မာအမျိုးသားလေကြောင်းလိုင်း(ခရီးစဉ်အမှတ် UB 206) သည် အောက်တိုဘာ ၂၆ ရက် ည ၇ နာရီ ၁၅ မိနစ်က စစ်တွေမြို့မှ ရန်ကုန်သို့ပြန်လည်ထွက်ခွာ ပျံသန်းနေစဉ်အတွင်း လေယာဉ်မောင်း အခန်းအတွင်းသို့လေတိုးဝင်လာ၍ စစ်တွေလေဆိပ်သို့ ည ၇ နာရီ ၅၅ မိနစ်တွင် ပြန်လည်ဆင်းသက်ခဲ့ရပြီး**(အောက်ပုံ)**လေယာဉ်ပြန်လည်ဆင်းသက်ချိန်တွင် လေယာဉ်နှင့် ခရီးသည်များတစ်စုံတစ်ရာထိခိုက်မှုမရှိခဲ့ ကြောင်း လေဆိပ်တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

လေယာဉ်မှာ စစ်တွေလေဆိပ်မှထွက်ခွာပြီး လေထဲတွင် မိနစ် ၂၀ ခန့် ပျံသန်းကာ ထိုသို့လေယာဉ်မောင်းအခန်း လေတိုးဝင်ခြင်းကြောင့် ပြန်လည်ဆင်းသက်ခဲ့ခြင်းဖြစ်သည်။ စစ်တွေလေဆိပ်တွင် လိုအပ်သောပြန်လည်ပြုပြင်မှုများ ပြုလုပ်ကာ ည ၉ နာရီ ၁၇ မိနစ်တွင် ရန်ကုန်သို့ ပြန်လည်ထွက်ခွာသွားကြောင်း လေဆိပ်လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါလေယာဉ်တွင် ပြည်တွင်းပြည်ပခရီးသည်နှင့် လေယာဉ်မောင်းအပါအဝင် စုစုပေါင်း ၉၇ ဦး စီးနင်းလိုက်ပါခဲ့ပြီး လေယာဉ်ခေတ္တရပ်နားစဉ် ခရီးသည် ၃၄ ဦးမှာ မိမိဆန္ဒအလျောက် ရန်ကုန်သို့လိုက်ပါခြင်းမရှိဘဲ စစ်တွေလေဆိပ်တွင် ကျန်ရစ်ခဲ့သည်။ အဆိုပါလေယာဉ်သည် စစ်တွေလေဆိပ်မှ ပြန်လည်ထွက်ခွာလာရာ ရန်ကုန် လေဆိပ်သို့ ည ၁၀ နာရီ ၁၀ မိနစ်တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပိုင်ရှင်မဲ့ ကျွဲ၊ နွားများကိုထိန်းကျောင်းပြီး ကုသမှုပြုလုပ်ပေး

နေပြည်တော် အောက်တိုဘာ ၂၆

**ရခိုင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြောက်ဦးခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် မောင်တောမြို့နယ် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ကျေးရွာများသို့ သွားရောက်၍ ကျွဲ၊ နွား ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**

မောင်တောမြို့နယ်ရှိ မြို့နယ် တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့မှ ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ကျေးရွာရှိ နွားခုနစ်ကောင်၊ ဆိတ် ၁၁ ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ကျေးရွာရှိ နွားလေးကောင်၊ ဆိတ်ငါးကောင်နှင့် ငါးခူရပတ်ဝန်းကျင်ကျေးရွာရှိ နွားကိုးကောင်၊ ဆိတ် ၁၄ ကောင် စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့ရှိ နွားအကောင် ၂၀ နှင့် ဆိတ် အကောင် ၃၀ တို့အား ဆေးကုသ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုနှင့် ပတ်ဝန်းကျင်ရှိကျေးရွာများတွင် စုစုပေါင်း နွား ၁၇၂ ကောင်နှင့် ဆိတ် ၄၇၆ ကောင်တို့အား ဆေးကုသပေးခဲ့ပြီး ဒေသခံရွာသားများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်များအား ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်**

# နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ အချက်ပေါင်း ၂၁ ချက် တင်ပြဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၆**

နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း ဒုတိယနေ့ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးတွင် ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ တင်ပြသည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း အချက် ၂၁ ချက်ကို ဆွေးနွေးနိုင်ခဲ့ပြီး ညနေ ၆ နာရီတွင် အစည်းအဝေးကို ရုပ်ဆိုင်းခဲ့သည်။ အစည်းအဝေးကို မူလက သုံးရက်တာကျင်းပရန် စီစဉ်ထားသော်လည်း ကျန်ရှိသည့် အချက်များကို ခေါင်းဆောင်အသီးသီးထံ ပြန်လည်တင်ပြရန်အတွက် နှစ်ရက်တာဖြင့် အပြီးသတ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးအပြီးတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဘက်မှ NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်အဖွဲ့ခေါင်းဆောင် ရဲဘော်သံခဲနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က နိဂုံးချုပ်အမှာစကားပြောကြားကြသည်။

ရဲဘော်သံခဲက "ကျွန်တော်တို့ကိုယ်တိုင် မပြီးပြတ်နိုင်တဲ့ ကိစ္စတွေ အစည်းအဝေးခန်းထဲမှာ ရှိပါတယ်။ ကျွန်တော် သတိထားမိတာက ဒီနေ့ အစည်းအဝေးဟာ အနာဂတ်ကို တည်ဆောက်ဖို့ ရည်ရွယ်တာပါ။ အနာဂတ်ဟာ အားလုံးပိုင်ဆိုင်ပါတယ်။ ကျွန်တော်တို့ အနာဂတ်ဟာ အားလုံးနည်းတူ ရှိနေတဲ့ ပါဝင်ပတ်သက်နေသူတွေ အားလုံးရဲ့ အဆုံးအဖြတ်ကပဲ တစ်စုံတစ်ရာ သက်ရောက်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီနေ့ ဆုံးဖြတ်တဲ့အထဲမှာ အခက်အခဲတွေကို ဒီထက် အနေအထားမြင့်တဲ့ ခေါင်းဆောင်တွေ၊ ဆုံးဖြတ်နိုင်ခွင့်ရှိတဲ့ ခေါင်းဆောင်တွေရဲ့ အမြော်အမြင်ရှိမှုပေါ်မှာ အများကြီး မူတည်နေတယ်လို့ အလေးအနက် ပြောကြားလိုပါတယ်။ တစ်ဖက်နဲ့ တစ်ဖက်ကြားမှာ ပြိုင်ပွဲဆိုတာထက် ဘယ်လောက် စိတ်ရှည်သလဲ၊ သည်းညည်းခံနိုင်သလဲ၊ အနာဂတ်မှာအားလုံးအတွက်ဘယ်လို လုပ်ပေးနိုင်မလဲဆိုတာက မူတည်လိမ့်မယ်လို့ အလေးအနက်ထားပြောလိုပါတယ်"ဟု ပြောသည်။

အောက်တိုဘာ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပသည့် နှစ်ရက်တာ အစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တင်ပြသော NCA နှင့်ပတ်သက်သည့် အချက် ၂၁ ချက်အနက် အများစုကို ဆွေးနွေးနိုင်ခဲ့ပြီး အစိုးရနှင့် တိုင်းရင်းသားခေါင်းဆောင်များ၏ NCA အပေါ်ထားရှိသည့် အမြင်နှင့် သဘောထားများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိခွင့်ရခဲ့ကြောင်း ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြောကြားသည်။

ဦးထွန်းထွန်းဦးက "နှစ်ရက်တာကာလ အစည်းအဝေးမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်တွေကနေ အဆိုပြုချက် ၂၁ ချက်ကို အဆိုပြုတယ်။ အဲဒီထဲမှာ တစ်ဝက်လောက်ကို အကျေအလည် ဆွေးနွေးနိုင်တယ်။ ကျန်တဲ့အချက်တွေရဲ့သဘောထားတွေကို သိရှိခွင့်ရတယ်။ ဒီအချက်အလက်တွေပေါ်မှာ တိုင်းရင်းသားခေါင်းဆောင်တွေက မြင်တဲ့ အမြင်တွေ၊ သဘောထားတွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိခွင့်ရပြီး ကျွန်တော်တို့ဘက်က သဘောထားတွေကိုလည်း တိုင်းရင်းသားခေါင်းဆောင်တွေကို ရှင်းပြနိုင်ခဲ့တယ်။ စုစည်းချက်သဘောထားတွေ အပေါ်မှာ နှစ်ဖက်လုံးကလည်း ပြန်ပြီးတော့ ဆင်ခြင်သုံးသပ်ပြီး အထက်အဖွဲ့အစည်းတွေနဲ့ နောင်ဆက်လုပ်မယ့် ပူးတွဲကော်မတီတွေ၊ အစည်းအဝေးတွေမှာ တင်ပြသွားနိုင်ဖို့ ဖြစ်ပါတယ်။ နှစ်ရက်အတွင်းမှာဆွေးနွေးခဲ့ရတဲ့အပေါ် နှစ်ဖက်လုံးက များစွာကျေနပ်ကြပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။

"ကျွန်တော်တို့ ရှေ့ဆက်ပြီးတော့လည်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအစည်းအဝေး၊ UPDJC အစည်းအဝေး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) အစည်းအဝေးတွေ လုပ်ဆောင်ဖို့ သဘောတူညီထားပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အားရစရာနဲ့ တိုးတက်မှုရှိဖို့ ဝိုင်းဝန်းဆောင်ရွက်နေတယ်ဆိုတာ ယုံကြည်ပါတယ်။ ကျွန်တော်တို့ရဲ့ ဆွေးနွေးမှုဟာ ရလဒ်တွေ ထွက်ခဲ့တယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

NCA အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးက ရရှိလာသည့် ရလဒ်များအား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)တွင် ပြန်လည်၍ ဆွေးနွေးဆုံးဖြတ်ရန်အတွက် နေပြည်တော်တွင် ပြုလုပ်သည့် UPDJC အစည်းအဝေးကျင်းပသည့် အခါတွင် ရက်သတ်မှတ်ရန် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များထံ ပြောကြားထားကြောင်း ငြိမ်းချမ်းရေးကော်မရှင်ကိုယ်စားလှယ် ဦးဇော်ဌေးက ပြောကြားသည်။

ဦးဇော်ဌေးက " အဓိကအားဖြင့် NCA မှာပါတဲ့ သဘောတူညီချက်တွေကို အကောင်အထည်ဖော်တဲ့ နေရာမှာ တစ်ဖက်နဲ့တစ်ဖက် ဘာတွေ အားနည်းချက်ရှိသလဲ။ တစ်ဖက်မှာ နိုင်ငံရေးဆွေးနွေးပွဲရှိတယ်။ တစ်ဖက်မှာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးရှိတယ်။ ဒီအပိုင်းတွေမှာ အပြုသဘောနဲ့ ဆက်လက်ပြီး ဘယ်လိုဆောင်ရွက်မလဲ ဆိုတာကို အမြင်ချင်းဖလှယ်တယ်။ သဘောထားတွေ စုစည်းတယ်။ အားလုံးပေါင်း ၂၁ ချက် ဆွေးနွေးတဲ့နေရာမှာ နှစ်ဖက်သဘောတူတဲ့ အချက်တော်တော်များများလည်း ရှိတယ်။ လာမယ့် UPDJC အစည်းအဝေးတွေ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC ) အစည်းအဝေးတွေမှာ ပြန်ပြီး အကောင်အထည်ဖော်ဖို့ ရှိတယ်။ နှစ်ဖက်အကြီးအကဲတွေကို တင်ပြမယ်။ အဲ့ဒါပြီးရင် UPDJC မှာရော JMC မှာပါ လိုက်နာသွားဖို့ ဖြစ်ပါတယ်" ဟု ပြောသည်။

NCA စာချုပ်ပါ နိုင်ငံရေးဆွေးနွေးမှု မူဘောင် (Framework)၊ လုပ်ထုံးလုပ်နည်း ToR နှင့် တည်ဆောက်မှု (Structure) အပိုင်းများနှင့် ပတ်သက်၍ နေပြည်တော်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) တွင် ပြန်ဆွေးနွေးမည်ဖြစ်ကြောင်း ဦးဇော်ဌေးထံမှ သိရသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**



## ပွင့်ဖြူမြို့နယ်တွင် အဂတိလိုက်စားခဲ့သော ဥပဒေအရာရှိအား ထောင်ဒဏ် ၁၀ နှစ်ချမှတ်

**ပွင့်ဖြူ အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ၂၀၁၆ ခုနှစ်က လိမ်လည်လက်ထပ်ယူခဲ့ခြင်းအတွက် အမှုဖွင့်တိုင်ကြားခဲ့ရာတွင် အဂတိလိုက်စားခဲ့သော ဥပဒေအရာရှိ ဦးလှဦးအား မကွေးတိုင်းဒေသကြီး တရားလွှတ်တော်မှ အောက်တိုဘာ ၂၅ ရက်တွင် ထောင်ဒဏ် ၁၀ နှစ်တိတိကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းက ပွင့်ဖြူမြို့နယ် သရက်တောကျေးရွာနေ မူလတန်းပြဆရာမ ဒေါ်ခင်နှင်းယုက ၎င်းအား ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာနေ တိုးနိုင် (ခ) မောင်မောင်လွင်ဆိုသူက ဝန်ထမ်းအယောင်ဆောင်ပြီး လိမ်လည်လက်ထပ်ယူခဲ့ခြင်းအတွက် အမှုဖွင့်တိုင်တန်းခဲ့ရာ ပွင့်ဖြူမြို့နယ် ဥပဒေရုံး ဥပဒေအရာရှိ ဦးလှဦးက ၎င်းအား သိန်းဂဏန်းပေးမှ အလုပ်လုပ်ပေးနိုင်မည်ဟု ပြောသဖြင့် ဒေါ်ခင်နှင်းယုက အမှုကိစ္စနှင့်ပတ်သက်၍ ငွေကျပ်တစ်သိန်းကို နှစ်ကြိမ်ခွဲပေးခြင်းအား ဦးလှဦးက လက်ခံရယူခဲ့သည်မှာ မှန်ကန်ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ ဦးလှဦး (၄၄နှစ်) အား အရေးယူပေးရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဝင်းက ၂၀၁၇ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် တရားလိုပြုတိုင်ကြားခဲ့၍ ပွင့်ဖြူမြို့နယ် မြို့မရဲစခန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားပြီး မကွေးတိုင်းဒေသကြီးတရားလွှတ်တော်မှ လက်ခံစစ်ဆေးဆောင်ရွက်နေသော အမှုဖြစ်သည်။ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး(၁) ဦးမြင့်သိန်းက အောက်တိုဘာ ၂၅ ရက် နံနက် ၁၁ နာရီတွင် ဥပဒေအရာရှိ ဦးလှဦးအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ ထောင်ဒဏ် ၁၀ နှစ်တိတိ ကျခံစေရန်အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**

## ရန်ကုန်-မန္တလေးလမ်းဟောင်း မြေကျင်းတူးရာမှ စစ်ကျန်ဗုံးသီးဟောင်းများတွေ့ရှိ

**ရေတာရှည် အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရကျေးရွာအုပ်စု ဆင်စုကျေးရွာအနီး ရန်ကုန် -မန္တလေးကားလမ်းဟောင်း မိုင်တိုင် (၂၀၄/၄ နှင့် ၅ )အကြားတွင် Oriental Highway ကုမ္ပဏီမှ ကားလမ်းဝဲ/ယာ ရေနုတ်မြောင်းများကို ဘက်ဟိုးဖြင့် တူးဖော်ရာ အရှည် ၁၄ လက်မ၊ လုံးပတ်တစ်ပေ၊ အချင်း သုံးလက်မခန့်ရှိ စစ်ကျန် ဗုံးသီးဟောင်းနှစ်လုံး၊ အရှည် ကိုးလက်မ၊ လုံးပတ်တစ်ပေ၊ အချင်း သုံးလက်မရှိ စစ်ကျန် ဗုံးသီးဟောင်း တစ်လုံး၊ အရှည် ခုနစ်လက်မ၊ လုံးပတ် ကိုးလက်မ၊ အချင်း ၂ ဒသမ ၅ လက်မရှိ အမြောက်ဆန်ထိပ်ဖူး တစ်ခု၊ လုံးပတ် ၇ ဒသမ ၅၊ အချင်း နှစ်လက်မရှိ ဗုံးသီးစနက်အုံ နှစ်ခု၊ ပွိုင့် ၃၀၃ ရိုင်ဖယ်ကျည်တစ်တောင့်တို့ကို တွေ့ရှိ၍ သာဂရနယ်မြေရဲစခန်းက လာရောက်စစ်ဆေးခဲ့ပြီး သက်ဆိုင်ရာ နယ်မြေခံ



တပ်သို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## အင်းတော်ကြီးဒေသ ပန်းလားကျေးရွာနှင့် တစ်မိုင်ခန့်အကွာ ချောင်းရိုးချောင်းတွင် ကျွဲ၊ နွား ၃၂ ကောင် ထောင့်သန်းရောဂါဖြင့် သေဆုံးမှုဖြစ်

**မိုးညှင်း အောက်တိုဘာ ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ပန်းလားကျေးရွာအုပ်စု ပန်းလားကျေးရွာတောင်ဘက် တစ်မိုင်ခန့်အကွာ အင်းတော်ကြီး ချောင်းဝကျေးရွာသို့စီးဝင်သည့် ချောင်းရိုးချောင်းတွင် ကျွဲ၊ နွားများ ထောင့်သန်းရောဂါဖြင့် သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ချောင်းရိုးချောင်းအတွင်း ကျွဲနွားများ သေဆုံးမှုမှာ နို့စို့အရွယ် ကျွဲထီး ငါးကောင်၊ ကျွဲမ ခုနစ်ကောင်၊ ခိုင်းကျွဲထီး ၁၂ ကောင်၊ ခိုင်းကျွဲမ ရှစ်ကောင် စုစုပေါင်း ၃၂ကောင် သေဆုံးခဲ့ကြောင်း၊ အဆိုပါ ကျွဲ၊ နွားများ သေဆုံးမှုနှင့် ပတ်သက်၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ထောင့်သန်းရောဂါလက္ခဏာကြောင့် ဖြစ်သည်ဟု ယူဆရကြောင်းနှင့် သေဆုံးသော ကျွဲ၊ နွားများမှာထိန်းကျောင်း မွေးမြူခြင်း မရှိဘဲ လွှတ်ကျောင်းသော ကျွဲ၊ နွားများဖြစ်၍ ကာကွယ်ဆေးများ ထိုးနှံထားခြင်း မရှိသဖြင့် ယခုကဲ့သို့ သေဆုံးရခြင်းဖြစ်သည်။ ဆက်လက်၍ ကျွဲ၊ နွားများရောဂါကာကွယ်ဆေးများကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး၊ အင်းတော်ကြီးဒေသ လုံးတုံတာဝန်ခံ ဒေါက်တာ မျိုးဝင်းလတ်က ကွင်းဆင်း၍ ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နီတိုး**

# တာချီလိတ်၌ ရှားပါးမျိုးစိတ် လိပ်ကြက်တူရွေး ၃၄၂ ကောင် ဖမ်းဆီးရမိ



**တာချီလိတ် အောက်တိုဘာ ၂၆**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ရတနာလမ်းသွယ် ၅ လမ်း၌ တရားမဝင်မွေးမြူထားသော ရှားပါးမျိုးစိတ် လိပ်ကြက်တူရွေးအရှင် ၃၄၂ ကောင်အား အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လတ်၊ ရဲအုပ် ကိုကိုဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့သည် ဝမ်ကောင်းရပ်ကွက် ဘုရင့်နောင်စျေးအနီး ရတနာလမ်းသွယ် ၅ လမ်းရှိ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်တွင်နေထိုင်၍ တရားမဝင် လိပ်ကြက်တူရွေးများ စုဆောင်းမွေးမြူနေသော ဦးဒွေးအောင်၊ ကိုမင်းမြတ်သူတို့နှစ်ဦးအား တွေ့ရှိရပြီး ပလတ်စတစ်ပုံးဖြင့်ထည့်၍ မွေးမြူထားသော လိပ်ကြက်တူရွေး အရွယ်စုံ ၃၄၂ ကောင်၊ ကာလတန်ဖိုး ငွေကျပ် ၁၀ သိန်းခန့်အား တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

"ကျွန်တော်တို့ ဝင်စစ်တဲ့ နေအိမ်မှာ ကော်ဘူးတွေနဲ့ တစ်ဘူးကို တစ်ကောင်နှုန်းနဲ့ ထည့်ထားတာ တွေ့ရတယ်၊ မိုင်းဆတ်မြို့နယ်ရှိ တောင်ပေါ်သားတွေဆီက ဝယ်ယူစုဆောင်းထားကြတာပါ၊ အစုလိုက်အပြုံလိုက် တစ်ပြိုင်တည်း ဝယ်တာတော့ မဟုတ်ပါဘူး၊ အလီလီဝယ်စုထား ပြီး၊ ဒီလိပ်တွေကို အိမ်ခန်းငှားတာဝန်ယူထားတဲ့ ကိုမြင့်မြတ်သူ ဆိုသူက တစ်လကို ငွေကျပ် ၄၀၀၀၀ နှုန်းနဲ့ အစာကျွေးတယ်လို့ သိရပါတယ်။ ပြီးရင် ပါဝင်ပတ်သက်မှုရှိတဲ့ ဦးဒွေးအောင်နဲ့ ကိုမင်းမြတ်သူတို့ကို အမှုဖွင့်ပါမယ်" ဟု တောအုပ်ကြီး ဦးဇော်လတ်က ပြောသည်။

အဆိုပါ ဖမ်းဆီးရမိ လိပ်ကြက်တူရွေးများနှင့် ပတ်သက်၍ တရားဝင်စာရွက်စာတမ်းများ အထောက်အထားမရှိဘဲ မွေးမြူထားကြောင်း စစ်ဆေးသိရှိရသဖြင့် တရားမဝင် လိပ်ကြက်တူရွေးများအား စုဆောင်းမွေးမြူထားသူ ဦးဒွေးအောင်၊ ကိုမင်းမြတ်သူ ရတနာလမ်းသွယ် ၅ လမ်း ဝမ်ကောင်းရပ်ကွက် တာချီလိတ်မြို့နေသူတို့အား တာချီလိတ်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက်များဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၂၆**
တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃၄ စီး၊ သွင်းကုန် ၅၅၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၄၀၊ သွင်းကုန် ၈၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၁၆ သန်းခန့်၊ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၀၈၁ သန်းခန့် စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈ ဒသမ ၂၄၁ သန်းခန့် အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၅ ရက်တွင် မူဆယ်သို့သွားရောက်မည့် ခရီးသည်တင်ယာဉ် နှစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက် (1 × 30 kg) အိတ် ၄၀၊ (1 × 40 kg) ၁၄ အိတ်၊ (1 × 5 kg) ၁၃၅ အိတ် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လွဲဆွန်းကျေးရွာ၌ ပွဲညှက်ကောက်သွားစဉ် တိုက်မိုင်းပေါက်ကွဲသဖြင့် နှစ်ဦးဒဏ်ရာရ

**မိုးကောင်း အောက်တိုဘာ ၂၆**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ် လွဲလောကျေးရွာအုပ်စု လွဲဆွန်းကျေးရွာတွင် ပွဲညှက်ကောက်သွားစဉ် တိုက်မိုင်းပေါက်ကွဲသဖြင့် နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မိုးကောင်းမြို့နယ် လွဲလောကျေးရွာအုပ်စု လွဲဆွန်းကျေးရွာတွင် အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက လွဲဆွန်းကျေးရွာနေ ဦးအောင်ချိုဦး (၃၁ နှစ်)၊ ဦးစိန်ဖေ (ခ) ဖိုးမဲ (၃၇ နှစ်)၊ ဦးကျော်ရဲထွန်း(ခ)ဖိုးရှမ်း(၂၃နှစ်)တို့ သုံးဦးသည် ရွာအရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာရှိ ဒေသအခေါ် လမိုင်ဂွန်းတောင်သို့ ပွဲညှက်ကောက်ရန်သွားရောက်စဉ် လမ်းရှင်းသည့်အနေဖြင့် ဘေးဝဲယာရှိ ကိုင်းပင်ကို ဓားဖြင့်ခုတ်ဖြတ်စဉ် ညနေ ၄ နာရီခွဲ၌ တိုက်မိုင်းပေါက်ကွဲသဖြင့် ဖိုးရှမ်းနှင့် ဖိုးမဲတွင် ဒဏ်ရာများ ရရှိခဲ့သည်။

"လမ်းရှင်းတဲ့အနေနဲ့ ညာဘက်က ကိုင်းပင်ကို ခုတ်လိုက်တာ ကိုင်းလည်းပြတ် ဘယ်ဘက်က ထကွဲတာပဲ။ ကျွန်တော်က နောက်ဆုံးကလိုက်တော့ ကျွန်တော်တော့ မထိမိဘူး။ ဦးလေးတို့ မျက်နှာလည်းမည်းနေတော့ ဒါနဲ့ မိုင်းကွဲတာပဲဆိုပြီး ဖုန်းနဲ့ ရွာက အုပ်ချုပ်ရေးမှူးကို အကြောင်းကြားလိုက်တာ။ ဒဏ်ရာရတဲ့သူတွေကို ရာအိမ်မှူးနဲ့အဖွဲ့က လာခေါ်ပါတယ်"ဟု မိုင်းပေါက်ကွဲသည့်အနီးတွင် ရှိနေသူ အောင်ချိုဦးက ပြောသည်။

ဒဏ်ရာရလူနာများကို မိုးကောင်းပြည်သူ့ဆေးရုံသို့ လောကတ္ထစရိယနာရေးကူညီမှုယာဉ်ဖြင့် သယ်ဆောင်ခဲ့ရာ ည ၇ နာရီခန့်တွင် ရောက်ရှိခဲ့ပြီး လိုအပ်သော ကုသမှုပေးကာ အဖြူရောင်လူငယ်လူမှုကူညီရေးယာဉ်ဖြင့် မြစ်ကြီးနားသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး**

# စကိုင်းနက်ရုပ်သံလိုင်းများ တရားမဝင် ရောင်းချပေးသူကိုဖမ်း

**မန္တလေး အောက်တိုဘာ ၂၆**
ရွှေဘိုမြို့ ရွှေဘို - ဆိပ်ခွန်လမ်းတွင် တရားမဝင်ရုပ်သံဖမ်းစက်များဖြင့် စလောင်းတပ်ဆင်ရောင်းချသူအား အရေးယူပေးပါရန် ရွှေဘိုမြို့ Sky Net အရောင်းကိုယ်စားလှယ်၏ တိုင်ကြားချက်အရ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကောင်းမြတ်ကျော်နှင့် အဖွဲ့က အောက်တိုဘာလ တတိယပတ်က သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ တရားမဝင် စလောင်းတပ်ဆင်ရောင်းချသူ ဦးလှတင့်နေအိမ်မှ IPM တံဆိပ်ပါစက်ဖြင့် Sky Net အခပေးရုပ်သံလိုင်းများကို ခိုးယူဖွင့်လှစ်နေကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ မန္တလေးမြို့လမ်း ၇၀ နှင့် ၇၁ လမ်းကြား၊ ၃၆လမ်းနှင့် ၃၇ လမ်းကြားနေ ဦးအောင်မြတ် (မြင့်မိုရ်အီလက်ထရွန်နစ်)ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် သက်ဆိုင်ရာနယ်မြေရဲစခန်းနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က ညပိုင်းတွင် အသွင်ယူသွားရောက်ရှာဖွေစစ်ဆေးရာ ၎င်း၏ဆိုင်မှ PSI တံဆိပ်ပါစက်ဖြင့် Sky Net အခပေးရုပ်သံလိုင်းများကို တရားမဝင် ခိုးယူဖွင့်လှစ်ပြသကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ထိုသို့ နိုင်ငံတော်အား အခွန်ပေးဆောင်ခြင်းမပြုဘဲ တရားမဝင် PSI,IPM ဖြင့် Sky Net အခပေးရုပ်သံလိုင်းများကို ခိုးယူ၊ တပ်ဆင်၊ ရောင်းချသူများအား အောက်တိုဘာ ၂၃ ရက်တွင် ရွှေဘိုမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်**

# ကျောင်းထိုင်ဘုန်းကြီး အခန်းအတွင်းမှ အလှူငွေခိုးယူသူ လေးဦးအား ဖမ်းဆီးရမိ

**ပဲခူး အောက်တိုဘာ ၂၆**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး မြို့နယ် ဖဒိုနယ်မြေရဲစခန်းအပိုင် ဘိုပိုက်ဆံ(၂) ရပ်ကွက် မင်းကျောင်း ကျောင်းတိုက်တွင် အောက်တိုဘာ ၁၉ ရက်က ကျောင်းထိုင်ဆရာတော်သတင်းသုံးသည့် အခန်းအတွင်း ထည့်ထားသည့် အလှူခံရရှိသော ငွေကျပ်သိန်း ၅၀ ကျော် ပျောက်ဆုံးသွားသဖြင့် စခန်းသို့ တိုင်ကြားခဲ့ရာ စခန်းက အမှုဖွင့်စုံစမ်းခဲ့သည်။

ထိုသို့ စုံစမ်းဖော်ထုတ်စစ်ဆေးရာတွင် ဘုန်းကြီးကျောင်းသို့ ဝင်ထွက်သွားလာသူများထဲမှ မသင်္ကာသူ ဘုန်းကြီးကျောင်းတွင် ဝေယျာဝစ္စ ပြုလုပ်သူများထဲမှ နိုင်ထက်လင်း ဘိုပိုက်ဆံ (၂) ရပ်ကွက် ဖဒိုမြို့နေသူသည် ဖုန်းအရောင်းဆိုင်တစ်ခုတွင် ဖုန်းတစ်လုံးအား ငွေကျပ်နှစ်သိန်းဖြင့် ဝယ်ယူသွားကြောင်း သိရှိရသဖြင့် စစ်ဆေးမေးမြန်းရာ နိုင်ထက်လင်းမှာ အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီက ကျောင်းထိုင်ဘုန်းကြီး အိပ်ခန်းအတွင်းသို့ အနောက်တံခါးမှခိုးဝင်ပြီး ရဲထွေးအား အပြင်ကစောင့်ခိုင်းကာ အခန်းအတွင်းရှိ ငွေစက္ကူထည့်ထားသည့် အထုပ်အား ယူဆောင်လာခဲ့ပြီး တစ်ယောက်တစ်ဝက် ခွဲယူခဲ့ကြောင်း သိရှိရသည်။

နိုင်ထက်လင်းအား ထပ်မံစစ်ဆေးရာ ၎င်းတို့ကဲ့သို့ ဝေယျာဝစ္စပြုလုပ်သူ အငဲ (ခ)ကျော်သက်ပိုင်နှင့် ဂျက်ကီချန်း (ခ) ဝမ်းချိုင်းတို့မှာ ကျောင်းထိုင်ဆရာတော် အခန်းအတွင်းမှ ငွေစက္ကူများ ယူဆောင်ကာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ တည်းခိုခန်းတစ်ခုတွင် ရောက်ရှိနေကြောင်းသိရသဖြင့် သွားရောက် ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့လေးဦးထံမှ စုစုပေါင်းငွေကျပ် ၅၅၅၃၅၅၀ နှင့် ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

## ယာဉ်နောက်ဆုတ်စဉ် လမ်းဘေး၌ ဖုန်းပြောနေသူအား တိုက်မိ၍သေဆုံး

**နေပြည်တော် အောက်တိုဘာ ၂၆** - ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ရတနာလမ်းသွယ် ၁ လမ်းတွင် အောက်တိုဘာ ၂၅ ရက် ည ၇ နာရီ ၁၅ မိနစ်က ယာဉ်နောက်ဆုတ်စဉ် လမ်းဘေး၌ ဖုန်းပြောနေသူအား တိုက်မိ၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ သာကေတမြို့နယ် ထူပါရုံရပ်ကွက်နေ ဇော်လင်းအောင်သည် ၎င်း၏ 3L/---- HYUNDAI COUNTY ယာဉ်အား ရပ်တန့်ထားသည့်နေရာမှ နောက်သို့ဆုတ်ပြီး ထွက်ခွာစဉ် လမ်းဘေး၌ထိုင်ပြီး ဖုန်းပြောနေသော မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာနေ ကျော်ကျော်(ခ) ကျော်စိုးထွန်းအား ဝင်ရောက်တိုက်မိခဲ့ပြီး ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးရုံသို့တင်ပို့ကုသစဉ် သေဆုံးသွားသောကြောင့် ယာဉ်မောင်း ဇော်လင်းအောင်အား ဒဂုံမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

• သွားနှင့်ခံတွင်းကျန်းမာရေး
• အမျိုးသမီးများအဖြူဆင်းရောဂါ
• အစာအိမ်နှင့် အူလမ်းကြောင်းကျန်းမာရေး
• ဓာတ်မတည့်ခြင်း၊ ပန်းနာရင်ကြပ်ရောဂါနှင့် နှင်းခူရောဂါ
• အော်တိုအင်မြူးရောဂါများဖြစ်သော သွေးလေးဖက်နာရောဂါ၊ SLE ရောဂါနှင့် ဆီးရီရေးစစ်ရောဂါ စသည်တို့ကို ကာကွယ်၊ ကုသရာတွင် အသုံးပြုနိုင်သည့် အကျိုးပြုအဏုဇီဝပိုး "Probiotics" အကြောင်းကို သိပ္ပံနည်းကျကျ ပြည့်စုံစွာ လေ့လာဖတ်ရှုရမည့်....

ဘဝလက်တွဲဖော်အစစ် ပရိုဘိုင်အိုတစ်
ဒေါက်တာခင်မောင်လွင် (FAME)



Ph: 09-965 559 860, 01-3682 199, 3685 083, 3685 609

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**
ယာဉ်အမှတ် 9F-7591 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**
ယာဉ်အမှတ် 4G-6812 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ပျောက်ဆုံးကြောင်း**
ဦးစံသိန်း (၁၄/ပသန(နိုင်)၀၇၇၇၅၈) ၏ ပထမတန်းရေယာဉ်အုပ်လက်မှတ် (ဆပ-၁၅/၉၉) မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၃၂၂၉၉၂၀၁၆

**မွေးသက္ကရာဇ်အမှန်**
ဦးသောင်းရင်၏သား မရမ်းကုန်းမြို့နယ်၊ အထက(၂)၊ န၀မတန်း(ဃ)မှ မောင်ပြည့်ဖြိုးသောင်း၏ မွေးသက္ကရာဇ်အမှန်မှာ မွေးစာရင်းအရ ၉-၁၀-၂၀၀၃ ဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ပါကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၅၃၈၊ အကျယ်အဝန်းပေ (၅၀×၆၀)ရှိ ဦးမျိုးသန့် အမည်ပေါက်နှစ် ၆၀ မြေငှားဂရန်မြေနှင့် ယင်းမြေကွက်၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့်အောင်(LL.B)** စဉ်-၂၅၁၆၅
**ဦးအေးမင်းသူ(LL.B)** စဉ်-၂၆၁၉၉
**အထက်တန်းရှေ့နေများ**
**အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**

**ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၈ည/၁၀၈၅ SAN MPV(SMPVOI),၊ M/B(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးညဏ်မျိုးဆွေ ၁၂/တမန(နိုင်)၀၉၃၄၄၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

# ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**ရန်ကုန် အောက်တိုဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူး ကျင်းပသည့် ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသော စာမူများ နှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေး အဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ချစ်နွေမိုး၏ "ပွဲတင်သံကောက်ကြောင်း" က လည်းကောင်း၊ ဒုတိယဆုကို ယွန်းမြတ်မွန်းသျှန်၏ "ငှက်ကလေးတွေ မိုးတိမ်ကြား ပျံနိုင်ကြစေသား" က လည်းကောင်း၊ တတိယဆုကို ယိမ်းနွဲ့လှျံ၏ "နှလုံးသားတို့ လန်းဆန်းရာမြေ" က လည်းကောင်း ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို သောင်းမြင့်ဦး(ကွမ်းခြံကုန်း)၏ " သကာ တွေ့တဲ့နေ့နှင့် အခြားဝတ္ထုတိုများ"ကလည်းကောင်း၊ ဒုတိယဆုကို ကျော်လွင်(စက်မှု) ၏ " သံဝေဂနှင့် သံယောဇဉ် အပါအဝင် အခြားဝတ္ထုတိုများစုစည်းမှု"က လည်း ကောင်း တတိယဆုကို မောင်နေခြည်(ပြည်)၏ "ထပ်တူကျသော နှလုံးသားများ နှင့် အခြားဝတ္ထု"ကလည်းကောင်း ရရှိကြသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို လင်းခန့်၏ "မေတ္တာပန်းချီ လင်းတေးသီ ကဗျာများ"က လည်းကောင်း၊ ဒုတိယဆုကို ဆန်လုံးညို၏ "သုံးရာသီသခင်နှင့် မြန်မာ့လယ်ယာ ကဗျာများ" ကလည်းကောင်း၊ တတိယဆုကို မောင်အောင်စု၏ "ကျွန်ုပ်သခင် ထိုအရှင်သည်နှင့် ဘဝအလှကဗျာများ"က လည်းကောင်း ရရှိကြသည်။

သုတပဒေသာ(ဝိဇ္ဇာပညာရပ်) ဆုတွင် ဒုတိယဆုကို ဇွဲသန်းသျှင်း(သုံးဆယ်)၏ "ပီမိုးနင်းစာများကပြောသည့် ပီမိုးနင်း "က လည်းကောင်း၊ တတိယဆုကို ခင်(တောင်ကြီး)၏ "တောင်ကြီးမြို့၏ ရှေးအစဉ်အလာ ရိုးရာမီးပုံးပျံပွဲတော်" က လည်းကောင်း ရရှိကြသည်။

သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်) ဆုတွင် တတိယဆုကို ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၏ "မြို့ကြီးများနှင့် ကျန်းမာရေးပြဿနာ များ"က ရရှိသည်။

စာပဒေသာ(ဆောင်းပါး) ဆုတွင် ပထမဆုကို ကျော်သောင်း(ဘုတလင်) ၏ "ချင်းတွင်းဒေသဖောင်သမားဘဝနှင့် အတွေ့အကြုံ စာမျိုးစုံများ"က လည်းကောင်း၊ ဒုတိယဆုကို မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၏ "မြစ်ဝမဲဇာ မြစ်ညာခိုတောင်" က လည်းကောင်း၊ တတိယဆုကို ဇော်လွင်ဦး (ဟသ်ာတ)၏ "တစ်ချိန်တစ်ခါဆီက စံပြကြက်ခြေနီ"က လည်းကောင်း ရရှိကြသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုတွင် ပထမဆုကို ဇော်လွင်ဦး (ဟသ်ာတ)၏ "ယင်းနက်"က လည်းကောင်း၊ ဒုတိယဆုကို မအိအိမွန်(ယဉ်ကျေးမှု)၏ " ပြတိုက်ပြခန်းများက ပြောသော တိုင်းရင်းသားယဉ်ကျေးမှု" က လည်းကောင်း၊ တတိယဆုကို စေတနာလှိုင်(ရေစကြို)၏ "မြန်မာမှုကျောက်ဆစ်အနုပညာ" ကလည်းကောင်း ရရှိကြသည်။

ကလေးစာပေဆုတွင် ဒုတိယဆုကို ဇာနည်၏ "မေမေ့ရင်ခွင် ကလေးကဗျာ များ"က လည်းကောင်း၊ တတိယဆုကို သိန်းသူ၏ "မြန်မာ့စိတ်ရင်းနှင့် ကလေး ကဗျာများ"က လည်းကောင်း ရရှိကြသည်။

လူငယ်စာပေဆုတွင် ဒုတိယဆုကို ချစ်မုန်းငြိမ်း၏ "အပျံသင်စနှင့် လူငယ် ဝတ္ထုတိုများ"က လည်းကောင်း၊ တတိယဆုကို နေမထူး၏ "အနက်ရောင်လွင်ပြင်" က လည်းကောင်း ရရှိသည်။

ပြဇာတ်စာပေဆုတွင် ပထမဆုကို ဇင်မင်း(သမိန်ထော)၏ "အလွမ်းနွေရိပ် ပန်းလေ့ဆိပ်"က လည်းကောင်း၊ ဒုတိယဆုကို မောင်မြေနီ(တမာတော)၏ "ကောင်းဖို့ ရှယ်သော ခေတ်ကို အထူးသဖြင့် မျှော်မိတယ်" က လည်းကောင်း၊ တတိယဆုကို မောင်စိုးထိုက်(သုံးဆယ်)၏ "တာဝန်ကိုယ်စီရှိပါသည်နှင့် အခြား ပြဇာတ်များ" က လည်းကောင်း ရရှိကြသည်။

ဘာသာပြန်ဆုတွင် ပထမဆုကို ဇာနည်(ဘူမိဗေဒ)၏ "အကြမ်းဖက်ဝါဒ၊ လုံခြုံရေးနှင့် လူ့အခွင့်အရေး(တရားဥပဒေစိုးမိုးမှုဖြင့် အကြမ်းဖက်ဝါဒ တိုက်ဖျက် ရေး)"က လည်းကောင်း ရရှိသည်။

ဆုချီးမြှင့်ငွေများနှင့် ပတ်သက်၍ စာပေဗိမာန်စာမူဆုကို ပထမဆု ခုနစ်သိန်း၊ ဒုတိယဆု ငါးသိန်း၊ တတိယဆု သုံးသိန်း ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံ ရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၈ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၆ ခုနှစ်အတွက် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၉၂ ခုကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် ခွဲခြားပြီး ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း စာပေ ဗိမာန်ရှိ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ တယ်လီဖုန်းအမှတ် ၀၁- ၃၇၆၅၆၉၊ ၀၁-၃၇၄၅၃၂၊ ၀၁-၃၈၀၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅×၇) လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါ ဆုများကို အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း ကျင်းပမည့်အချိန်နှင့် နေ့ရက်၊ နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အာဆီယံ ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲ မြန်မာအသင်း ဘရူနိုင်းကို ဂိုးပြတ်နိုင်

**ရန်ကုန် အောက်တိုဘာ ၂၆-** ၂၀၁၇ အာဆီယံ ဖူဆယ်ပြိုင်ပွဲ အုပ်စုပထမနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ဘရူနိုင်းအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားခဲ့ရပြီး ၁၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဘရူနိုင်းအသင်းကို ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ဂိုးပြတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ခုနစ်ဂိုး၊ ဒုတိယပိုင်းတွင် ခြောက်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ပြည့်ဖြိုးမောင်-၃ က သုံးဂိုး၊ စိုင်းပြုံးအောင်၊ အောင်အောင်နှင့် နိုင်ရဲကျော်တို့က နှစ်ဂိုးစီ၊ ငြိမ်းမင်းစိုး၊ လှိုင်မင်းထွန်း၊ အောင်ဇင်ဦးနှင့် ကျော်ကျော်ထွန်းတို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် အောက်တိုဘာ ၂၈ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ရဲမင်း ၁၀/လမန(နိုင်)၀၁၆၀၁၆၏ Passport (No-မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁၀-၂၀၁၇ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၈)တွင် ဒေါ်စောမြ၏ ဝစီယတ်နာမာ (ခ) သေတမ်းစာနှင့် စပ်လျဉ်း၍အများသိစေရန် ကြေညာချက်ကြော်ငြာတွင် တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၅၆)ဦးဌေးဝင်းအစား ဦးဝင်းဌေးဟု ပြင်ဆင်ဖတ်ရှုပါရန်။

### နိုင်ငံနှင့်လူမျိုးအတွက် တစ်တပ်တစ်အားပါဝင်ကူညီအားပေးမှုအပေါ် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း

မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးလုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုရရှိ ခိုင်မြဲစေရန် ရည်ရွယ်လျက် ARSA ဘင်္ဂါလီ အစွန်းရောက် အကြမ်းဖက်သမားများ ၏ လူမဆန်စွာ ရက်စက်ယုတ်မာ သတ်ဖြတ်မှုများကြောင့် အတိဒုက္ခရောက်ပြီး နေရပ်စွန့်ခွာထွက်ပြေးနေရသော ဒေသခံဌာနေ တိုင်းရင်းသားများအတွက် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်မှ ရပ်မိရပ်ဖများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများမှ စုပေါင်း၍ ငွေကျပ် ၃၀၀၀၀၀၀/ (ကျပ်သိန်းသုံးဆယ်တိတိ)အား ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်တိုင်းရင်းသား လူမျိုး ရေးရာဝန်ကြီးဌာနမှ ဦးစီးဖွဲ့စည်းဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ် ဘေးဒုက္ခကယ်ဆယ်ရေးကော်မတီ(ရန်ကုန်)သို့ ၂၆-၁၀-၂၀၁၇ရက်တွင် သွားရောက် လှူဒါန်းခဲ့ကြောင်း သိရှိရသည့်အတွက် ဝမ်းသာပီတိဖြစ်ရပါကြောင်းနှင့် အရေးကြီးလျှင် သွေးနီးပြီး ရခိုင်တိုင်းရင်းသားများအပေါ် ကိုယ်ချင်းစာစိတ်ဖြင့် နားလည်မှုအပြည့်အဝပေးလျက် နေရာဒေသအသီးသီးမှ အားပေးကူညီကြပါသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအသီးသီးအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

**အဝေးရောက်ရခိုင်တိုင်းရင်းသားများ**

### မြောက်ဥက္ကလာပ ဓမ္မမေဒိနီဘုန်းတော်ကြီးသင်ပညာရေး ကျောင်းနှင့် ရွှေမင်းဝံတောရ ကမ္မဋ္ဌာန်းကျောင်းတိုက် စုပေါင်းမဟာဘုံကထိန်ကျင်းပမည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက် နှင့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်မှ ပုရိမဝါကပ်တော်မူကြကုန်သော သံဃာတော် အပါး(၁၂၀)၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ရွှေမင်းဝံတောရ ကမ္မဋ္ဌာန်းကျောင်းတိုက်မှ သံဃာတော် အပါး(၇၀)၊ ဆရာလေးသီလရှင် အပါး(၈၀)တို့နှင့်တကွ ရွှေမင်းဝံပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်မှ သံဃာတော်တို့အား ကထိန်သင်္ကန်းနှင့်ဒါတဗ္ဗဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းပါမည်။

**ကျင်းပမည့်နေရာနှင့်ရက်များ**

ဓမ္မမေဒိနီဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ၆ ကွေ့မှတ်တိုင်၊ ဇမ္ဗူအေးကျောင်းတိုက် (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက်) ၂၉-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) ရွှေမင်းဝံတောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက် (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့) ၃-၁၁- ၂၀၁၇ ရက် (သောကြာနေ့)

**ကျင်းပမည့်အချိန်**

နံနက် ၉ နာရီမှ ၁၁ နာရီအတွင်း ဧည့်ခံကျွေးမွေးခြင်း
မွန်းလွဲ ၁ နာရီတွင် ကထိန်အနုမောဒနာတရားနာကြားခြင်း
ကထိန်ဖြစ်မြောက်ရေးအကျိုးဆောင်၊
ဒါယကာ၊ ဒါယိကာမများအဖွဲ့

ဖုန်း။ ။ ၀၉-၅၀၁၁၂၇၉၊ ၀၁-၉၆၉၉၁၆၃၊ ၀၉-၄၂၀၀၇၉၉၈၈၊ ၀၉-၅၀၄၄၄၀၃၊ ၀၉-၇၈၄၄၅၅၅၁၂

### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ခရိုင်ချင်းဆက် လမ်းအမှတ်(၃) စစ်ကိုင်းမြို့နယ်၊ ဝက်လက်မြို့နယ်နှင့်ရွှေဘိုမြို့နယ်တို့တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ်-၀၉-၄၉၂၂၅၇၂၃သို့ (ရုံးချိန်အတွင်း) ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ၂၇-၁၀-၂၀၁၇ရက် (ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက် | - ၂၇-၁၁-၂၀၁၇ရက် ညနေ ၄း၃၀နာရီအထိ |
| (ဂ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက် | - ၂၈-၁၁-၂၀၁၇ရက် ညနေ ၄း၃၀နာရီအထိ |
| (ဃ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ | - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ |

**တင်ဒါကော်မတီ**
**ဖုန်း-၀၉-၄၉၂၂၅၇၂၃**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၅)ရပ်ကွက်၊ ပပဝတီကွက်သစ်၊ အကွက်အမှတ်(၇၁)၊ ဈေးချောင်းတောင်၊ ဦးပိုင်အမှတ် ၄၃၆၊ ဧရိယာ ၀ ဒသမ ၀၂၇၅ဧကရှိ မြေကို ဒေါ်ခင်ဝင်းရီ အမည်ဖြင့် မြေငှားဂရန် အသစ်ချထားပေးပါရန် လျှောက်ထားလာသည့်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဂဲဂလိတ်ရေထိန်းတံခါး(၆'×၈')(၆)ပေါက် တည်ဆောက် ခြင်းလုပ်ငန်းအတွက် ရေတံခါးနှင့်ဆက်စပ်သော တည်ဆောက်ရေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ရွေးချယ်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃၀-၁၀-၂၀၁၇ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၃၀-၁၁-၂၀၁၇ ရက် ၁၄း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၅၆၆၃၇၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် နေပြည်တော်ပညာရေးမှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အတွင်းရှိ ငွေလုံးငွေရင်း (တည်ဆောက်ရေး)ဖြင့် ဆောက်လုပ်မည့် ကျောင်း (၄၆)ကျောင်းအတွက် စာရေးခုံအမြင့်(၁၄၂၂)စုံ၊ စာရေးခုံအနိမ့်(၁၄၇၄)စုံ စုစုပေါင်း(၂၈၉၆)စုံ ပြုလုပ် ဖြန့်ဝေပေးနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။(၂၈-၂-၂၀၁၈)ရက်တွင် သက်ဆိုင်ရာကျောင်းများသို့ အရောက်ဖြန့်ဝေပေးရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ၂။ (က) | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၂၇-၁၀-၂၀၁၇ရက် (သောကြာနေ့) |
| (ခ) | **တင်ဒါပိတ်မည့်ရက်** | - ၂၇-၁၁-၂၀၁၇ရက် (တနင်္လာနေ့) |
| (ဂ) | **တင်ဒါဖွင့်မည့်ရက်** | - ၃၀-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) |

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာများကို မေးမြန်းစုံစမ်းနိုင်ပါသည်။

နေပြည်တော်ပညာရေးမှူးရုံး - ၀၆၇-၅၅၀၃၆၆၊ ၀၉-၄၄၈၅၄၃၅၁၉၊ ၀၉-၅၃၄၃၆၅၂

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်အတွင်းရှိ ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းပျဉ်းမြို့နယ်များနှင့် လမ်းအထူးအဖွဲ့(၃) တို့မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ခွဲကျောက်ရှယ်စုံ၊ ကျောက်မှုန့်၊ သဲရေချောင်းကျောက်၊ ကျောက်ရောမြေ၊ သဲနု၊ သဲကြမ်း၊ ဘိလပ်မြေ၊ သစ်ခွဲသား စသည့်လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများအား (ဒုတိယ အကြိမ်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ပစ္စည်းပေးသွင်းလိုသူများ အိတ်ဖွင့်တင်ဒါစနစ် ဖြင့် ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၂၇-၁၀-၂၀၁၇ရက် |
| ၃။ | **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** | - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့ - လမ်းအထူးအဖွဲ့(၃)၊ ကျိုင်းတုံမြို့ |
| ၄။ | **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** | - ၂၈-၁၁-၂၀၁၇ရက် ၁၆း၀၀နာရီ |
| ၅။ | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - ၂၉-၁၁-၂၀၁၇ရက် နံနက် ၉ နာရီ |
| ၆။ | **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** | - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့ |

၇။ အသေးစိတ်သိရှိလိုပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်၊ ဦးစီးအရာရှိရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံမြို့နယ် (ဖုန်း-၀၈၄-၂၁၀၃၁၊ ၀၉-၄၀၁၆၃၆၁၀၁၊ ၀၉-၄၉၀၃၀၃၁၅၊ ၀၉-၄၂၈၂၂၂၃၉) နှင့် လမ်းအထူး အဖွဲ့(၃)၊ ကျိုင်းတုံမြို့ ဖုန်း-၀၉-၂၅၇၄၄၁၁၀၂၊ ၀၈၄-၂၁၆၂၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ကျိုင်းတုံခရိုင်**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ အကွက်အမှတ်(၃၃)၊ ကိုးသိန်းအကွက်၊ ဦးပိုင်အမှတ် ၄၇၊ ဧရိယာ ၀ ဒသမ ၀၃၄ဧကရှိ မြေကို ဒေါ်ဝင့်ဝင့်မိုး အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာသည့်ကိစ္စနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးသို့ လာရောက် ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်းနှင့် ရာဇသင်္ကြန်လမ်းထောင့်၊ အမှတ်(၇၆၇)တွင် ဆောက်လုပ်ထားသည့်(၆)ထပ်ခွဲ တိုက်အဆောက်အအုံ၏ အကျယ်အဝန်း(၂၀'×၄၂')ရှိ (ဒုတိယထပ် ၃/လွှာ)ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်အေးချို ၁၂/မဂတ(နိုင်)၀၆၅၄၆၇ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မောင်မောင်မင်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၂၁)**
**အမှတ်(၃၄)မြေညီထပ်၊ စမ်းချောင်းလမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၄၆၉၁၅**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၄)ရပ်ကွက်၊ အကွက်အမှတ်(၁၁၅)၊ ကျောက်စရစ်ကုန်းအကွက် အတွင်းရှိ မြေကွက်အမှတ်(E-၂၀၂)၊ ဧရိယာ ၀ ဒသမ ၀၆၉ဧကရှိ မြေကို ဒေါ်ညိုညိုသန်း အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထား လာခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**


### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ တပင်ကောင်းကျေးရွာ အထက(ခွဲ) ဆဋ္ဌမတန်းမှ မအိဖြူခင်၏ ဖခင်အမည်မှန်မှာ ဦးခင် ၅/ခဥန(နိုင်)၀၁၂၆၁၄ ဖြစ်ပါကြောင်း။ **ဦးခင်**

### အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်း (အထက) နဝမတန်းမှ မတင်မာဝေ၏ အမည်မှန်မှာ မခင်မာဝေ ၈/စလန(နိုင်)၂၃၄၄၅၁ ဖြစ်ပါသည်။ **မခင်မာဝေ**

# အမေရိကန်သမ္မတက တရုတ်သမ္မတအား ဝမ်းမြောက်ကြောင်း ဂုဏ်ပြုစကားပြောကြား



**ပေကျင်း အောက်တိုဘာ ၂၆**

အမေရိကန်နိုင်ငံ သမ္မတ ဒေါ်နယ်ထရန့်က တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးအဖြစ် ပြန်လည်ရွေးကောက်ခံရသည့် တရုတ်သမ္မတ ရှီကျင့်ဖျင်ကို ယမန်နေ့က တယ်လီဖုန်းမှတစ်ဆင့် ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း သိရသည်။ ထို့အတူ (၁၉) ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီအမျိုးသား ကွန်ဂရက် အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ်လည်း ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း သိရသည်။ အမေရိကန်သမ္မတ ထရန့်က (၁၉) ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ကွန်ဂရက်သည် ကမ္ဘာတစ်လွှားအာရုံစူးစိုက်မှုကို ရယူနိုင်ခဲ့ကြောင်း၊ ထို့အတူ ၎င်းအနေဖြင့်လည်း တရုတ်သမ္မတရှီကျင့်ဖျင် ပြောကြားခဲ့သော နိုင်ငံရေးနှင့် ဆက်စပ်သည့် အရေးကြီးသည့် အကြောင်းအရာများကိုလည်း အာရုံစိုက်နားထောင်ခဲ့ကြောင်း ပြောခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မကြာမီရောက်ရှိလာတော့မည့် တရုတ် ခရီးစဉ်အပေါ် အမေရိကန်နိုင်ငံသားများလည်း စိတ်ဝင်စားနေကြကြောင်း၊ တရုတ်ခရီးစဉ်အနေဖြင့် ပေကျင်းမြို့၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ကိစ္စများအပေါ် နှစ်ဖက်အမြင်များ ပြည့်စုံစွာဖလှယ်သွားနိုင်မည့်အပြင် နိုင်ငံတကာနှင့် ဒေသတွင်းတွင် ဖြစ်ပွားနေသည့် ဘုံစိုးရိမ်မှုကိစ္စများကိုလည်း ဆွေးနွေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

ယခုကဲ့သို့ ဂုဏ်ပြုစကားပြောကြားသည့်အတွက် ကျေးဇူးတင်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် တရုတ်-အမေရိကန်ဆက်ဆံရေးကို အထူးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် အပြန်အလှန်လေးစားမှုနှင့် အကျိုးအမြတ်ရရှိမှုများကို အခြေခံကာ ရေရှည်တည်တံ့ခိုင်မြဲမည့် နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်သွားရန် ဆန္ဒရှိကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြန်လည်ပြောကြားခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်အနေဖြင့် သတင်းထောက်များနှင့် တွေ့ဆုံရာတွင်လည်း ပြုပြင်ပြောင်းလဲမှုများနှင့် ပွင့်လင်းမြင်သာမှုများပိုမိုရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပြုပြင်ပြောင်းလဲမှုများနှင့် ပွင့်လင်းမြင်သာမှုသည် တရုတ်နိုင်ငံ၏အနာဂတ်ကို ပုံဖော်ထုဆစ်ပေးသည့် အရေးပါသော လှုပ်ရှားမှုတစ်ခုဖြစ်ကြောင်း၊ နှစ် (၄၀)ကြာ ပြုပြင်ပြောင်းလဲမှုနှင့် ပွင့်လင်းမြင်သာမှုလုပ်ငန်းစဉ်များက တရုတ်ပြည်သူများ၏ ဘဝကို ပိုမိုသက်သောင့်သက်သာရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

## ရုရှားနှင့်သင့်မြတ်လျှင် မြောက်ကိုရီးယားအရေး ဖြေရှင်းရန်ပိုမိုလွယ်ကူမည်ဖြစ်ကြောင်း ထရန့်ပြော

**ဝါရှင်တန် အောက်တိုဘာ ၂၆**

တရုတ်နိုင်ငံ ကူညီနေသည့်ကြားက အမေရိကန်၏ မြောက်ကိုရီးယားနျူကလီးယား ရှင်းလင်းဖယ်ရှားရေး ကြိုးပမ်းဆောင်ရွက်မှုအပေါ် ရုရှားနိုင်ငံအနေဖြင့် ထိခိုက်အောင် လုပ်သကဲ့သို့ဖြစ်နေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မကြာသေးမီတွင် ပြောခဲ့သည်။ အမေရိကန်ပြည်ထောင်စုအနေဖြင့် ရုရှားနှင့်ကောင်းမွန်သော ဆက်ဆံရေးရှိခဲ့မည်ဆိုပါက မြောက်ကိုရီးယား နျူကလီးယားအရေး ဖြေရှင်းရသည်မှာ ပိုမိုအဆင်ပြေလိမ့်မည်ဖြစ်ကြောင်း ဖောက်စ်ဗွားရေးနက်ခ်ဝေ့ါခ်နှင့် တွေ့ဆုံမေးမြန်းခန်း၌ ထရန့်က ပြောခဲ့သည်။ မြောက်ကိုရီးယားနျူကလီးယားအရေးတွင် တရုတ်က အမေရိကန်ကို ကူညီနေသော်လည်း ရုရှားက တခြားတစ်နည်းဖြင့် ကြားဝင်ထိခိုက်စေခဲ့ကြောင်း မြောက်ကိုရီးယားအခြေအနေနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်အမြောက်အမြားစမ်းသပ်မှုနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့၏ ရန်လိုသော ဆက်ဆံမှုများသည် နှစ်နိုင်ငံတင်းမာမှုကို ပိုမိုမြင့်တက်လာစေခဲ့သည်။ မြောက်ကိုရီးယား၏ အဓိကမဟာမိတ်ဖြစ်သော တရုတ်နိုင်ငံကို မြောက်ကိုရီးယားအရေး ကူညီပေးရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တောင်းဆိုခဲ့ကြောင်းလည်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မကြာသေးမီက တွေ့ဆုံခဲ့ပြီး မြောက်ကိုရီးယားအရေးဆွေးနွေးခဲ့သေးကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က လူမှုစာမျက်နှာဖြစ်သော တွစ်တာ၌ ဖော်ပြခဲ့သည်။ ၂၀၁၆ အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ရုရှားနိုင်ငံက ကြားဝင်ရှုပ်ခဲ့သည်ဟူသော စွပ်စွဲမှုများ ပြုလုပ်ခဲ့သည့်အချိန်မှအစပြုကာ အမေရိကန်နှင့် ရုရှားနိုင်ငံတို့၏ ဆက်ဆံရေးသည် အေးစက်စက်ဖြစ်လာခဲ့ကြောင်း သိရသည်။ ရုရှားနိုင်ငံနှင့် ကောင်းမွန်သင့်မြတ်သော ဆက်ဆံရေးရှိသင့်သည်ဟု ထင်မြင်ယူဆကြောင်း၊ သို့မှသာ မြောက်ကိုရီးယားအရေး ဖြေရှင်းရာတွင် ပိုမိုလွယ်ကူလာမည်ဖြစ်ကြောင်း ထရန့်က ပြောခဲ့သည်။ **(ရိုက်တာ)**



## အိုင်အက်စ်စစ်သွေးကြွတို့လက်၌ နောက်ဆုံးကျန်ရှိနေသော အီရတ်ပိုင်နယ်မြေအချို့ကို သိမ်းပိုက်ရန် ထိုးစစ်ဆင်နွှဲမည်



၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် မိုဆူးလ်တောင်ပိုင်း၌ အီရတ်တပ်ဖွဲ့များက အိုင်အက်စ်အကြမ်းဖက်သမားများကို တိုက်ခိုက်သော တိုက်ပွဲများမှ ထွက်လာသော မီးခိုးများကို တွေ့ရစဉ်

**မိုဆူးလ် အောက်တိုဘာ ၂၆**

ဆီးရီးယားနယ်စပ်အနီး မြောက်ပိုင်းနယ်စပ်ဒေသများဖြစ်သော အယ်လ်ကွင်းနှင့် ရာဝါတို့ကို အိုင်အက်စ်စစ်သွေးကြွလက်မှ ပြန်လည်သိမ်းပိုက်နိုင်ရန် ထိုးစစ်ဆင်နွှဲရမည်ဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အဘာဒီက အောက်တိုဘာ ၂၆ ရက်အစောပိုင်းတွင် ကြေညာခဲ့သည်။

အယ်လ်ကွင်းနှင့် ရာဝါတို့သည် အိုင်အက်စ်အကြမ်းဖက်သမားများ လက်ထဲတွင် နောက်ဆုံးကျန်ရှိသော အီရတ်ပိုင်နယ်မြေများဖြစ်သည်။ အိုင်အက်စ်စစ်သွေးကြွများသည် ဆီးရီးယားဘက်အခြမ်း အစိတ်အပိုင်းအချို့ကိုလည်း သိမ်းပိုက်ထားသော်လည်း အမေရိကန်ထောက်ခံ ကာ့ဒ်ဦးဆောင်ညွန့်ပေါင်းအဖွဲ့နှင့် အီရန်နှင့်ရုရှားထောက်ခံ နိုင်ငံခြား ရှီးယိုက်ပြည်သူ့စစ်များပါဝင်သော ဆီးရီးယားအစိုးရတပ်ဖွဲ့စသည့် တပ်ဖွဲ့နှစ်ဖွဲ့၏ အကြမ်းဖက်နှိမ်နင်းရေး တိုက်စစ်ဖွင့် ဆင်နွှဲမှုကြောင့် ၎င်းတို့ ထိန်းချုပ်ထားသော ဒေသများကိုလည်း လက်လွှတ်ခဲ့ရသလို ၎င်းတို့ တည်ရှိမှုမှာလည်း တဖြည်းဖြည်း ကျဉ်းမြောင်းလာပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်ထောက်ပံ့ခံ အီရတ်တပ်ဖွဲ့များက မြို့တော်မိုဆူးလ်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီးနောက် အိုင်အက်စ်စစ်သွေးကြွများ၏ ၎င်းတို့ကိုယ်တိုင်ကြေညာထားသော နယ်စပ်ဖြတ်ကျော်မွတ်စလင်နိုင်ငံ ထူထောင်ရေးဆိုသည့် မူဝါဒမှာ ဇူလိုင်လကတည်းက ပြိုလဲသွားခဲ့ပြီဖြစ်သည်။

ထို့အတူ လွန်ခဲ့သော ရက်သတ္တပတ်ကလည်း အိုင်အက်စ်အကြမ်းဖက်သမားတို့ ခြေကုပ်ယူရာ ရက်ကွာမြို့ကိုလည်း အမေရိကန်ထောက်ပံ့ခံတပ်ဖွဲ့များက ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ **(ရိုက်တာ)**

## ဗီယက်နမ်အမျိုးသားညီလာခံက နိုင်ငံအတွက် အရေးပါသော ရာထူးနှစ်ခုခန့်အပ်

**ဟနွိုင်း အောက်တိုဘာ ၂၆** - နိုင်ငံ၏အမြင့်ဆုံး ဥပဒေပြုညီလာခံဖြစ်သော ဗီယက်နမ်အမျိုးသားညီလာခံက အောက်တိုဘာ ၂၆ ရက်တွင် ပို့ဆောင်ရေးဝန်ကြီးအသစ်တစ်ဦးနှင့် အစိုးရစစ်ဆေးရေးအရာရှိချုပ်အသစ်တစ်ဦးတို့ကို ခန့်အပ်ခဲ့ကြောင်း သိရသည်။ ဗီယက်နမ်အမျိုးသားညီလာခံက ပို့ဆောင်ရေးတွင် ဒေါက်တာဘွဲ့ရရှိခဲ့သော ဆော့ထရန့်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူးဖြစ်သူ အသက် ၅၁ နှစ်အရွယ်ရှိ ငုယင်ဗန်သဲကို ပို့ဆောင်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ထို့အတူ စာရင်းအင်းဆိုင်ရာတွင် မဟာဘွဲ့ရရှိခဲ့သော ဘတ်လျိုပြည်နယ်ပါတီကော်မတီအတွင်းရေးမှူးဖြစ်သူ အသက် ၅၃ နှစ်အရွယ်ရှိ လီမင်ခိုင်ကို အစိုးရစစ်ဆေးရေးအရာရှိချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးရာထူးတွင် နာမည်ထွက်နေသူ ထရန်ကွမ်ငှါဟီရာကို ဒါ့နမ်မြူနီစပယ်ပါတီကော်မတီတွင် အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဖန်ဗန်ဆုကို ဆော့ထရန့်ပြည်နယ်ပါတီ ကော်မတီအတွင်းရေးမှူးအဖြစ်လည်းကောင်း ခန့်အပ်ခဲ့သည်။ **(ဆင်ဟွာ)**

# စားသုံးသူကာကွယ်ရေးဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**စားသုံးသူကာကွယ်ရေးဥပဒေကြမ်း**

**( ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**ခုနှစ်၊ လ ရက်**

**( ခုနှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စားသုံးသူကာကွယ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **စားသုံးသူကာကွယ်ရေး** ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ပေးခြင်းနှင့် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား ကော်မရှင်နှင့် ကော်မတီအဆင့်ဆင့်တို့မှ သတ်မှတ်ဆောင်ရွက်ပေးသည့် မျှတမှုရှိသောလုပ်ငန်းစဉ်ကို ဆိုသည်။

(ခ) **စားသုံးသူ** ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုပြုရန် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပြုရန် မဟုတ်ဘဲ ကိုယ်တိုင်သုံးစွဲမှုအတွက်သော် လည်းကောင်း၊ အခြားသူအတွက်သော်လည်းကောင်း ရည်ရွယ်၍ဝယ်ယူခြင်း၊ အသုံးပြုခြင်း၊ ရယူခြင်း၊ ကုန်စည်ချေးငှားခြင်း ပြုလုပ်သူများ သို့မဟုတ် ပေးကမ်းထောက်ပံ့ခြင်းခံရသူများကို ဆိုသည်။

(ဂ) **စီးပွားရေးလုပ်ငန်းရှင်**ဆိုသည်မှာ ကုန်စည်ကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြန်လည်ရောင်းချခြင်းကို ဖြစ်စေ၊ ထောက်ပံ့ပေးခြင်းကို ဖြစ်စေ၊ ဝန်ဆောင်မှုပေးခြင်းကိုဖြစ်စေ၊ ကြော်ငြာလုပ်ငန်း လုပ်ကိုင်ခြင်းကို ဖြစ်စေ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းနှင့် သော်လည်းကောင်း ဆောင်ရွက်သူကို ဆိုသည်။

(ဃ) **ကုန်စည်** ဆိုသည်မှာ စားသုံးသူ ကိုယ်တိုင်အတွက်သော် လည်းကောင်း၊ အခြားသူများအတွက်သော် လည်းကောင်း ရည်ရွယ်၍ ဝယ်ယူခြင်း၊ အသုံးပြုခြင်း သို့မဟုတ် စားသုံးခြင်းပြုသော အရာဝတ္ထုကို ဆိုသည်။ ယင်းစကားရပ်တွင် ငွေရေးကြေးရေးဆိုင်ရာ လွှဲပြောင်းနိုင်သောစာချုပ်စာတမ်း၊ အစုရှယ်ယာ၊ ငွေချေးလက်မှတ်၊ ငွေကြေးစသည့်ကိစ္စရပ်များ ပါဝင်ပြီး ကိုယ်စားတရားစွဲဆို တောင်းခံပိုင်ခွင့် ကိစ္စရပ် မပါဝင်။

(င) **ဝန်ဆောင်မှု** ဆိုသည်မှာ လူ့အဖွဲ့အစည်းတွင် လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအသွင်ဖြင့် စားသုံးသူ၏ လိုအပ်ချက်ကို အဖိုးစားနားဖြင့်ဖြစ်စေ၊ အဖိုးစားနား မပါဘဲဖြစ်စေ ဖြည့်ဆည်းပေးသည့် ဆောင်ရွက်မှုကို ဆိုသည်။

(စ) **ကုန်သွယ်မှု**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အဖိုးစားနား သတ်မှတ်၍ အကျိုးအမြတ်ရရှိစေရန် ရည်ရွယ်ဆောင်ရွက်သော ပြုလုပ်မှုကို ဆိုသည်။

(ဆ) **လိမ်လည်လှည့်ဖြားခြင်း** ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ မှားယွင်းသော ဖော်ပြမှုကိုဖြစ်စေ၊ မမှန်ကန်သော ကြော်ငြာကို ဖြစ်စေ၊ မရိုးမဖြောင့်သောသဘောဖြင့် ဖြစ်စေ စားသုံးသူက လွဲမှားစွာ လက်ခံနိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဇ) **ထင်ယောင်ထင်မှားဖြစ်ခြင်း** ဆိုသည်မှာကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် သဘာဝအရည်အသွေးကိုဖြစ်စေ၊ ထုတ်လုပ်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဆောင်ရွက်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဝိသေသလက္ခဏာကိုဖြစ်စေ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းကိုဖြစ်စေ၊ ရည်ရွယ်ချက်ကိုဖြစ်စေ၊ အရေအတွက်ကိုဖြစ်စေ စားသုံးသူကို လွဲမှားယူဆမှုဖြစ်စေသော ပြုလုပ်မှုကိုဆိုသည်။

(ဈ) **ကြော်ငြာခြင်း** ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ အမူအယာဖြင့်ဖြစ်စေ၊ အသံဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ စားသုံးသူ သိရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်မှုကို ဆိုသည်။

(ည) **အရောင်းမြှင့်တင်ခြင်း** ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူများ ပိုမိုသိရှိနားလည်၍ အသုံးပြုမှုတိုးပွားလာစေရန်အလို့ငှာ နည်းလမ်းတစ်မျိုးမျိုးဖြင့် ဖြစ်စေ၊ တစ်မျိုးထက်ပိုသော နည်းလမ်းဖြင့်ဖြစ်စေ ပြုလုပ်သည့် ဆောင်ရွက်မှုကို ဆိုသည်။

(ဋ) **နစ်နာဆုံးရှုံးမှု** ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူ၏ ရုပ်ပိုင်းဆိုင်ရာကို ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကို ဖြစ်စေ၊ ဂုဏ်သိက္ခာကိုဖြစ်စေ၊ နာမည်ဂုဏ်သတင်းကိုဖြစ်စေ၊ ပိုင်ဆိုင်မှုတစ်ရပ်ရပ်ကိုဖြစ်စေ ဥပဒေနှင့်မညီသော ထိခိုက်စေခြင်းကို ဆိုသည်။

(ဌ) **ကုန်အညွှန်းအမှတ်အသား** ဆိုသည်မှာ ကုန်စည် သို့မဟုတ် ကုန်စည်ထုပ်ပိုးမှု အပြင်အဆင်ပေါ်တွင် စာဖြင့်ရေးသား၍ ဖြစ်စေ၊ ပုံနှိပ်၍ ဖြစ်စေ၊ ရုပ်ပုံဖြင့်ဖြစ်စေ၊ အခြားနည်း တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖော်ပြထားသည့် ကုန်စည်နှင့်သက်ဆိုင်သည့် အချက်အလက် သို့မဟုတ် အမှတ်အသားကို ဆိုသည်။

(ဍ) **ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု** ဆိုသည်မှာ သက်ဆိုင်ရာ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများက စားသုံးရန် သို့မဟုတ် အသုံးပြုရန်မသင့်ဟု သတ်မှတ်ထုတ်ပြန်ထားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဆိုသည်။

(ဎ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဏ) **ကော်မရှင်**ဆိုသည်မှာဤဥပဒေအရ အစိုးရအဖွဲ့က ဖွဲ့စည်းပေးသော မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကို ဆိုသည်။

(တ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ထ) **ဦးစီးဌာန** ဆိုသည်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနကို ဆိုသည်။

(ဒ) **ဦးစီးမှူးရုံး** ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ဦးစီးဌာန၏ ရုံးများကို ဆိုသည်။

(ဓ) **ကော်မတီ** ဆိုသည်မှာ ကော်မရှင်က ဤဥပဒေ ပုဒ်မ ၁၇ အရ ဖွဲ့စည်းသော စားသုံးသူရေးရာကော်မတီကို ဆိုသည်။

(န) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စောင့်ကြည့်စစ်ဆေးနိုင်ရန်အလို့ငှာ ဦးစီးဌာနက တာဝန်ပေးအပ်သူကို ဆိုသည်။

(ပ) **စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့** ဆိုသည်မှာ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ရန် တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့်အသင်းအဖွဲ့ကို ဆိုသည်။

## အခန်း( ၂ )
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) စားသုံးသူအခွင့်အရေးများ အပြည့်အဝ ရရှိနိုင်စေရန်၊

(ခ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်၊

(ဂ) စားသုံးသူကာကွယ်ရေးနှင့် စပ်လျဉ်း၍ မှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းကို ဆောင်ရွက်နိုင်စေရန်၊

(ဃ) စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သော အရည်အသွေးမြင့်မားသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ဖော်ဆောင်ဖြည့်ဆည်းနိုင်စေရန်၊

(င) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်ဘက်မှလည်း လိုက်နာဆောင်ရွက်လာနိုင်စေရန်၊

(စ) စားသုံးသူတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့် ယင်းတို့ကိုသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုများကို ကာကွယ်ပေးနိုင်ရန်၊

(ဆ) စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များပေါ်ပေါက်လာစေရန်နှင့်ယင်းအဖွဲ့များအားကောင်းခိုင်မာမှုရှိစေရန်အတွက် စီမံဆောင်ရွက်ပေးမှုများနှင့်ထိန်းကျောင်းမှုများ ဆောင်ရွက်ပေးနိုင်ရန်။

## အခန်း (၃)
## ကော်မရှင် ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် -

(က) စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထောင်စုအဆင့် အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ၏အကြီးအကဲများမှ တာဝန်ပေးအပ်သူများက အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း ပါဝင်သော မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မရှင်အဖွဲ့ဝင်ဦးရေကို ၂၉ ဦးထက် မပိုသော "မ" ဂဏန်းအရေအတွက်ဖြင့် ဖွဲ့စည်းတည်ထောင်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မရှင်ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မရှင်ဥက္ကဋ္ဌသည် ပုဒ်မ ၄ အရ ဖွဲ့စည်းသည့် ကော်မရှင်အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးများကို တာဝန်ပေးအပ်နိုင်သည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ခွင့်ပြုသော စရိတ်နှင့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိစေရမည်။

၇။ ကော်မရှင်အတွင်းရေးမှူးသည် ကော်မရှင်၏ ကိစ္စအဝဝနှင့်သက်ဆိုင်သည့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန်တာဝန်ရှိသည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုပါက အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ကော်မရှင်ဥက္ကဋ္ဌက ခွင့်ပြုနိုင်သည်။

၉။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးသည် အောက်ပါအကြောင်းအရာတစ်ခုခု ဖြစ်ပေါ်သည့်အခါ ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ အလိုအလျောက် ရပ်စဲရမည် -

(က) ကွယ်လွန်ခြင်း၊

(ခ) မိမိ၏ ဆန္ဒအလျောက် နုတ်ထွက်ခြင်း၊

(ဂ) နိုင်ငံ့ဝန်ထမ်းဥပဒေအရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဆရာဝန် သို့မဟုတ် ဆေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိတော့သည်အထိ ကျန်းမာရေးချို့ယွင်းခြင်း၊

(ဃ) အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ခုခုအရ ပြစ်ဒဏ်ကျခံရခြင်း။

၁၀။ ကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင် နေရာလစ်လပ်လျှင် ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အဖွဲ့ဝင်အသစ် ဖြည့်စွက်ခန့်ထားနိုင်သည်။

၁၁။ ကော်မရှင်ဥက္ကဋ္ဌသည် နိုင်ငံ့ဝန်ထမ်း မဟုတ်သော မည်သည့်ကော်မရှင်အဖွဲ့ဝင်ကိုမဆို ဥပဒေနှင့်မညီဘဲ ဆောင်ရွက်ကြောင်းတွေ့ရှိလျှင် ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ကော်မရှင်၏ဂုဏ်သိက္ခာကို ထိခိုက်စေသော အခြေအနေတစ်ရပ်ရပ်ရှိလျှင်ဖြစ်စေ၊ ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ ကိုယ်ကျင့်သိက္ခာနှင့် ကိုက်ညီမှုမရှိဟု ယူဆလျှင်ဖြစ်စေ ယင်းကော်မရှင်အဖွဲ့ဝင်ကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် တာဝန်မှ ရပ်စဲနိုင်သည်။

## အခန်း (၄)
## ကော်မရှင်၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၁၂။ ကော်မရှင်၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စများကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဂ) စားသုံးသူကာကွယ်ရေးဆိုင်ရာ အစီအမံများ ချမှတ်ခြင်း၊

(ဃ) ထူးခြားသည့် အခြေအနေနှင့် လုပ်ငန်းစဉ်များ ပေါ်ပေါက်လာပါက မိမိ၏လုပ်ငန်း ဆောင်ရွက်ထားရှိမှုအစီအမံများကို အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(င) စားသုံးသူအသုံးပြုမည့် သို့မဟုတ် စားသုံးမည့် ကုန်စည်များ လုံခြုံစိတ်ချရမှုရှိစေရန် ဦးစားပေးကဏ္ဍများ သတ်မှတ်ပေးခြင်း၊

(စ) စားသုံးသူကာကွယ်ရေးနှင့် စပ်လျဉ်း၍ ကုန်စည်ကို သက်ဆိုင်ရာ အစိုးရ ဌာနများ၏ ဓာတ်ခွဲခန်းများနှင့် နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေးနိုင်ရန် ဦးစီးဌာနသို့ တာဝန်ပေးအပ်ခြင်း၊

(ဆ) စားသုံးသူရေးရာကော်မတီဖွဲ့စည်းခြင်း၊

(ဇ) ကော်မတီက တင်ပြလာသည့် ထူးခြားသောအခြေအနေများ၊ လုပ်ငန်းစဉ်များနှင့် ဒဏ်ကြေးငွေချမှတ်ခြင်းများနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊

(ဈ) ကော်မတီက ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အပေါ် အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း၊

(ည) စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများကို လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

## ဥပဒေအတွေးရေးပါရစေ၊ အပိုင်း (၉၂)

# တရားဥပဒေစိုးမိုးရေးအနှစ်သာရ



**ဦးဟန်ညွန့် (ဥပဒေ)**

**ဖြူစင်သောစိတ်ထား**

"ဖြူစင်သောစိတ်ထားနှင့် တရားဥပဒေစိုးမိုးရေး" ဟူသော ခေါင်းစဉ်ဖြင့် ဥပဒေပညာပေးစာအုပ်တစ်အုပ်ကို ၂၀၁၃ ခုနှစ်က ကျွန်တော် ရေးသားထုတ်ဝေခဲ့ဖူးသည်။ ယခုပြန်ဖတ်ကြည့်တော့ ပြင်စရာ၊ ဖြည့်စရာတွေ တွေ့ရှိသည်။ ခေတ်ကာလသည် အငြိမ်မနေ။ ရပ်တန့်မနေ။ အစဉ်အမြဲတိုးတက်ပြောင်းလဲနေပေသည်။ ကိုယ်ရော ပြောင်းလဲပြီလား။

**မပြောင်းလဲသောတရား**

တရားဥပဒေတွေ ဘယ်လိုပြောင်းပြောင်း၊ ပုဒ်မ၊ ပုဒ်ထီးတွေ ဘယ်လိုပြောင်းပြောင်း ဘယ်တော့မှ မပြောင်းလဲသော တရားကတော့ **"ဖြူစင်သော စိတ်ထား"** ပါပဲ။




**ဖြူစင်သောစိတ်ထား**

လူတိုင်းလူတိုင်း စိတ်ထားဖြူစင်သင့်သည်ဟု ကျွန်တော် ခံယူသည်။ "မကောင်းမှု ရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား ဤကား မြတ်ဗုဒ္ဓ၏ စကား" ဟု ဆိုဆုံးမစကား ရှိသည်။ ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ ဖြူစင်သောစိတ်ထား ထားရှိရမည်။ ထားရှိသင့်သည်။ ဤသို့ ကျွန်တော်ယုံသည်။

**"မနာလို ဝန်တိုစိတ်တွေ မထားမိဖို့ မကောင်းစိတ်မှန် သူ့ထံပြန်တတ်ကြောင်း၊ သူများမနာလို ကိုယ်အကျိုးမရှိကြောင်း၊ စိတ်ကောင်းရှိဖို့ ပထမ၊ စာတတ်ဖို့က နောက်ဆုံးမှ"** ဟူ၍ ဆုံးမသြဝါဒပြုခဲ့သော အမရပူရမြို့မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်ကြီး အရှင်ဇနကာ ဘိဝံသ၏ ထင်ရှား၊ ကျော်ကြား၊ မွန်မြတ်၊ မှန်ကန် လှသောသြဝါဒအား ခြေတော်စုံဦးခိုက်လျက် ဤဖြူစင်သောစိတ်ထားနှင့် တရားဥပဒေစိုးမိုးရေး စာအုပ်ပြုစု ထုတ်ဝေခြင်းဖြင့် ရှိခိုးပူဇော်အပ်ပါကြောင်း စသည်စသည် ကျွန်တော်ရေးသားတင်ပြခဲ့ပါသည်။

**ပင်စင်စား ဦးကြည်**

ပင်စင်စား ဦးကြည်တစ်ယောက် ပင်စင်လစာငွေ ထုတ်ယူအပြီး အပြန်ခရီးမှာ ခရီးသည်တင်ယာဉ်တစ်စီးက ဝင်ရောက်တိုက်ခဲ့သည့် ဖြစ်ရပ်မှန်ပါ။ ဦးကြည်အား ဆေးရုံပို့ပေးမည်ဟုဆိုကာ ကားပေါ်တင်ပြီး ခေါ်သွားသည်။ အမှန်တကယ် ဆေးရုံသို့ မပို့ပါ။ လူအသွားအလာရှင်းသည့်နေရာမှာ ဦးကြည်ကို တရားခံက စွန့်ပစ်ထားခဲ့ခြင်းပါ။ အကြောင်းစုံ၊ သတင်းစုံကို ရဲတပ်ဖွဲ့ဝင်များအား ပြောပြ၊ သတင်းပို့ရာက အဖြစ်မှန်၊ အခြေအနေမှန် ပေါ်ပေါက်ခဲ့သည်။ ကားနှင့်လည်းတိုက်သေး၊ ဆေးရုံပို့မည်ပြောပြီး မပို့ဘဲ စွန့်ပစ်ခဲ့ပုံ...။ ဤ ဇာတ်လမ်း အဖြစ်မှန်ကို ကျွန်တော်စာတစ်အုပ်ရေးရုံသာမက ရုပ်မြင်သံကြားမှုပင် ဇာတ်လမ်းပမာ၊ ဥပဒေရေးရာ တင်ဆက်။ ဥပဒေ ဗဟုသုတပေး။ စိတ်ကောင်းစေတနာ ဝေဖြာသင့်ကြောင်း၊ ဖြူစင်သောစိတ်ထား ထားရှိကြဖို့ နမူနာပြ တင်ပြခဲ့ပါသည်။ တရားခံအား နစ်နာစေလို၍ မဟုတ်။ သူ့လိုစိတ်ထားမပုပ်ဖို့တော့ အရေးတကြီး လိုအပ်မှာပါ။

**လူ့ကျင့်ဝတ်**

LAW - Obligatory rule of conduct

[ဥပဒေ၊ လူတိုင်းလိုက်နာကျင့်သုံးခဲ့သော လူ့ကျင့်ဝတ်၊ လူ့စည်းကမ်း၊ ဥပဒေ စည်းကမ်း၊ ဥပဒေကျင့်ဝတ်ဖြစ်ပါသည်။]

**အဘိဓာန်များ ဖွင့်ဆိုချက်**

**(1) Blackstone's Definition**

i.e, (a rule of action prescribed or dictated by some superior,which an inferior is bound to obey:)

ဘလက်စတုန်း(ခေါ်)ဥပဒေပညာရှင်က "ဥပဒေဟူသည် အထက်အာဏာပိုင်က ချမှတ်သည်ကို လက်အောက်ခံဖြစ်သူက လိုက်နာရသော လူ့ကျင့်ဝတ်ဖြစ်သည်" ဟု ပြဆိုခဲ့သည်။

**(2) Austin's Definition**

i.e:(a command to a course of Conduct:)

သြစတင်ဆိုသူ ဥပဒေပညာရှင်ကလည်း "ဥပဒေဟူသည်မှာ အထက်အာဏာပိုင်အစိုးရက လူ့ကျင့်ဝတ်နှင့် ပတ်သက်၍ ချမှတ်ထားသော စည်းကမ်းဖြစ်သည်" ဟု အဓိပ္ပာယ်ဖွင့်ခဲ့သည်။

**(3) Law as opposed to EQUITY=**

ဥပဒေသည် သာနာညီမျှမှုနှင့် ဆန့်ကျင်ဘက်သဘောတရားများဟုလည်း အဓိပ္ပာယ်သက်ရောက်သည်။ အင်္ဂလိပ်ရိုးရာဥပဒေ တရားရုံးများက လိုက်နာသော ဥပဒေများကို ဆိုလိုသည်။

**RULE ၏ အဓိပ္ပာယ်**

(1) Regulation of a society: လူ့အစည်းအရုံး၏ စည်းကမ်း၊ လူ့ဘောင်စည်းကမ်း၊ လူ့စည်းမျဉ်း

(2) Rule of Procedure of Courts (Orders & Rules) e.g. (High Court's Rules & Orders) တရားရုံး၏ အမိန့်များ၊ နည်းဥပဒေများ၊ တရားရုံးလုပ်ထုံးလုပ်နည်းများ (ဥပမာ၊ တရားလွှတ်တော် (ဝါ) ဗဟိုတရားရုံး၏ အမိန့်များနှင့် နည်းဥပဒေများ)

(3) Superior Court's order: အထက်တရားရုံးက ချမှတ်သော အမိန့်၊ အထက်ရုံးအမိန့်

(4) On application of counsel: ရှေ့နေ အကျိုးဆောင်၏ လျှောက်ထားချက်နှင့်အညီ ချမှတ်သော တရားရုံး၏ အမိန့်

(5) Point of law settled by authority: စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ဥပဒေရေးရာ တစ်ရပ်ရပ်နှင့် ပတ်သက်၍ ဆုံးဖြတ်ချမှတ်သော တရားစီရင်ထုံး

**RULE OF LAW ဟူသည်**

(Dicey's law of the Constitution)

- တရားဥပဒေစိုးမိုးရေး၊ အင်္ဂလိပ်ရိုးရာဥပဒေအရ အစိုးရဝန်ထမ်း၊ အရပ်သားဟူ၍ မခွဲခြားဘဲ ဆူကြံ့နိမ့်မြင့်မရွေး တစ်ပြေးညီတရားစီရင်ခြင်း (တရားဥပဒေရှေ့မှောက်တွင် တန်းတူညီတူ အခွင့်အရေးရရှိခြင်း ဟူသည့် ဥပဒေအခြေခံမှုတစ်ရပ်ဖြစ်သည်)

(LAW LEXICON BY U AUNG THAN TUN; P-333)(1986)

**တရားဥပဒေစိုးမိုးရေး၏ အဓိပ္ပာယ်**

(၁) တရားဥပဒေစိုးမိုးရေး (The Rule of law) ဆိုသည်မှာ အများပြည်သူနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သော တရားမျှတမှုရှိသည့် ဥပဒေများဖြစ်ထွန်းပေါ်ပေါက်ရေးနှင့် ယင်းဥပဒေများကို ပြည်သူအားလုံးက လိုက်နာကျင့်သုံးရေးကို ဆိုသည်။ ဥပဒေကို တာဝန်ယူ အကောင်အထည်ဖော်သူများကိုယ်တိုင် ဥပဒေနှင့်အညီ လိုက်နာကျင့်သုံးပြီး ပြည်သူအားလုံးက လိုက်နာကျင့်သုံးစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ တရားဥပဒေစိုးမိုးမှုရှိစေရန် ဥပဒေဖောက်ဖျက်ကျူးလွန်သူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ မှန်ကန်ဖြောင့်မတ်စွာ အရေးယူဆောင်ရွက်ခြင်းနှင့် ပြည်သူတစ်ရပ်လုံးက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သည်။

(၂) ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံတကာပညာရှင်အသီးသီးက တရားဥပဒေစိုးမိုးရေး၏ အဓိပ္ပာယ်ကို ပုံဖော်စေရန် အမျိုးမျိုးဖွင့်ဆိုခဲ့ကြရာတွင် များစွာကွာခြားမှုမရှိဘဲ အဓိကသဘောတရားမှာ အတူတူပင်ဖြစ်သည်။

**ဆက်စပ်မှု**

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအရ အုပ်ချုပ်ရေး (The Rule by law) သည် ခြားနားမှုရှိသော်လည်း ဆက်စပ်မှုလည်း ရှိပါသည်။ **ဥပဒေအရ အုပ်ချုပ်ရေး** ဆိုသည်မှာ အုပ်ချုပ်သူ အာဏာပိုင်က တရားမျှတမှုရှိခြင်း၊ မရှိခြင်း၊ အများအကျိုးစီးပွားကို ဖော်ဆောင်မှုရှိခြင်း၊ မရှိခြင်း၊ ရှင်းလင်းလွယ်ကူမှုရှိခြင်း၊ မရှိခြင်းစသည့် အချက်များကိုအဓိကမထားဘဲ ၎င်း၏အလိုကျ ရေးဆွဲထားသည့် ဥပဒေများဖြင့် ကျင့်သုံးအုပ်ချုပ်ခြင်း ဖြစ်ပါသည်။

**နိုင်ငံတကာ စံနှုန်းများ**

တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတကာစံနှုန်းများ၊ နိုင်ငံတော်၏ လိုအပ်ချက်များနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) နိုင်ငံတော်တွင် ပြဋ္ဌာန်းသော ဥပဒေများသည် နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုပြုပြီး တရားမျှတမှုရှိခြင်း၊ ရှင်းလင်းလွယ်ကူခြင်းနှင့် အများပြည်သူသိရှိစေခြင်း

(ခ) အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ တိကျစွာ လိုက်နာကျင့်သုံးဆောင်ရွက်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း

(ဂ) လွတ်လပ်စွာ တရားစီရင်ခွင့်ရှိခြင်း၊ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ခြင်း၊ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရှိခြင်း၊ အမှုများကို မှန်မှန်နှင့် မြန်မြန် ပြီးစီးစေရန်ဆောင်ရွက်ခြင်း

(ဃ) ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍ အသီးသီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ ပိုင်းခြားသတ်မှတ်ပြဋ္ဌာန်းထားရှိခြင်း၊ ယင်းကဏ္ဍများ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်ခြင်း

(င) ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍတို့တွင် ပါဝင်ပတ်သက် ဆက်နွှယ်ဆောင်ရွက်သူအားလုံးက တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း၊ သက်ဆိုင်ရာကိစ္စရပ်များကို မှန်ကန်မြန်ဆန်စွာ အရေးယူဆောင်ရွက်ခြင်း၊ ဆောင်ရွက်ချက်များကို အဆင့်ဆင့် ထိရောက်စွာ ကြပ်မတ်စစ်ဆေးခြင်းနှင့် စည်းကမ်းမကျမှု၊ တာဝန်မကျေပွန်မှု၊ အကျင့်ပျက်မှုများကို တိကျမှန်ကန်စွာ အရေးယူခြင်း

(စ) ပြည်သူအားလုံး တည်ဆဲဥပဒေများကို သိရှိနားလည် လိုက်နာနိုင်ကြစေရန် အသိပညာပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

နိုင်ငံတိုင်း၊ အဖွဲ့အစည်းတိုင်းတွင် တရားဥပဒေစိုးမိုးရေးသည် မရှိမဖြစ် လိုအပ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာအေးချမ်းသာယာတည်ငြိမ်ရေးနှင့် ပြည်သူများ ကိုယ်စိတ်နှစ်ပါး အေးချမ်းသာယာရေးတို့သည် အထက်ပါအချက်များကို အလေးထား ဆက်စပ်အကောင်အထည်ဖော်နိုင်မှုအပေါ် တည်မှီလျက်ရှိပါသည်။ တရားဥပဒေစိုးမိုးရေး ခိုင်မာလာသည်နှင့်အမျှ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ စည်းလုံးညီညွတ်မှုတို့ဖြစ်လာစေမည်မှာ ဧကန်ဖြစ်ပါသည်။**(ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ တင်ပြချက် )(၂၈၊ ၁၂၊ ၂၀၁၆)**

**ဖြူစင်သောစိတ်ထားသည်သာ**

ဥပဒေပြဋ္ဌာန်းချက်များ မည်မျှပြည့်စုံပါစေ၊ လိုက်နာမှုစွမ်းအား မမြင့်မားလျှင် အချည်းနှီးသာဖြစ်ပေမည်။ လိုက်နာမှုစွမ်းအားသည်လည်း ဖြူစင်သောစိတ်ထားကိုသာ အခြေခံသည်။ ဖြူစင်သောစိတ်ထားမရှိပြောက ညစ်ထေးသော စိတ်ဓာတ်၊ မင်းမဲ့စိတ်ဓာတ်၊ စည်းမရှိ ကမ်းမရှိ ပရမ်းပတာ စိတ်ထားများဖြင့်သာ တရားဥပဒေမဲ့ စိတ်ထားများ လွှမ်းမိုး နေကြလိမ့်မည်ဖြစ်ပေသည်။ အရေးကြီးသည်က စိတ်သစ် လူသစ်။

> **ဥပဒေပြဋ္ဌာန်းချက်များ မည်မျှပြည့်စုံပါစေ၊ လိုက်နာမှုစွမ်းအား မမြင့်မားလျှင် အချည်းနှီးသာဖြစ်ပေမည်။ လိုက်နာမှုစွမ်းအားသည်လည်း ဖြူစင်သောစိတ်ထားကိုသာ အခြေခံသည်။ ဖြူစင်သောစိတ်ထားမရှိပြောက ညစ်ထေးသောစိတ်ဓာတ်၊ မင်းမဲ့စိတ်ဓာတ်၊ စည်းမရှိ ကမ်းမရှိ ပရမ်းပတာ စိတ်ထားများဖြင့်သာ တရားဥပဒေမဲ့စိတ်ထားများ လွှမ်းမိုးနေကြလိမ့်မည်ဖြစ်**

အတွေ့အကြုံအသစ်၊ သွန်သင်မှုအသစ်၊ ပြောင်းလဲမှုအသစ်၊ အသစ်အသစ်တွေ...။ စာအုပ် (အဟောင်း) ကို စာအုပ် (အသစ်) ဖြစ်အောင် ကြိုးပမ်းရဦးပေမည်။ မမြင်သေးသည်များ မြင်အောင်ရှုရဦးလေမည်...။

**စေတနာ**

(၁) တရားဥပဒေစိုးမိုးရေးအနှစ်သာရ ရှာဖွေတွေ့ရှိကြပါစေ။

(၂) လက်တွေ့ဘဝ ထောက်ပြနေသည်လေ။

(၃) ဥပဒေစာအုပ်ထူထူကြီးတွေ ခဏဘေးဖယ်ထား။ စဉ်းစားဝေဖန်၊ စေတနာမှန်ပါစေ... ဟု တွေးမိသောကျွန်တော်၏ စေတနာဥပဒေအတွေး မျှသာပါ...။ ။

## ယုဇနဥယျာဉ်မြို့တော်၌ ဥပဒေပိုင်းဆိုင်ရာ အသိအမြင်သင်တန်းဖွင့်လှစ်ပို့ချ

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၂၄ ရက်က တရားလွှတ်တော်ရှေ့နေ ဒေါ် Nခေါန်နှင့် အထက်တန်းရှေ့နေ ဒေါ်အိသိင်္ဂီတို့ ဦးဆောင်သော သင်တန်းနည်းပြဆရာမများသည် တက်ရောက်လာကြသည့် ဒေသခံ ယုဇနဥယျာဉ်ပြည်သူ ၃၃ ဦးကို အကြမ်းဖက်မှုအမျိုးအစားဥပဒေ၊ ပြစ်မှုပြစ်ဒဏ်ဥပဒေ၊ ကာကွယ်မှုဥပဒေစသည့် အသိပညာတိုးပွားစေရန် ရည်ရွယ်၍ ဥပဒေပိုင်းဆိုင်ရာ အသိအမြင်သင်တန်းပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ ရပ်ကွက် / ကျေးရွာအလိုက် အောက်တိုဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်တိုင်တိုင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

**ကျင်မောင် (ဆိပ်ကမ်း)**

# ဧရာဝတီမြစ်အတွင်း သုတေသနခရီးစဉ်တွင် ဧရာဝတီလင်းပိုင် သားပေါက်သုံးကောင်တွေ့ရှိ

**မန္တလေး အောက်တိုဘာ ၂၆**

ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့ ပူးပေါင်း၍ အောက်တိုဘာ ၁၀ ရက်က စတင်ခဲ့သည့် ဧရာဝတီမြစ်အတွင်း လင်းပိုင်သုတေသနခရီးစဉ်တွင် လင်းပိုင်သားပေါက် သုံးကောင်ကို တွေ့ရှိခဲ့ကြောင်း ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနှင့်လေ့လာရေးတာဝန်ခံ ဦးဟန်ဝင်းက ပြောကြားသည်။

"ခရီးစဉ်မှာ အသွား ၁၀ ရက်က တစ်ကောင်တွေ့ပြီး ၁၅ ရက်နဲ့ ၁၆ ရက်မှာ နှစ်ကောင်တွေ့တယ်။ သားပေါက်ဆိုပေမယ့် လောလောဆယ်ပေါက်ထားတာတော့ မဟုတ်ဘူး။ လွန်ခဲ့တဲ့ သုံးလလောက်အတွင်းက ပေါက်ထားတာလို့ ခန့်မှန်းရတယ်။ ခရီးစဉ်မှာ အသေအပျောက်မတွေ့ရဘဲ သားပေါက်တွေ့တယ်ဆိုတော့ တိုးလာဖို့ပဲရှိတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါလင်းပိုင်သားပေါက်များကို မန္တလေးကျောက်မြောင်းလင်းပိုင်ထိန်းသိမ်းရေး ဇရိယာအတွင်း၌ တစ်ကောင်၊ ထီးချိုင့်အောက်ဘက်တွင် တစ်ကောင်နှင့် ကသာအထက်ပိုင်းတွင် တစ်ကောင်တို့ကို တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယခုခရီးစဉ်အတွင်း အောက်တိုဘာ ၂၄ ရက်အထိ မန္တလေးမှ ဗန်းမော်ကြား၌ လင်းပိုင်အကောင်ရေ ၅၀ ခန့် တွေ့ရှိခဲ့ကြောင်း သိရသည်။

"လင်းပိုင်တွေက တစ်ကြိမ်သားပေါက်ဖို့အတွက် လေးနှစ်လောက်စောင့်ရတယ်။ ကျွန်တော်တို့ထိန်းသိမ်းရေးဇရိယာအတွင်းမှာ ဒီမနက်ပဲ သုံးလအရွယ် လင်းပိုင်သားပေါက်တစ်ကောင်တွေ့ရှိခဲ့တယ်"ဟု အဆိုပါထိန်းသိမ်းရေးဇရိယာအတွင်းရှိ ကျေးရွာခြောက်ရွာ၏ အဖွဲ့ခေါင်းဆောင် ဦးမောင်လေးက ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့ ပူးပေါင်း၍ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းကလည်း ဧရာဝတီမြစ်အတွင်း လင်းပိုင်စစ်တမ်းကောက်ယူခဲ့ရာ ဧရာဝတီလင်းပိုင် ၆၉ ကောင် စစ်တမ်းကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



သုတေသနခရီးစဉ်အတွင်း တွေ့ရှိရသည့် ဧရာဝတီလင်းပိုင်အုပ်စုတစ်စု

# မြစ်မ်းရောင်စီမံကိန်းဝင်ကျေးရွာ၌ စိုက်ပျိုးမွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်လျက်ရှိ

**မုံရွာ အောက်တိုဘာ ၂၆**

မြစ်မ်းရောင်ကျေးရွာစီမံကိန်း၏ အရင်းမပျောက်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော မုံရွာမြို့နယ် မြင်းမီးလောင်ကျေးရွာအုပ်စု ယောကြီးကျေးရွာ၌ စိုက်ပျိုးမွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ တိုးတက်အောင်မြင်လျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြစ်မ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ယောကြီးကျေးရွာသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်နှင့် တိုင်းဒေသကြီး၊ ခရိုင် ဦးစီးဌာနမှူးများက အောက်တိုဘာ ၂၃ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။ ညွှန်ကြားရေးမှူးချုပ်က "ယောကြီးကျေးရွာက ဒေသခံတွေနဲ့ တွေ့ဆုံပြီး မြစ်မ်းရောင်စီမံကိန်း အရင်းမပျောက် ရန်ပုံငွေနဲ့ ဆောင်ရွက်နေကြတဲ့ စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းတွေ အောင်မြင်မှုရှိ မရှိကို မေးမြန်းဖြစ်ပါတယ်။ ယောကြီးဒေသခံတွေရဲ့စိုက်ပျိုးရေး မွေးမြူရေးနဲ့ အရောင်းအဝယ်လုပ်ငန်း အားလုံးနီးပါး အောင်မြင်နေတာကို တွေ့ရတာအားရပါတယ်"ဟု ပြောကြားသည်။

ယောကြီးကျေးရွာမှ ဒေသခံတစ်ဦးဖြစ်သူ ဦးစိန်လင်းက "ရွာကို မြစ်မ်းရောင်စီမံကိန်း ချထားပေးတဲ့အခါ ကျပ်သုံးသိန်းချေးယူပြီး ဆိတ်ခြောက်ကောင်ဝယ်ခဲ့ပါတယ်။ စီမံကိန်းရန်ပုံငွေ သုံးသိန်းနဲ့ ဆိတ်မွေးတာကို စလိုက်တာ အခု နှစ်နှစ်အတွင်း ဆိတ်အကောင် ၄၀



မွေးမြူရေးလုပ်ငန်းတစ်ခုကို ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစဉ်

လောက်အထိ မွေးမြူနိုင်နေပြီဖြစ်ပါတယ်"ဟု ပြောသည်။

ယောကြီးကျေးရွာတွင် မြစ်မ်းရောင်ရန်ပုံငွေရယူပြီး စိုက်ပျိုးရေးလုပ်ကိုင်သူ ၅၆ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၂၈ ဦး၊ အရောင်းအဝယ်လုပ်သူနှစ်ဦးနှင့် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၄၀၊ စုစုပေါင်း ၁၂၆ ဦးရှိပြီး ထုတ်ချေးငွေ ကျပ် ၄၂၂ သိန်း ရယူ၍ လုပ်ငန်းအသီးသီးတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကာ စီမံကိန်းနှစ်နှစ်တာကာလအတွင်း အတိုးငွေ ကျပ် ၁၂၄ သိန်း ပေးဆောင်နိုင်ခဲ့သည့် ကျေးရွာဖြစ်ကြောင်းနှင့် မုံရွာမြို့နယ်အတွင်း မြစ်မ်းရောင်စီမံကိန်း ဆောင်ရွက်နေသည့် ကျေးရွာ ၂၀ ရွာတွင် ယောကြီးကျေးရွာသည် အတိုးရရှိမှုအများဆုံးကျေးရွာလည်းဖြစ်ကြောင်း မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဒေါ်ယဉ်ယဉ်ချိုထံမှ သိရသည်။

**သံတိုင်ထွန်း**

# ငှက်ဖျားရောဂါနှင့် ကုသရေးလမ်းညွှန်ချက်များနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲပြုလုပ်

**ယင်းမာပင် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)(ငှက်ဖျားစီမံချက်)မှ ဆရာဝန်များကယင်းမာပင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ငှက်ဖျားရောဂါနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက်က ယင်းမာပင်မြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစန်းလှိုင်က အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) (ငှက်ဖျားစီမံချက်) မှ ဒေါက်တာ သဥ္ဇာကျော်နှင့် ဒေါက်တာ နွေးနွေးအောင်တို့က လက်ရှိမြန်မာနိုင်ငံအတွင်း ငှက်ဖျားဖြစ်ပွားမှုနှုန်းနှင့် ဆေးယဉ်ပါးမှုပြဿနာများ၊ ငှက်ဖျားကုသရေးလမ်းညွှန်ချက်များနှင့် ငှက်ဖျားရောဂါကင်းစင်ရေးတို့အတွက် ဆရာဝန်များနှင့် ကျန်းမာရေးသူနာပြု၏ အခန်းကဏ္ဍများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်အတွင်းရှိ ဆေးဆိုင်ဝန်ထမ်းများအား အသိပညာပေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပကာ စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးစီမံကွပ်ကဲရေးဦးစီးဌာန မုံရွာစားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဒေါ်နီလာဝင်းက အမျိုးသားဆေးဝါးဥပဒေများအကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)(ငှက်ဖျားစီမံချက်)မှ ဒေါက်တာနွေးနွေးအောင်(Training Coordinator)က မြန်မာနိုင်ငံ၏ လက်ရှိငှက်ဖျားရောဂါ၊ ဆေးယဉ်ပါးမှုအခြေအနေနှင့် ဆေးရောင်းချသူများ၏ အခန်းကဏ္ဍများကိုလည်းကောင်း ရှင်းလင်းပညာပေးခဲ့ပြီး ဆေးဆိုင်များမှ ဆေးရောင်းချသူများအား ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများနှင့် ဆေးဝါး ရောင်းချသူများ၏ အခန်းကဏ္ဍအကြောင်း လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ တီရှပ်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။



ငှက်ဖျားရောဂါနှင့်ပတ်သက်၍ အလားတူ အသိပညာပေး ဆွေးနွေးပွဲများကို ယခု ယင်းမာပင်မြို့နယ်အတွင်း၌သာမက တိုင်းဒေသကြီးအတွင်းရှိ ဘုတလင်၊ ကန့်ဘလူမြို့နယ်များ၌လည်း ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ပုလဲ၊ ရေဦးနှင့် ချောင်းဦးမြို့နယ်တို့တွင်လည်း အလားတူ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ဒေါက်တာ နွေးနွေးအောင်က ပြောကြားသည်။

**ထွန်းကိုကို(ယင်းမာပင်)**



ပြည်နယ်ရဲမှူး၏လမ်းညွှန်မှုဖြင့် မွန်ပြည်နယ် မုဒုံမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသက်စိုး ဦးဆောင်သော မှုခင်းအသိပညာပေးပြခန်း မော်တော်ယာဉ်သည် ကမာဝက်မြို့အဘစ်ကျေးရွာ၌ အောက်တိုဘာ ၂၅ ရက်က မှုခင်းကျဆင်းရေးဆိုင်ရာ သိမှတ်ဖွယ်ရာအကြောင်းအရာများ ဟောပြောခဲ့စဉ်

မော်လမြိုင်(ကိုယ်ပွား)

# ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း အသိပညာပေး

**ဟုမ္မလင်း အောက်တိုဘာ ၂၆**

နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၁/၂၀၁၇) မြို့နယ်အဆင့် အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက်က ဟုမ္မလင်းမြို့ပြည်သူ့ဆေးရုံ ရှင်းလင်းဆောင်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသက်နိုင်စိုး၊ ခုတင် ၁၀၀ ဆံ့ဆေးရုံအုပ်ကြီးနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ခုတင် ၁၀၀ ဆံ့ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းနိုင်ထွန်းက နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၁/၂၀၁၇) ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါလုပ်ငန်းများကို နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ အသက် ၅ နှစ်မှ ၁၅ နှစ်အထိ ကလေးငယ်များ၊ အလားတူ ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ အသက်ကိုးလမှ ၅ နှစ် အရွယ်ကလေးငယ်များကို ပထမအကြိမ် ကျောင်းတိုင်း၊ ကျေးရွာတို့တွင် ကွင်းဆင်း၍ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးများကို ကလေးများအားလုံး ထိုးနှံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **လင်းလင်း(ပြန်/ဆက်)**

# စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စားသုံးသူကာကွယ်ရေး တွံတေးမြို့နယ်၌ ပညာပေးဟောပြော

**တွံတေး အောက်တိုဘာ ၂၆**

ကျေးလက်နေပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူများ စာပေဗဟုသုတ တိုးပွားလာပြီး စာဖတ်ရှိန်မြင့်မားလာစေရန်နှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို တွံတေးမြို့နယ် အလယ်ကျွန်းလေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ အောက်တိုဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးပြုံးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးသက်ဦးက စာပေဖတ်ရှုရခြင်း အကျိုးကျေးဇူးနှင့် Social Media အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးဌေးအောင်က စားသုံးသူပြည်သူများ အန္တရာယ်ကင်းစေရေး၊ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာများ၊ စားသောက်ကုန်ပစ္စည်းများတွင် FDA ထောက်ခံချက်ပါသည့် အစားအသောက်များကို ရွေးချယ်စားသုံးရေး၊ ထုတ်လုပ်သည့်ရက်စွဲ၊ ထုတ်လုပ်သည့်အမှတ်စဉ်၊ နောက်ဆုံးသုံးစွဲရမည့်ရက်စွဲ၊ ဘေးထွက်ဆိုးကျိုးစသည်တို့ကိုသေချာစွာစစ်ဆေးပြီးမှ ဝယ်ယူစားသုံးကြရန်စသည်တို့ကိုလည်းကောင်း ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်/ဆက်ဦးစီးမှူးသည် အလယ်ကျွန်းကလေး၊ အပြင်ရေကျော်နှင့် အတွင်းရေကျော်ကျေးရွာများမှ စာကြည့်တိုက်များ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ စာအုပ်စာစောင်၊ ရန်ပုံငွေတိုးပွားရေး လုပ်ငန်းများကို သွားရောက်ကြည့်ရှုခဲ့ပြီး စာကြည့်တိုက်များရေရှည်တည်တံ့ဖွံ့ဖြိုးရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

**မျိုးလှိုင်(တွံတေး)**

# ဂွတ်ဒီဆင်ပတ်ကို ကျောခိုင်းခဲ့ရတဲ့ ရော်နယ်ကိုးမန်းရဲ့ အကြောင်းအရင်း



ရော်နယ်ကိုးမန်းဟာ အဲဗာတန်အသင်းကို ၂၀၁၆ခုနှစ် ဇွန်လမှာရောက်ရှိလာခဲ့တယ်။ ပြီးခဲ့တဲ့ရာသီမှာ အဲဗာတန်အသင်းဟာ အဆင့် ၇ နေရာမှာ ရပ်တည်ခဲ့တာကြောင့် ရော်နယ်ကိုးမန်းအတွက် ပထမဦးဆုံးကိုင်တွယ်တဲ့ ရာသီမှာ အောင်မြင်မှုရရှိခဲ့တယ်လို့ ပြောရမယ်။ ဒါကြောင့်လည်း အဲဗာတန်အသင်း ရှယ်ယာပိုင်ရှင်မိုရှီရီက မာတီးနက်ဇ်ကို ထုတ်ပယ်ပြီး ကိုးမန်းကို ခန့်အပ်ခဲ့ခြင်းဟာ အကောင်းဆုံး လုပ်ဆောင်မှုဖြစ်ခဲ့တယ်လို့ ထုတ်ဖော်ပြောဆိုခဲ့တယ်။

ဒါကြောင့်လည်း မိုရှီရီဟာ နွေရာသီဈေးကွက်မှာ ပိုက်ဆံကိုပုံအောပြီး ကစားသမားတွေအင်အားဖြည့်ဖို့အတွက် အားပေးခဲ့တယ်။ ပြီးခဲ့တဲ့ နွေရာသီဈေးကွက်မှာ အဲဗာတန်အသင်းအသုံးပြုတဲ့ ပြောင်းရွှေ့ကြေးဟာ ပေါင်သန်း ၁၄၀ ရှိခဲ့တယ်။ ပရီမီယာလိဂ်အသင်းတွေထဲမှာ ငွေသုံးအကြမ်းဆုံးအသင်း အဖြစ်လည်း ရှိခဲ့တယ်။ ဒါပေမယ့် အဲဗာတန်အသင်းဟာ ရာသီအစကတည်း ရလဒ်တွေ ဆိုးရွားခဲ့တယ်။ အဆိုးဆုံးကပြီးခဲ့တဲ့ရက်က အာဆင်နယ်အသင်းနဲ့ပွဲမှာ ငါးဂိုး-နှစ်ဂိုးနဲ့ ရှုံးခဲ့တာဖြစ်တယ်။ အဲဗာတန်အသင်းဟာ အဲဒီပွဲကို ရှုံးခဲ့တာကြောင့် တန်းဆင်းဇုန်ထဲ ရောက်သွားခဲ့တယ်။ ဒါကြောင့်လည်း အဲဗာတန်ဟာ ရော်နယ်ကိုးမန်းနဲ့ လမ်းခွဲဖို့ ဆုံးဖြတ်ပြီးအသင်းကနေ ထုတ်ပယ်လိုက်တယ်။ ရော်နယ်ကိုးမန်းအနေနဲ့ အဲဗာတန်အသင်းကနေ ကျောခိုင်းစေခဲ့တဲ့အပ်ကြောင်းအရင်းအမြစ်တွေကို ရှာကြည့်တဲ့အခါအများကြီးရှိတာကိုလည်း တွေ့နိုင်တယ်။

**လူကာကူရဲ့ကွက်လပ်**

အဲဗာတန်အသင်းဟာ ပြီးခဲ့တဲ့ နွေရာသီဈေးကွက်မှာ မြင့်မားတဲ့ရည်ရွယ်ချက်တွေနဲ့ ကစားသမားသစ်တွေကို ခေါ်ယူခဲ့တယ်။ ဒါပေမယ့်အသင်းအနေနဲ့ အဓိကကွက်လပ်တွေကိုတော့ ဖြည့်တင်းနိုင်ခြင်းမရှိခဲ့ဘူး။ ပြီးခဲ့တဲ့နှစ် မတ်လကတည်းက တိုက်စစ်မှူးလူကာကူဟာ အသင်းနဲ့စာချုပ်သစ်ထပ်မံမချုပ်ဆိုတော့ဘူးလို့ ကြေညာခဲ့တယ်။ ဒါဟာ လူကာကူအနေနဲ့ အသင်းကနေ ထွက်ခွာတော့မယ်ဆိုတဲ့ အရိပ်အရောင်လည်းဖြစ်တယ်။ လူကာကူဟာ ပြီးခဲ့တဲ့ရာသီက အဲဗာတန်အသင်းအတွက် ၂၅ ဂိုးအထိ သွင်းယူပေးခဲ့ပြီး ပရီမီယာလိဂ်ရဲ့ ထိပ်တန်းဂိုးသွင်းရှင်အဖြစ် ရပ်တည်နိုင်ခဲ့တယ်။ ဒါကြောင့် အဲဗာတန်အသင်းအတွက် လူကာကူရဲ့နေရာမှာ အစားထိုးနိုင်ဖို့ဟာအသင်းအတွက် အဓိကအရေးထားလုပ်ဆောင်ရမယ့်အရာဖြစ်တယ်။

အဲဗာတန်အသင်းဟာ နွေရာသီဈေးကွက် စတင်တာနဲ့တစ်ပြိုင်နက် ဂိုးသမားပစ်ဖို့ဒ်ကို ပေါင်သန်း ၃၀ နဲ့ ခေါ်ယူခဲ့သလို အင်္ဂလန်ခံစစ်မှူး မိုက်ကယ်ကိန်းနဲ့ အိုင်းယက်စ်အသင်းခေါင်းဆောင်ကလက်ဆန်တို့ကိုခေါ်ယူခဲ့တယ်။ ဒါဟာ အသင်းအတွက် အကောင်းဆုံးခေါ်ယူမှုလည်းဖြစ်ခဲ့တယ်။ လူကာကူဟာ ပေါင် ၇၅သန်းနဲ့ မန်ယူအသင်းကို ပြောင်းရွှေ့ခဲ့ပြီးနောက် အဲဗာတန်ဟာ မာလာဂါအသင်းက လူငယ်တိုက်စစ်မှူး ဆန်ဒရိုရာမီးရက်ဇ်နဲ့ အသင်းရဲ့ကစားသမားဟောင်း ရွန်းနီကို ပြန်ခေါ်ယူခဲ့တယ်။ နောက်ပြီး ဆွမ်ဆီးအသင်းကွင်းလယ်တိုက်စစ်မှူးဆီဂတ်ဆန်ကိုလည်း ပေါင် ၄၅ သန်းနဲ့ခေါ်ယူခဲ့တယ်။

ဒါပေမယ့် အဲ့ဒီလိုခေါ်ယူမှုတွေ အများကြီးလုပ်ထားခဲ့ပေမယ့် လူကာကူရဲ့ကွက်လပ်အတွက် အကောင်းဆုံးခေါ်ယူမှုကတော့ လိုအပ်နေဆဲဖြစ်ခဲ့တယ်။ ဒါကြောင့်လည်း အဲဗာတန်အသင်းဟာ အာဆင်နယ်အသင်းတိုက်စစ်မှူးဂျရူးကို ခေါ်ဖို့ ပစ်မှတ်ထားခဲ့တယ်။ ဒါပေမယ့် အောင်မြင်အောင် မခေါ်ဆောင်နိုင်ခဲ့ဘဲ အပြောင်းအရွှေ့ဈေးကွက်သာ ပိတ်သွားခဲ့တယ်။ အဲဗာတန်အသင်းရဲ့ လူကာကူနဲ့ ပတ်သက်တဲ့ ကွက်လပ်က ဈေးကွက်ပိတ်သွားပေမယ့် ရှိနေဆဲဖြစ်ခဲ့တယ်။

**အကောင်းဆုံးမဖြစ်တဲ့ နံပါတ် ၁၀ နေရာ**

ရော်နယ်ကိုးမန်းရဲ့အဲဗာတန်အသင်းမှာ အဓိကဟန်ချက်မညီတဲ့အကြောင်းတရားတွေရှိတယ်။ အသင်းမှာ နံပါတ် ၁၀ နေရာအတွက် ကစားမယ့် ကစားသမားသုံးဦးရှိတယ်။ ရွန်နေး၊ ကလာဆန်၊ ဆီဂတ်ဆန်တို့ဖြစ်တယ်။ သူတို့ သုံးဦးလုံးဟာ နံပါတ် ၁၀ နေရာအတွက်အကောင်းဆုံးကစားနိုင်သူတွေဖြစ်တယ်။ ဒါပေမယ့် နံပါတ် ၁၀ နေရာကိုတော့ ကစားသမား သုံးဦးက ခွဲဝေကစားဖို့ဆိုတာကတော့မဖြစ်နိုင်ဘူး။ ကစားသမားသစ်ဆန်ဒရိုကတော့ ပရီမီယာလိဂ်နဲ့အသားကျဖို့ ရုန်းကန်နေရဆဲလို့ ပြောရမယ်။ ဒါကြောင့်တိုက်စစ်ဝန်ထုပ်ဝန်ပိုးတွေဟာ အင်္ဂလန် ယူ-၂၀ ကစားသမား ကလွိုင်းဗက်လီဝင်ပေါ်မှာ ကျရောက်ခဲ့တယ်။ ဒါကြောင့်လည်း အဲဗာတန်အသင်းရဲ့တိုက်စစ်ဟာ ဟန်ချက်မညီမှုနဲ့အတူ လိုအပ်ချက်တွေအများကြီးရှိခဲ့တယ်။


ကိုးမန်းဟာ ရာသီအစကနေ လက်ရှိအသင်းကနေ မထွက်ခွာခင်အထိ အကောင်းဆုံးအသင်း၊ အကောင်းဆုံးနည်းဗျူဟာတွေ ထုတ်မသုံးနိုင်ခဲ့ဘူး။ ရော်နယ်ကိုးမန်းဟာ ရွန်နေးနဲ့ ဆီဂတ်ဆန်တို့ကို စွဲစွဲမြဲမြဲ ထုတ်သုံးပြီး လွတ်မန်းနဲ့ မီရာလက်စ်တို့ကိုလည်း အားကိုးတကြီးသုံးစွဲတာကို တွေ့ရတယ်။ ဒါ့အပြင်ကွင်းလယ်မှာတော့ ဂူရီနဲ့ ရှနိုက်ဒါလင်တို့ကိုသုံးစွဲလေ့ရှိတယ်။ ရှနိုက်ဒါလင်ဟာ မန်ယူအသင်းမှာ အကောင်းဆုံးအချိန်တွေ ကုန်ဆုံးခဲ့ပြီးမှအဲဗာတန်အသင်းကို ရောက်ရှိလာခဲ့သူလည်းဖြစ်တယ်။ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ ကစားသမားတွေကို စွဲစွဲမြဲမြဲသုံးခြင်းကလည်းအသင်းကို ရှုံးနိမ့်စေတဲ့ အကြောင်းတရားတစ်ခုလို့ ပြောရမယ်။

အခြေ မကျနိုင်တဲ့ ကိုးမန်းရဲ့ နည်းဗျူဟာ အဲဗာတန်အသင်းဟာ မန်စီးတီးလိုအသင်းမျိုးကို ၁-၁ ဂိုးနဲ့ သရေကျအောင်ကစားနိုင်ခဲ့တာဟာ ချီးကျူးစရာတော့ ကောင်းတယ်။ ဒါပေမယ့် အဲဒီပွဲနောက်ပိုင်း ချယ်လ်ဆီး၊ စပါး၊ မန်ယူအသင်းတို့နဲ့ တွေ့ဆုံတဲ့ပွဲတွေမှာတော့ အဲဗာတန်အသင်းဟာ အရှုံးနဲ့ပဲ ရင်ဆိုင်ခဲ့ရတယ်။ အဲဗာတန်အသင်းဟာလက်ရှိအချိန်မှာတော့ ပေးဂိုးအနေနဲ့ ၁၈ ဂိုးရှိပြီး ရဂိုးက ခုနစ်ဂိုးသာ ရှိတာကိုတွေ့ရတယ်။ ဒါကိုကြည့်တာနဲ့ ခံစစ်ပိုင်းညံ့ဖျင်းသလို တိုက်စစ်ပိုင်းကလည်း အားမကိုးရဘူးဆိုတာကလည်း သေချာတယ်။ အဲဗာတန်အသင်းအနေနဲ့ နွေရာသီဈေးကွက်မှာ ကစားသမားသစ် တော်တော်များများကိုခေါ်ယူနိုင်ခဲ့ပေမယ့် ကိုးမန်းအနေနဲ့ သူ့ရဲ့နည်းဗျူဟာနဲ့ ကိုက်ညီမယ့်ကစားသမားတွေကို မခေါ်ယူနိုင်ခဲ့ဖူးလို့လည်းဆိုရမှာပါ။ ဒီနှစ်ရာသီမှာ အဲဗာတန်အသင်းအတွက် အနိုင်ပွဲဆိုလို့ နှစ်ပွဲပဲရှိပြီး အဲဒါကလည်း ဘုန်းမောက်နဲ့ စတုတ်အသင်းတို့ ပွဲစဉ်တွေဖြစ်တယ်။ သရေကတော့ နှစ်ပွဲဖြစ်ပြီး မန်စီးတီးနဲ့ ဘရိုက်တန်အသင်းတို့ပွဲစဉ်ဖြစ်ပါတယ်။ အရှုံးကတော့ ငါးပွဲရှိခဲ့ပါတယ်။

ဒါကြောင့် အဲဗာတန်အသင်းကို ဘယ်လိုအသင်းမျိုးဖြစ်နေပြီလဲ။ လတ်တလောအခြေအနေအရတော့ အဲဗာတန်ဟာ ပြိုင်ဆိုင်မှုမပြင်းထန်တဲ့အသင်း၊ ဂိုးသွင်းစွမ်းရည်ညံ့ဖျင်းတဲ့ အသင်း၊ ဟန်ချက်ပျက်နေတဲ့ အသင်းအဖြစ် ရှိနေတာကတော့ အမှန်တရားတစ်ခုလို့ ပြောရမယ်။ မန်နေဂျာ ကိုးမန်းအနေနဲ့လည်း ဘယ်လိုကိုင်တွယ်ရမှန်းမသိအောင်ကို ဖြစ်ခဲ့ရတဲ့အသင်းအဖြစ် ထင်သာမြင်သာရှိလှတယ်။ ဒါကြောင့်လည်း အသင်းတစ်သင်းမှာတာဝန်အရှိဆုံးက မန်နေဂျာဖြစ်တာကြောင့် ကိုးမန်းအနေနဲ့ အထုတ်ခံရတာဟာဖြစ်သင့်တယ်လို့သာ ပြောရတော့မှာဖြစ်ပါတယ်။

**အောင်က**

## စပါးအသင်း ပရီမီယာလိဂ် ချန်ပီယံဖြစ်လာနိုင်သည်ဟု မိုဒရစ် မျှော်လင့်ထား




စပါးအသင်းသည် မန်နေဂျာ ပိုချက်တီနို၏ ဦးဆောင်မှုဖြင့် ယခုနှစ် ပရီမီယာလိဂ် ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ဖွယ်ရှိကြောင်း ရီးရဲမက်ဒရစ်အသင်း ကွင်းလယ်ကစားသမား လူကာမိုဒရစ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

၁၉၅၀-၅၁ နှင့် ၁၉၆၀-၆၁ ခုနှစ် ဘောလုံးရာသီများတွင် အင်္ဂလန်ပထမတန်း (ယခု ပရီမီယာလိဂ်) ချန်ပီယံဆုများ ရရှိခဲ့သည့် စပါးအသင်းသည် ၂၀၁၇-၁၈ ခုနှစ် ပရီမီယာလိဂ်ရာသီ၌ ပွဲစဉ် (၉) ကစားပြီးချိန်တွင် ရမှတ် ၂၀ ဖြင့် အဆင့် ၃ နေရာတွင် ရပ်တည်နေကာ ဒုတိယနေရာမှ မန်ယူအသင်းနှင့် ရမှတ်ချင်း တူညီနေသည့်အသင်းဖြစ်သည်။ ခရိုအေးရှားကစားသမား မိုဒရစ်က ၂၀၁၂ ခုနှစ်တွင် ရီးရဲမက်ဒရစ်အသင်းသို့ မိမိပြောင်းရွှေ့သွားပြီး နောက်ပိုင်းတွင် စပါးအသင်းသည် တိုးတက်မှုအများအပြား ရှိလာခဲ့သည်ဟု ပြောဆိုခဲ့သည်။

မန်နေဂျာပိုချက်တီနို၏ လက်အောက်တွင် စပါးအသင်းအနေဖြင့် ယခုနှစ် ပရီမီယာလိဂ်ချန်ပီယံဖြစ်လာနိုင်မည်လားဟု မေးမြန်းမှုကို မိုဒရစ်က "ချန်ပီယံဖြစ်လာနိုင်မယ်လို့ ထင်ပါတယ်။ အခုအတိုင်း ဆက်လက်တိုးတက်နေမယ်ဆိုရင် မဖြစ်နိုင်စရာမရှိပါဘူး။ ပရီမီယာလိဂ်ပြိုင်ပွဲဟာ အသင်းကောင်းများစွာ ပါဝင်ယှဉ်ပြိုင်နေတဲ့ ပြိုင်ပွဲကောင်းတစ်ခုပါ။ ဒါကြောင့် ချန်ပီယံဖြစ်ဖို့ဆိုတာတော့ မလွယ်ပါဘူး။ ဒါပေမယ့် စပါးအသင်း ပရီမီယာလိဂ်ချန်ပီယံ ဖြစ်လာတာကို ကျွန်တော်မြင်ချင်ပါတယ်။ မန်နေဂျာ ပိုချက်တီနိုကလည်း စပါးအသင်းမှာ အကောင်းဆုံး စွမ်းဆောင်ပေးနေပါတယ်။ စပါးအသင်းအနေနဲ့ တိုးတက်မှုတွေရှိလာပြီး ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေး ယှဉ်ပြိုင်နေမှုကို မြင်တွေ့ရတာကြောင့် ပျော်ရွှင်မိတယ်"ဟု ဖြေဆိုခဲ့သည်။ အသက် ၃၂ နှစ်အရွယ်ရှိ မိုဒရစ်သည် ၂၀၀၈ခုနှစ်မှ ၂၀၁၂ခုနှစ်အထိ စပါးအသင်းတွင် ပါဝင်ကစားခဲ့ကာ စပါးအတွက် စုစုပေါင်း ၁၅၉ ပွဲ ပါဝင်ကစားခဲ့ပြီး ၁၇ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။

**ထက်အောင်**

## ယခုနှစ်ရာသီအကုန်တွင် ဂိုးသမားဘတ်ဖွန် အနားယူဖွယ်ရှိ

ဝါရင့်ဂိုးသမားတစ်ဦးဖြစ်သူ ဘူဖွန်သည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကစားသမားဘဝမှ အနားယူဖွယ်ရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။


အသက် ၃၉နှစ်အရွယ်ရှိ အီတလီဂိုးသမား ဘတ်ဖွန်သည် ၂၀၁၆-၁၇ ခုနှစ်ဘောလုံးရာသီတွင် ဂျူဗင်တပ်အသင်းနှင့်အတူ စီးရီးအေချန်ပီယံဖလား၊ ကိုပါအီတာလီယာချန်ပီယံဖလားတို့ကိုရရှိခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ခဲ့သည်။ ဂိုးသမားဘတ်ဖွန်သည် ပြီးခဲ့သည့် အောက်တိုဘာ ၂၃ ရက်တွင် လန်ဒန်၌ ကျင်းပခဲ့သော ၂၀၁၇ ခုနှစ်အတွက် ဖီဖာတစ်နှစ်တာ အကောင်းဆုံးဆုများပေးအပ်ပွဲအခမ်းအနားတွင် ရီးရဲမက်ဒရစ်ဂိုးသမား ကီလာနာဗက်စ်၊ ဘိုင်ယန်မြူးနစ် ဂိုးသမားနူအာတို့ကို ကျော်ဖြတ်ကာ ၂၀၁၇ ခုနှစ် အတွက် ဖီဖာတစ်နှစ်တာအကောင်းဆုံး ဂိုးသမားဆုကို ရရှိခဲ့သူဖြစ်သည်။

ဆုလက်ခံရယူပြီးနောက် ဂိုးသမားဘတ်ဖွန်က "ဒီဆုရရှိလို့ အလွန်ဝမ်းသာမိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ရဲ့အသက်အရွယ်မှာ ဒီဆုဟာ တကယ့်ကိုကောင်းမွန်တဲ့ဆုဖြစ်တာကြောင့်ပါ။ ပြီးခဲ့တဲ့ ဘောလုံးရာသီက ဂျူဗင်တပ်အသင်းနဲ့ ကျွန်တော့်အတွက် အလွန်ကောင်းမွန်တဲ့ ရာသီဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ အောင်မြင်မှုရအောင် မစွမ်းဆောင်နိုင်ခဲ့ဘူး။ အခုနှစ်ရာသီမှာ ပိုမိုကောင်းမွန်လာပြီး နိုင်ငံအသင်း၊ ဂျူဗင်တပ်အသင်းတို့နဲ့အတူ အောင်မြင်မှုတွေ ရယူနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ အလွန်ကောင်းမွန်တဲ့ အောင်မြင်မှုတွေနဲ့အတူ ကျွန်တော့်ရဲ့ဘောလုံးသမားဘဝကို အဆုံးသတ်ချင်ပါတယ်"ဟု ပြောဆိုခဲ့သည်။

ဂိုးသမားဘတ်ဖွန်သည် ယခုနှစ်အစောပိုင်းကလည်း ကစားသမားဘဝမှ အနားယူဖြစ်ရန်မှာ ၉၉ ဒသမ ၉ ရာခိုင်နှုန်း သေချာမှုရှိကြောင်း ဖွင့်ဟပြောဆိုခဲ့သူဖြစ်သည်။ ဂိုးသမားဘတ်ဖွန်သည် ဂျူဗင်တပ်အသင်းအတွက် စုစုပေါင်း ၆၃၃ ပွဲ ပါဝင်ကစားကာ စီးရီးအေချန်ပီယံဆုဖလား ၁၀ ကြိမ်အပါအဝင် ဆုဖလားပေါင်းများစွာ ရရှိထားသူဖြစ်သည်။

**ထက်အောင်**

## လင်ဒီလော့ဖ်သည် ဗီဒစ်ကဲ့သို့ ကစားသမားမျိုးဖြစ်လာနိုင်သည်ဟု ရိုင်ယန်ဂစ် ပြောဆို




မန်ယူအသင်း ခံစစ်မှူး လင်ဒီလော့ဖ်သည် အသင်း၏ ထိပ်တန်းခံစစ်မှူးဟောင်း နီမန်ဂျာဗီဒစ်ကဲ့သို့ ကစားသမားမျိုးဖြစ်လာနိုင်သူဖြစ်ကြောင်း မန်ယူတောင်ပံကစားသမားဟောင်း ရိုင်ယန်ဂစ်က မှတ်ချက်ပြုပြောဆိုလိုက် သည်။

ဆွီဒင်ကစားသမား လင်ဒီလော့ဖ် (၂၃နှစ်) သည် ပြီးခဲ့သည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် ဘင်ဖီကာ အသင်းမှ မန်ယူသို့ ပြောင်းရွှေ့ကြေးယူရို ၃၅ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ ခံစစ်မှူး လင်ဒီလော့ဖ်သည် မန်ယူအသင်းအတွက် ပါဝင်ကစားခွင့်ရသည့်ပွဲအချို့တွင် အမှားအယွင်းများ ပြုလုပ်ခဲ့ခြင်းကြောင့် ဝေဖန်မှုများ ခံနေရသူဖြစ်ပြီး အသင်းတွင် ပုံမှန်ပါဝင်ခွင့်ရရှိရန် ရုန်းကန်နေရသူဖြစ်သည်။ ပြီးခဲ့သည့် အောက်တိုဘာ ၂၁ ရက်တွင် မန်ယူအသင်းက ဟက်ဒါဖီးလ် အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် လူစားဝင်ကစားခဲ့သူ လင်ဒီလော့ဖ်၏ အမှားမှတစ်ဆင့် ဟက်ဒါဖီးလ်အသင်း ဒုတိယဦးဆောင်ဂိုး ရရှိသွားခဲ့ပြီးနောက် လင်ဒီလော့ဖ်အပေါ် ဝေဖန်မှုများ ပိုမိုထွက်ပေါ်လာခဲ့သည်။

သို့သော်လည်း မန်ယူအသင်း၏ ကစားသမားဟောင်းနှင့် လက်ထောက် မန်နေဂျာဟောင်းဖြစ်သူ ရိုင်ယန်ဂစ်က "လက်ရှိအချိန်မှာ မန်ယူကစားသမားတွေအနက် ဝေဖန်မှုတွေနဲ့အတူ ပရိသတ်တွေရဲ့ အာရုံစိုက်မှုခံနေရတဲ့ ကစားသမားတစ်ဦးက လင်ဒီလော့ဖ်ပဲဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိအခြေအနေကိုကြည့်ပြီး လင်ဒီလော့ဖ်ရဲ့ အခြေအနေကို အကဲဖြတ်လို့တော့ မရပါဘူး။ ပရီမီယာလိဂ်ကို ရောက်လာတဲ့ အချို့ကစားသမားတွေဟာ ဒီပြိုင်ပွဲနဲ့ အသားကျဖို့ ခြောက်လ ဒါမှမဟုတ် တစ်နှစ်လောက် အချိန်ယူကြရပါတယ်။ ပက်ထရစ်အီဗရာ၊ နီမန်ဂျာဗီဒစ်၊ ဂျပ်စတမ်းတို့ဆိုရင်လည်း အဲဒီလိုပါပဲ။ ဒါပေမယ့် အဲဒီကစားသမားတွေဟာ နောက်ပိုင်းမှာတော့ မန်ယူအတွက် တကယ့်ကို အံ့အားသင့်ဖွယ်ကစားသမားတွေ ဖြစ်လာခဲ့ကြပါတယ်။ အောင်မြင်မှု၊ ကျရှုံးမှုတွေကို အတူတူ ရရှိကြုံတွေ့ကြရတာပါ။ ကစားသမားတစ်ဦးတစ်ယောက်တည်းအပေါ် ပြောလို့မရပါဘူး။ အထူးသဖြင့် အသင်းအတွက် ပုံမှန်ကစားခွင့်မရတဲ့ ကစားသမားမျိုးကိုပေါ့"ဟု ပြောဆိုခဲ့သည်။

ခံစစ်မှူး လင်ဒီလော့ဖ်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် စုစုပေါင်း ခုနစ်ပွဲ ပါဝင်ကစားထားသူဖြစ်သည်။

**ထက်အောင်**

## ပရီမီယာလိဂ်ပွဲစဉ်(၁၀)

**စနေနေ့ (၂၈-၁၀-၁၇)**

| | |
|---|---|
| ည ၆း၀၀ | မန်ယူ - စပါး |
| ည ၈း၃၀ | အာဆင်နယ် - ဆွမ်ဆီး |
| ည ၈း၃၀ | ပဲလေ့စ် - ဝက်စ်ဟမ်း |
| ည ၈း၃၀ | လီဗာပူး - ဟက်ဒါဖီးလ် |
| ည ၈း၃၀ | ဝက်ဖို့ဒ် - စတုတ် |
| ည ၈း၃၀ | ဝက်စ်ဘရွန်း - မန်စီးတီး |
| ည ၁၁း၀၀ | ဘုန်းမောက် - ချယ်လ်ဆီး |

**တနင်္ဂနွေနေ့ (၂၉-၁၀-၁၇)**

| | |
|---|---|
| ည ၈း၀၀ | ဘရိုက်တန်-ဆောက်သမ်တန် |
| ည ၁၀း၃၀ | လက်စတာ - အဲဗာတန် |

**တနင်္လာနေ့ (၃၀-၁၀-၁၇)**

| | |
|---|---|
| နံနက် ၂း၃၀ (အင်္ဂါနံနက်) | ဘန်လေ - ကာဆယ် |

## စပိန်လာလီဂါပွဲစဉ်(၁၀)

**စနေနေ့ (၂၈-၁၀-၁၇)**

| | |
|---|---|
| ညနေ ၅း၃၀ | အလာဗက်စ် - ဗလင်စီယာ |
| ည ၈း၄၅ | ဆီဗီလာ - လီဂါနက်စ် |
| ည ၁၁း၀၀ | အက်သလက်တီကို - ဗီလာရီးရဲ |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | ဘီလ်ဘာအို - ဘာစီလိုနာ |

**တနင်္ဂနွေနေ့ (၂၉-၁၀-၁၇)**

| | |
|---|---|
| ညနေ ၅း၃၀ | ဂီတာဖေး - ဆိုစီဒက်စ် |
| ည ၉း၄၅ | ဂျီရိုနာ - ရီးရဲ |
| နံနက် ၀၀း၀၀ (တနင်္လာနံနက်) | အီဘာ - လီဗန်တေး |
| နံနက် ၂း၁၅ (တနင်္လာနံနက်) | မာလာဂါ - ဆဲလ်တာဗီဂို |

**တနင်္လာနေ့ (၃၀-၁၀-၁၇)**

| | |
|---|---|
| နံနက် ၂း၃၀ (အင်္ဂါနံနက်) | အက်စ်ပန်ညို - ဘက်တစ် |
| နံနက် ၂း၃၀ (အင်္ဂါနံနက်) | လက်စ်ပဲလ်မက်စ် - ဒီပို့တီဗို |

## စီးရီးအေပွဲစဉ်(၁၁)

**စနေနေ့ (၂၈-၁၀-၁၇)**

| | |
|---|---|
| ည ၁၀း၃၀ | မီလန် - ဂျူဗင်တပ် |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | ရိုးမား - ဘလော့ညာ |

**တနင်္ဂနွေနေ့ (၂၉-၁၀-၁၇)**

| | |
|---|---|
| ည ၆း၀၀ | ဘီနီဗန်တို - လာဇီယို |
| ည ၈း၃၀ | ခရိုတိုနီ - ဖီအိုရင်တီးနား |
| ည ၈း၃၀ | နာပိုလီ - ဆာစူအိုလို |
| ည ၈း၃၀ | ဆမ်ဒိုးရီးယား - ချီယေဗို |
| ည ၈း၃၀ | SPAL - ဂျီနိုအာ |
| ည ၈း၃၀ | အူဒီးနီးစ် - အတ္တလန္တာ |
| နံနက် ၂း၁၅ (တနင်္လာနံနက်) | တိုရီနို - ကက်ဂလီယာရီ |

**တနင်္လာနေ့ (၃၀-၁၀-၁၇)**

| | |
|---|---|
| နံနက် ၂း၁၅ (အင်္ဂါနံနက်) | ဗီရိုနာ - အင်တာ |

## ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၀)

**သောကြာနေ့ (၂၇-၁၀-၁၇)**

| | |
|---|---|
| နံနက် ၁း၀၀ (စနေနံနက်) | မိန့်ဇ် - ဖရန့်ဖတ် |

**စနေနေ့ (၂၈-၁၀-၁၇)**

| | |
|---|---|
| ည ၈း၀၀ | ဟော့ဖန်ဟိန်း - ဂလာဘတ်ချ် |
| ည ၈း၀၀ | ဟာသာဘာလင် - ဟမ်းဘတ် |
| ည ၈း၀၀ | ရှော်လ်ကေး - ဝုဖ်ဘတ် |
| ည ၈း၀၀ | လေဗာကူဆင် - ကိုလုံး |
| ည ၈း၀၀ | ဟန်နိုဗာ - ဒေါ့မွန် |
| ည ၁၁း၀၀ | ဘိုင်ယန် - လိုက်ပစ်ဇ် |

**တနင်္ဂနွေနေ့ (၂၉-၁၀-၁၇)**

| | |
|---|---|
| ည ၉း၀၀ | ဝါဒါဘရီမင် - အော့စ်ဘတ် |
| ည ၁၁း၃၀ | စတုဂတ် - ဖရိုင်းဘတ် |

## ပြင်သစ်ပထမတန်းပွဲစဉ်(၁၁)

**သောကြာနေ့ (၂၇-၁၀-၁၇)**

| | |
|---|---|
| နံနက် ၁း၁၅ (စနေနံနက်) | ပီအက်စ်ဂျီ - နိုက်စ် |

**စနေနေ့ (၂၈-၁၀-၁၇)**

| | |
|---|---|
| ည ၉း၃၀ | ဘော်ဒိုး - မိုနာကို |
| နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) | ကိန်း - ထရွိုင်းယက်စ် |
| နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) | ဒီဂျွန် - နန့်စ် |
| နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) | ဂူအင်ဂမ့် - အာမီယန် |
| နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) | မောင့်ပယ်လီယာ - ရိန်းစ် |
| နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) | စထရက်ဘော့ချ် - အန်ဂျာ |

**တနင်္ဂနွေနေ့ (၂၉-၁၀-၁၇)**

| | |
|---|---|
| ည ၈း၃၀ | လိုင်ယွန် - မက်ဇ် |
| ည ၁၀း၃၀ | တူးလောက် - စိန့်အေတီယန် |
| နံနက် ၂း၃၀ (တနင်္လာနံနက်) | လိုင်လီ - မာဆေး |



# သုံးပွဲဆက်အနိုင်မပျောက်ဖို့ အိုးလ်ထရက်ဖို့ဒ်မှာ ရုန်းကန်ရမယ့် မန်ယူ

— ဝေမိုးဆက် —

## 2017-18 PREMIER LEAGUE WEEK-10

ပရီမီယာလိဂ်ပွဲစဉ် (၁၀) ကိုအောက်တိုဘာ ၂၈၊ ၂၉၊ ၃၁ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ မန်ယူဟာ စပါးနဲ့ဆုံတွေ့နေရပါတယ်။ အထူးသဖြင့် မန်ယူဟာ ပွဲစဉ် (၉) မှာ ဟက်ဒါဖီးလ်ကို မထင်မှတ်ဘဲရှုံးနိမ့်ခဲ့ရကာ နှစ်ပွဲဆက်အနိုင်မရခဲ့တာကြောင့်လည်း ဒီပွဲစဉ်မှာ စပါးကိုအနိုင်ရယူကာ နိုင်ပွဲပြန်လည်ရှာဖွေနိုင်ပါ့မလား ဆိုတာ စောင့်ကြည့်ရမှာဖြစ်သလို ချယ်လ်ဆီး၊ မန်စီးတီးတို့လည်း နိုင်ပွဲဆက်နိုင်မလားစောင့်ကြည့်ရမယ်။

### ဝက်ဖို့ဒ် v စတုတ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဝက်ဖို့ဒ် | ၀ | ၀ | စတုတ် |

ချယ်လ်ဆီးကိုအရေးနိမ့်ခဲ့ရပေမယ့် ဝက်ဖို့ဒ် ခြေစွမ်းပိုင်း အတော်လေးကောင်းခဲ့ပါတယ်။ တိုက်စစ်က အဆုံးသတ်ပိုင်း မသေချာခဲ့လို့သာ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပြီး ဒီပွဲမှာလည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ကာ အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ စတုတ်ကတော့ လက်ရှိအချိန်မှာ ဒဏ်ရာပြဿနာတွေရှိနေသလို ခြေစွမ်းပိုင်းလည်းအားနည်းနေပါတယ်။ ဝက်ဖို့ဒ် နိုင်ပွဲပြန်ရဖို့ရှိတယ်။

### ဘရိုက်တန် v ဆောက်သမ်တန်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

ဝက်စ်ဘရွန်းကို အနိုင်ရယူနိုင်ခဲ့ပေမယ့် ဆောက်သမ်တန်ခြေက သာမန်သာရှိခဲ့ပါတယ်။ အဝေးကွင်းလည်းဖြစ်တာကြောင့် ဒီပွဲမှာလည်း ဆောက်သမ်တန်တို့အခက်တွေ့နိုင်ပါတယ်။ အထူးသဖြင့် ဘရိုက်တန်ခြေက ကောင်းမွန်မှုရှိနေကာအိမ်ကွင်းပွဲတွေမှာ ကစားပုံလည်း ပိုမိုတည်ငြိမ်မှုရှိပါတယ်။ အထူးသဖြင့် ဘရိုက်တန်ရဲ့တန်ပြန်တိုက်စစ်ကစားပုံ ကောင်းမွန်လို့ ဒီပွဲမှာ ဆောက်သမ်တန်သရေလောက်ပဲရမယ်။

### မန်ယူ v စပါး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | မန်ယူ | ၁ | ၀ | စပါး |

နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ရတဲ့ မန်ယူအနေနဲ့ ဒီပွဲမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း မန်ယူမှာ ဒဏ်ရာပြဿနာတွေရှိနေသလို လူကာကူကလည်းဂိုးသွင်းခြေပျောက်ဆုံးနေပါတယ်။ စပါးကလည်း လက်ရှိအချိန်မှာ ခြေစွမ်းကောင်းမွန်မှုရှိနေသလို တိုက်စစ်ပိုင်းကလည်း ထက်မြက်နေတာကြောင့် ဖီးလ်ဂျုံးမပါနိုင်တဲ့ မန်ယူခံစစ်ကြောင်းကို ဖိအားပေးနိုင်ဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာမန်ယူအနိုင်ရခဲ့ရင်တောင်မှ ဂိုးပြတ်ဖို့ခက်ခဲလွန်းပါတယ်။

### ပဲလေ့စ် v ဝက်စ်ဟမ်း

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ပဲလေ့စ် | ၀ | ၁ | ဝက်စ်ဟမ်း |

ပဲလေ့စ်ဟာနောက်ဆုံးပွဲမှာ နယူးကာဆယ်ကို အရေးနိမ့်ခဲ့ရတယ်ဆိုပေမယ့် ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပါတယ်။ အသင်းလိုက်စုစည်းကစားပုံ ကောင်းမွန်မှုရှိသလို အိမ်ကွင်းလည်းဖြစ်ကာ အမှတ်လိုအပ်နေတာကြောင့်လည်း နိုင်ပွဲပြန်လည် ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အထူးသဖြင့် လက်ရှိအချိန်မှာ ဝက်စ်ဟမ်းခြေက အားနည်းမှုတွေများနေကာ အိမ်ကွင်းမှာတောင် ဘရိုက်တန်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့်လည်း ပဲလေ့စ်တို့ သရေလောက်အနိမ့်ဆုံးရမယ်။

### ဝက်စ်ဘရွန်း v မန်စီးတီး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဝက်စ်ဘရွန်း | ၀ | ၄ | မန်စီးတီး |

မန်စီးတီးခြေက အတော်လေးကောင်းနေပါတယ်။ တိုက်စစ်ပိုင်းက အတော်လေးထက်မြက်မှုရှိနေကာ အဆုံးသတ်ပိုင်းလည်းသေချာမှုရှိနေပါတယ်။ ဒါပေမယ့်လည်း ဝက်စ်ဘရွန်းကလည်းလက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေကာ အိမ်ကွင်းဖြစ်တာကြောင့်လည်း ခံစစ်ကိုပိုမိုအားပြုပြီး အမှတ်ရဖို့အားစိုက်လာနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ မန်စီးတီးတို့ နှစ်ဂိုးအသာလောက်ပဲရမယ်။

### လက်စတာ v အဲဗာတန်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | လက်စတာ | ၀ | ၂ | အဲဗာတန် |

လက်စတာဟာ ရှိတ်စပီးယားကို ထုတ်ပယ်ခဲ့ပြီးတဲ့နောက်ပိုင်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားနေကာ နောက်ဆုံးပွဲမှာ ဆွမ်ဆီးကို အနိုင်ရယူနိုင်ခဲ့ပါတယ်။ အဲဗာတန်ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းထင်သလောက် ကောင်းမွန်မှု မရှိသေးသလို ယူရိုပါလိဂ်လည်း ကစားရဖို့ရှိနေတာကြောင့် အားစိုက်ကစားဖို့ခက်နိုင်ပါတယ်။ လက်စတာ အနိမ့်ဆုံး သရေလောက်ရမယ်။

### အာဆင်နယ် v ဆွမ်ဆီး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | အာဆင်နယ် | ၃ | ၂ | ဆွမ်ဆီး |

အာဆင်နယ်တို့ အမှတ်လိုအပ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ယူရိုပါလိဂ် ကစားရဖို့ရှိနေပေမယ့်လည်း အိမ်ကွင်းဖြစ်တာကြောင့် ပိုမို အားစိုက်လာမှာလည်းသေချာနေပါတယ်။ ဒ့ါအပြင် ဆွမ်ဆီးကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရအားနည်းမှုတွေရှိနေတာကြောင့် အာဆင်နယ်တို့ အခွင့်အရေးရနိုင်ပါတယ်။ အာဆင်နယ်အနေနဲ့ ဒီပွဲမှာ ဆန်းချက်ဇ်အပါအဝင် လူစုံအသုံးပြုလာနိုင်တာကြောင့်လည်း အိမ်ကွင်းနိုင်ပွဲရယူသွားဖို့ သေချာနေပါတယ်။

### လီဗာပူး v ဟက်ဒါဖီးလ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

ပရီမီယာလိဂ်မှာ အမှတ်လိုအပ်နေတာကြောင့် လီဗာပူးတို့ ချန်ပီယံလိဂ်ကစားရဖို့ရှိနေပေမယ့်လည်း ဒီပွဲမှာနိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း ဟက်ဒါဖီးလ်ခြေကလည်း အတော်လေးတည်ငြိမ်နေပါတယ်။ မန်ယူကိုအနိုင်ရယူနိုင်ခဲ့တာကြောင့်လည်း ဟက်ဒါဖီးလ်တို့ စိတ်ဓာတ်ပိုင်းအားကောင်းနေနိုင်ကာ မန်နေးမပါဝင်နိုင်တဲ့ လီဗာပူးတို့အဆုံးသတ်မသေချာရင်ဟက်ဒါဖီးလ်ကိုအခွင့်အရေးပေးရာရောက်နိုင်ပါတယ်။ လီဗာပူးဂိုးပြတ်နိုင်ဖို့ခက်မယ်။

### ဘုန်းမောက် v ချယ်လ်ဆီး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဘုန်းမောက် | ၁ | ၄ | ချယ်လ်ဆီး |

ပဲလေ့စ်ကိုအနိုင်ရခဲ့ပေမယ့် ချယ်လ်ဆီးရဲ့ ကစားပုံက ထင်သလောက်မကောင်းခဲ့ဘူး။ ကန်တီမပါဝင်နိုင်ချိန်မှာ ကွင်းလယ်ပိုင်းအားနည်းမှုတွေရှိနေတာကြောင့် ဘုန်းမောက်ရဲ့ တန်ပြန်တိုက်စစ်တွေကိုထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ အထူးသဖြင့် ချယ်လ်ဆီးတိုက်စစ်မှာ မိုရာတာ ခြေစွမ်းပိုင်းသာမန်သာရှိသလို ချန်ပီယံလိဂ်ကစားရဖို့လည်းရှိနေတာကြောင့် ဒီပွဲမှာချယ်လ်ဆီးနိုင်ရင်တောင် ဂိုးမပြတ်နိုင်ဘူး။

### ဘန်လေ v ကာဆယ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

ဘန်လေက ဒီရာသီမှာ အိမ်ကွင်းခြေစွမ်းပိုင်းထင်သလောက် တည်ငြိမ်မှုမရှိပါဘူး။ ပြီးခဲ့တဲ့ပွဲမှာ မန်စီးတီးကိုအရေးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲရအောင်ပြန်လည်အားစိုက်လာမှာဖြစ်ပေမယ့်လည်း လက်ရှိနယူးကာဆယ်ရဲ့ခြေကလည်း ကောင်းမွန်နေပါတယ်။ အထူးသဖြင့် လက်ရှိအချိန်မှာ နယူးကာဆယ် ခံစစ်ကစားပုံကလည်း ကောင်းမွန်တာကြောင့် ဘန်လေ သရေလောက်ပဲရမယ်။

# မြို့နယ်လဝကရုံး ပြန်လည်တည်ဆောက်ရန်ကြန့်ကြာနေ၍ လုပ်ငန်းဆောင်ရွက်မှု အခက်အခဲဖြစ်နေ

**တိုက်ကြီး အောက်တိုဘာ ၂၆**

၂၀၁၇ ခုနှစ် မတ် ၁၃ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး အဆောက်အအုံ အက်ကွဲပျက်စီးခဲ့၍ မတ် ၁၆ ရက်မှ စတင်ကာ ရုံးကို ရှမ်းစုရပ်ကွက်ရှိ ရှမ်းကျောင်းကြီး ဘုန်းတော်ကြီးကျောင်းအတွင်း ဇရပ်တစ်ခုတွင် ယာယီ ရွှေ့ပြောင်းဖွင့်လှစ်ခဲ့ကာ အဆိုပါဇရပ်တွင် ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ပျက်စီးခဲ့သော အဆိုပါ ရုံးအဆောက်အအုံကို ပြန်လည်ပြုပြင်တည်ဆောက်ရန် ကြန့်ကြာနေသဖြင့် ယခုအချိန်အထိ ဇရပ်အတွင်း၌ပင် ရုံးလုပ်ငန်းများ ဆောင်ရွက်ပေးနေရကာ နေ့စဉ် မှတ်ပုံတင်လာရောက်ပြုလုပ်သူမှာ တစ်ရက်လျှင် လူဦးရေ ၆၀ မှ ၇၅ ဦးခန့်အထိ ရှိနေ၍ ရုံးသို့လာရောက်ရသူများအနေဖြင့် နေရာအခက်အခဲများ ကြုံတွေ့နေရကြောင်း မှတ်ပုံတင်လာရောက်ပြုလုပ်သူ တစ်ဦးက ပြောသည်။

လက်ရှိအချိန်အထိ ရုံးဖွင့်ထားသော ရှမ်းကျောင်းကြီး ဘုန်းတော်ကြီးကျောင်းထဲတွင် တိုက်ကြီးငလျင်ကြောင့် ပျက်စီးခဲ့သော ဈေးရပ်ကွက်မှ အမက(၁) စာသင်ကျောင်းကိုလည်း လာရောက်ဖွင့်လှစ်ထားသည့်အတွက် ဘုန်းကြီးကျောင်းဝင်းထဲတွင် လဝကရုံးရောကျောင်းပါ ရှိနေသောကြောင့် ရုံးသို့လာသူများရော၊ ကျောင်းသား ကျောင်းသူများပါ သွားလာရေး အခက်အခဲများ ရှိနေကြောင်းလည်း သိရသည်။

အဆောက်အအုံ ပြန်လည်ဆောက်လုပ်ရန် ကြန့်ကြာနေခြင်းမှာ လဝကရုံးသီးသန့်နှင့် စာသင်ကျောင်းသီးသန့်ဆောက်လုပ်ခွင့် မကျသေးသည့်အတွက် ခက်ခဲနေခြင်းဖြစ်ကြောင်း၊ မြို့နယ်လဝကရုံး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရထံ ဆောက်လုပ်ခွင့်တင်ဒါချပေးရန် တင်ထားကြောင်း သိရသည်။

"ကျွန်တော့်ဌာနက စာရင်းဇယားတွေများတယ်။ နေရာခက်ခဲတော့ ဇရပ်တစ်ဆောင်မှာ ပုံစံအဟောင်းတွေ ခွဲထားရတယ်။ လူတော့ကျပ်တာပေါ့။ လုပ်ရကိုင်ရတာ နည်းနည်းတော့ခက်ခဲပါတယ်။ ကျောင်းမှာ လဝကရုံးလည်းရှိ၊ စာသင်ကျောင်းလည်းရှိတော့ ကျောင်းထိုင်ဆရာတော်ကို အားနာတယ်"ဟု တိုက်ကြီးမြို့နယ် လဝက ဦးစီးအရာရှိက ပြောသည်။

လက်ရှိအချိန်တွင် အက်ကွဲပျက်စီးခဲ့သော လဝကရုံး အဆောက်အအုံဟောင်းကို ဖြိုဖျက်ထားပြီးဖြစ်၍ အသစ်ဆောက်လုပ်ရန်သာ ကျန်ရှိနေကာ အမက(၁) ကျောင်း အဆောက်အအုံမှာမူ ဖြိုဖျက်ခွင့် မရရှိသေးသည့်အပြင် နှစ်ထပ်ကျောင်းဆောက်ရန်အတွက် ပညာရေးဌာနသို့ တင်ပြထားသော ငွေလုံးငွေရင်း ခွင့်ပြုမိန့်လည်း မရရှိသေးကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ဘာသာပေါင်းစုံ ဝတ်ပြုဆုတောင်းပွဲ မြို့နယ်များ၌ကျင်းပ

**အထက်မင်းလှ**

သရက်ခရိုင် မင်းလှမြို့နယ်၌ ဘာသာပေါင်းစုံ ဝတ်ပြုဆုတောင်းပွဲကို မြို့မရပ်ကွက် ရွှေဘုန်းသာဘုရားဝင်းနှင့် ခံတပ်ကြီးအကြားရင်ပြင်၌ အောက်တိုဘာ ၂၄ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။ ဆုတောင်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်မြင့်သန်းက အမှာစကားပြောကြားပြီး ဘာသာပေါင်းစုံ ခေါင်းဆောင်များက မိမိတို့ဘာသာအလိုက် ငြိမ်းချမ်းရေးစကားများ မျှဝေပြောကြား၍ ငြိမ်းချမ်းရေး အထိမ်းအမှတ်အဖြစ် သုံးမိနစ်ငြိမ်သက် ဆုတောင်းခဲ့ကြသည်။ အဆိုပါ ဘာသာပေါင်းစုံ ဝတ်ပြုဆုတောင်းပွဲသို့ မင်းလှမြို့နေ ဘာသာပေါင်းစုံမှ ပြည်သူ ၉၀ ကျော် တက်ရောက်ခဲ့ကြသည်။ **ကိုသက်(အထက်မင်းလှ)**

**မြောင်းမြ**

နိုင်ငံတော် ငြိမ်းချမ်းသာယာစေရန် ရည်ရွယ်သည့် ဘာသာပေါင်းစုံ ဆုတောင်းပွဲကို အောက်တိုဘာ ၂၄ ရက် ညနေပိုင်းက မြောင်းမြမြို့မြို့မဘောလုံးကွင်း၌ ကျင်းပခဲ့သည်။ ဆုတောင်းပွဲတွင် ဗုဒ္ဓဘာသာဝင်များကိုယ်စား ချမ်းမြေ့သာစည်ကျောင်းဆရာတော် ရှင်အဂ္ဂဉာဏ၊ ဟိန္ဒူဘာသာဝင်များကိုယ်စား ပဏ္ဍိတ်ကြီး ဦးမြင့်လွင်၊ ခရစ်ယာန်အသင်းတော်များအဖွဲ့ကိုယ်စား မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သိက္ခာတော်ရဆရာ ဦးတင်မောင်လေး၊ အစ္စလာမ်ဘာသာဝင်များကိုယ်စား ထောင်ကုန်းပလီကျောင်းအုပ်ဆရာကြီး ဦးမျိုးသန့်တို့က ငြိမ်းချမ်းရေးဆုတောင်းစကားများ ဟောပြောကာ ငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာပို့သခဲ့ကြသည်။ အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာပေါင်းစုံမှ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း အင်အား ၂၀၀၀ ခန့် တက်ရောက်ခဲ့သည်။ **စိုးမင်းအောင်(ပြန်/ဆက်)**

**ခင်ဦး**

ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ငြိမ်းချမ်းရေးအတွက် တတိယအကြိမ် ဘာသာပေါင်းစုံ ဆုတောင်းမေတ္တာပို့သပွဲကို မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်၍ မြို့နယ်ခန်းမ၌ အောက်တိုဘာ ၂၄ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုကြပြီး မြို့မိမြို့ဖ ဦးဇော်ထိန်လင်းက ဘာသာပေါင်းစုံ ဆုတောင်းမေတ္တာပို့သပွဲ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြေထူးပရိယတ္တိစာသင်တိုက်မှ စာချနာယက ပြည်တွင်းပြည်ပသာသနာပြုဆရာတော် ဘဒ္ဒန္တဝိစိတ္တ၊ ခရစ်ယာန် ဘုန်းတော်ကြီး ဖာသာဩဂတ်စတင်၊ ဟိန္ဒူဘာသာ ခေါင်းဆောင်တစ်ဦးနှင့် အစ္စလာမ် ဘာသာ ခေါင်းဆောင်တစ်ဦးတို့က ငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာများပို့သခဲ့သည်။ အခမ်းအနားသို့ ဒေသခံပြည်သူ အင်အားတစ်ထောင်ခန့် တက်ရောက်ကြကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

**ပုလဲ**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာ ဘောလုံးကွင်း၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပြည်သူလူထုက ထောက်ခံပွဲနှင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးအတွက် ဘာသာပေါင်းစုံ မေတ္တာပို့ဆုတောင်းပွဲကို အောက်တိုဘာ ၂၄ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုပြီး နိုင်ငံတော်သီချင်း သီဆိုကာ ဗုဒ္ဓဘာသာဝင်များကိုယ်စား ကုန်းရွာဆရာတော် ဘဒ္ဒန္တကုဏ္ဍလ၊ ခရစ်ယာန်ဘာသာဝင်များကိုယ်စား AG ခရစ်ယာန်အသင်း သိက္ခာတော်ရ သင်းအုပ်ဆရာတော် ဦးဇာပန်းနှင့် နှစ်ခြင်းခရစ်ယာန်အသင်း ဓမ္မဆရာမ ဒေါ်ငွန်ပင်တို့က ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးအတွက် ဆုတောင်းမေတ္တာများပို့သသည်။ ထို့နောက် ပုလဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာအောင်လင်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပြည်သူလူထုက ထောက်ခံပွဲနှင့် ဘာသာပေါင်းစုံဆုတောင်းပွဲ ကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက် လာကြသူများက နိုင်ငံတော် ငြိမ်းချမ်းရေးအတွက် သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၅၀၀ ကျော် တက်ရောက်ခဲ့သည်။ **မင်းခန့်စိုး(ဧယျာမြေ)**

**ဖလမ်း**

ချင်းပြည်နယ် ဖလမ်းမြို့ မြို့နယ်ခန်းမ၌ ပြည်ထောင်စု ငြိမ်းချမ်းရေးအတွက် ဒုတိယအကြိမ် ဘာသာပေါင်းစုံ ဆုတောင်းပွဲကို အောက်တိုဘာ ၂၄ ရက်က ကျင်းပရာ ဖလမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က ဆုတောင်းပွဲကျင်းပခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဖလမ်းမြို့အခြေစိုက် ချင်းခရစ်ယာန် ဓမ္မတက္ကသိုလ်ကျောင်း ကျောင်းအုပ်ဆရာကြီး သိက္ခာတော်ရဆရာတော် ဒေါက်တာယောအဲလ်ဇလှယ်ကပ်၊ ဖလမ်းမြို့ သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် တာရွှန်းသာသနာပြုကျောင်းဆရာတော် ဘဒ္ဒန္တဇဋိလနှင့် ဖလမ်းမြို့ ဟိန္ဒူဘုရားကျောင်း ကျောင်းထိုင်ဆရာတော် ဦးဘာရတ်တို့က ဘာသာအလိုက် ဆုတောင်းမေတ္တာပို့သခဲ့ကြပြီး ပရိသတ်များက ဖယောင်းတိုင်မီးများထွန်းညှိ၍ ဆုတောင်းမေတ္တာပို့ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# ပြည်ထောင်စုရှေ့နေချုပ် ဥပဒေအရာရှိအဆင့်-၃ မွမ်းမံ သင်တန်းဖွင့်ပွဲသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၆**



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် အောက်တိုဘာ ၂၄ ရက်က ပြည်ထောင်စုရှေ့နေချုပ်ရုံး သင်တန်းခန်းမ၌ ကျင်းပသည့် ဥပဒေအရာရှိအဆင့်-၃ မွမ်းမံသင်တန်းအမှတ်စဉ် (၂၉) သင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ပြည်ထောင်စုရှေ့နေချုပ်က အမှာစကားပြောကြားရာတွင် ဥပဒေအရာရှိများအနေဖြင့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေ၊ နည်းဥပဒေနှင့်အညီ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားစွာဖြင့်တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် အမှုလိုက်ဘာသာရပ်၊ စီမံရေးရာနှင့် ငွေစာရင်းဘာသာရပ်၊ Legal English ဘာသာရပ်များအပြင် တရားစီရင်ရေး စနစ်တိုးတက်ကောင်းမွန်ရေးကို အထောက်အကူပြုစေမည့် International Criminal Justice Principles၊ အမျိုးသမီးအခွင့်အရေးဆိုင်ရာ CEDAW Convention စသည့်အကြောင်းအရာများကို ထည့်သွင်း သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါမွမ်းမံသင်တန်းသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်ဥပဒေအရာရှိနှင့် ဦးစီးအရာရှိ စုစုပေါင်း ၂၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။

ထို့နောက် နံနက် ၁၀ နာရီခွဲတွင် My Justice Team Leader, Ms.Caitlin Reiger ဦးဆောင်သော အဖွဲ့နှင့်တွေ့ဆုံဆွေးနွေးသည်။ တွေ့ဆုံစဉ် My Justice Team က ၎င်းတို့ပြုလုပ်ထားသည့် တရားမျှတမှုဆိုင်ရာ သုတေသနလုပ်ငန်းကို တင်ပြပြီးနောက် တရားဥပဒေစိုးမိုးရေးနှင့်တရားမျှတမှု ကဏ္ဍတိုးတက်ကောင်းမွန်ရေးအတွက် အများပြည်သူအား ဥပဒေအသိပညာပေးခြင်းကို ပိုမိုဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ တရားမျှတမှုကို အားလုံးလက်လှမ်းမီနိုင်ရေးအတွက် ဥပဒေရေးရာ အထောက်အကူများ ပိုမိုကျယ်ပြန့်စွာ ပံ့ပိုးဆောင်ရွက်ပေးရန်ကိစ္စများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အပါအဝင် တရားစီရင်ရေးကဏ္ဍကို အများပြည်သူယုံကြည်ကိုးစားမှုရှိစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု ထိရောက်ကောင်းမွန်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဘားအံ-မြဝတီကားလမ်းတွင် တစ်နာရီကျော် လမ်းပိတ်ဆို့မှုဖြစ်

**ဘားအံ အောက်တိုဘာ ၂၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-မြဝတီကားလမ်း မိုင်တိုင်အမှတ် (၂၉/၆) နှင့် (၂၉/၇)အကြားတွင် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက ယာဉ်ကြောပိတ်ဆို့မှု တစ်နာရီကျော်ကြာ ဖြစ်ပွားခဲ့၍ ယာဉ်အန္တရာယ်မဖြစ်စေရေးနှင့် ယာဉ်ကြောပြန်ပွင့်စေရေးအတွက် ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးခဲ့ရကြောင်း သိရသည်။

ဘားအံ-မြဝတီကားလမ်းပေါ် ဒူရိန်ကျေးရွာအနီး လမ်းကွေ့တွင် မြဝတီဘက်မှ အဆင်း ၂၂ ဘီးယာဉ်မှာ စက်ချို့ယွင်း၍ရပ်ထားစဉ် မြဝတီမှ ဘားအံသို့သွားမည့်ခြောက်ဘီးယာဉ်တစ်စီးမှာ ရပ်ထားသည့်ယာဉ်၏ ဝဲဘက်ယာဉ်ကြောမှလည်းကောင်း၊ ၁၂ ဘီးယာဉ်တစ်စီးက ရပ်ထားသည့်ယာဉ်၏ ယာဘက်ယာဉ်ကြောမှလည်းကောင်း အသီးသီးကျော်တက်ကြရာ မိုးရွာထားသဖြင့် လမ်းပခုံးသား မြေသားဗွက်များအတွင်း အဆိုပါယာဉ်နှစ်စီးလုံး ဗွက်နစ်ကာ ယာဉ်သုံးစီးယှဉ်လျက်အနေအထားဖြင့် လမ်းပိတ်ဆို့သွားခဲ့ခြင်းဖြစ်သည်။



လမ်းပိတ်ဆို့သည့်နေရာသို့ ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်း၊ ဂျိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်နိုင်တို့ ဦးစီးသည့်အဖွဲ့များ လာရောက်ကြည့်ရှု၍ ယာဉ်အန္တရာယ်မဖြစ်စေရေး ဆောင်ရွက်ပေးပြီး အုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာနေပြည်သူများ၊ ယာဉ်မောင်းများနှင့် လမ်းလုပ်နေသည့်ကုမ္ပဏီမှ ကရိန်းယာဉ်အကူအညီဖြင့် ဝိုင်းဝန်းဖယ်ရှားခဲ့၍ အချိန်တစ်နာရီကျော်ကြာပြီးမှ ယာဉ်ကြောတစ်ဖက်ပွင့်သွားခဲ့ကြောင်း သိရသည်။ ပွင့်သွားသော ယာဉ်ကြောနေရာတွင်လည်း ယာဉ်သွားလာမှု အဆင်ပြေပြီး အန္တရာယ်မရှိစေရန်အတွက် ရဲတပ်ဖွဲ့ဝင်များက စနစ်တကျ စည်းကမ်းထိန်းသိမ်းပေး၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# နမ့်ဆန်မြို့နယ်၌ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းဖွင့်

**နမ့်ဆန် အောက်တိုဘာ ၂၆**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ်၌ ကျောက်မဲခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းကို အောက်တိုဘာ ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်ဝင်းက သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက ကယ်ဆယ်ရေးလုပ်ငန်းနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ကျောက်မဲခရိုင်ရုံးမှ တာဝန်ရှိသူက သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာ ရက်တိုသင်တန်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မကွေးမြို့၌ ဈေးကွက်ဆိုင်ရာ ယုံကြည်မှုတည်ဆောက်နိုင်ရန် စစ်ဆေးကြပ်မတ်မှုများလုပ်ဆောင်နေ

**မကွေး အောက်တိုဘာ ၂၆**

ရောင်းသူနှင့်ဝယ်သူကြား၌ စံအဖြစ်သတ်မှတ်ထားသော အခြင်အတွယ်များ မှန်ကန်စွာအသုံးပြုခြင်းဖြင့် ဈေးကွက်ဆိုင်ရာ ယုံကြည်မှုများ တည်ဆောက်နိုင်ရန် ရည်ရွယ်၍ မကွေးမြို့ရှိ ဈေးများ၊ ကုန်စုံဆိုင်များ၊ ပွဲရုံများတွင် အသုံးပြုသော အခြင်အတွယ်ဆိုင်ရာ ပစ္စည်းများကို ရှောင်တခင် စစ်ဆေးကြပ်မတ်မှုများ လုပ်ဆောင်နေကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"စစ်ဆေးတဲ့နေရာမှာ ကျေနပ်အားရတယ်။ ဒစ်ဂျစ်တယ်တွေဆိုရင်လည်း မြို့မဈေးကြီးမှာဆို တစ်လုံးမှ မတော်တာလုပ်ထားတာ မတွေ့ရဘူး။ ချိန်ခွင်အလေးတွေမှာတော့ တချို့က တစ်ပိဿာမှာဆို ခုနစ်ကျပ်သားလောက်အထိ လိုတာ တွေ့ရတယ်။ ရန်ပယ်ဈေးမှာတော့ ပြည်တောင်းပြဿနာ နည်းနည်းရှိတယ်။ တစ်ပြည်မှာ ခုနှစ်ဘူးခွဲသာသာရှိတဲ့ဆိုင်တွေ တွေ့ရတယ်။ အလေးချိန်ခွင်၊ ဒစ်ဂျစ်တယ် စံမပြည့်တဲ့ဆိုင်တွေကို သတိပေးစာထုတ်ထားတယ်။ ပွဲရုံတွေကို စစ်တဲ့အတွက်လည်း အလေးချိန်နဲ့ပတ်သက်ပြီးတော့ တောင်သူတွေ စိတ်ချလက်ချ ဖြစ်လာပါလိမ့်မယ်"ဟု မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးနီက လိုက်လံစစ်ဆေးရာ၌ တွေ့ရှိခဲ့ရသည့် အခြေအနေကို ရှင်းလင်းပြောကြားသည်။

အလေးချိန်ခွင်၊ တင်းတောင်း၊ ကတ္တားစသည့် အခြင်အတွယ်ကိရိယာများတွင် အတိုင်းအတာများ ပုံမှန် စံကိုက်သုံးစွဲ ရောင်းဝယ်မှုပြုရေး၊ အငြင်းပွားမှုတစ်စုံတစ်ရာ မရှိစေရေးနှင့် အငြင်းပွားမှုပေါ်ပေါက်လာပါက အလွယ်တကူ ဖြေရှင်းနိုင်ရေးတို့အတွက် မကွေးမြို့ပေါ်ရှိ ဈေး ခြောက်ဈေး၊ ပွဲရုံအကြီးအသေး ၃၀၀ ကျော်နှင့် ကုန်စုံဆိုင်များကို စစ်ဆေးမှုများ လိုက်လံလုပ်ဆောင်နေကြောင်း စစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

"ဒီလိုစစ်လိုက်တော့ ရောင်းတဲ့သူ၊ ဝယ်တဲ့သူ နှစ်ဦးလုံးမှာ ယုံကြည်တဲ့ဆက်ဆံရေး ဖြစ်သွားတာပေါ့။ အရင်တုန်းကတော့ ဝယ်ရင် ရောင်းရင် အလေးက မှန်မှမှန်ပါ့မလားလို့ သံသယတွေ ရှိကြတာပေါ့။ ပြည်သူတွေဘက်ကလည်း ဒါမျိုး ခဏခဏစစ်ပေးရမှာဆိုတဲ့ အသံတွေလည်း ကြားရတယ်လေ။ ရှောင်တခင် စစ်နေတာဆိုတော့လည်း ဘယ်သူမှ မဟုတ်တာ မလုပ်ရဲတော့ပါဘူး"ဟု မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက ဆိုသည်။

ယခု အောက်တိုဘာလအတွင်းမှစ၍ စတင်လုပ်ဆောင်နေသည့် စစ်ဆေးမှုများတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီက ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းလုပ်ဆောင်နေခြင်းဖြစ်ကြောင်း ၊ အောင်မင်္ဂလာရပ်ကွက်နှင့် အောင်ရတနာရပ်ကွက်အတွင်းမှ ပွဲရုံများကို လိုက်လံစစ်ဆေးရာတွင် လုပ်ငန်းရှင်များကလည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးအောင်ကိုကို၏ ပြောကြားချက်အရ သိရသည်။ **ဇေယျတု(မကွေး)**



## အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း၏ လူထုစည်းရုံးရေးမှူးများ စွမ်းရည်မြှင့်သင်တန်းဖွင့်

**ငပုတော အောက်တိုဘာ ၂၆**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းအကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း၏ လုထုစည်းရုံးရေးမှူးများ စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ်(၂/၂၀၁၇)(TOF-2)ကို အောက်တိုဘာ ၂၂ ရက်က ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးသန်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးကျော်သူမင်းက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ လူထုစည်းရုံးရေးမှူး ခြောက်ဦး၊ လက်ထောက်နည်းပညာမှူး ရှစ်ဦး၊ အသက်မွေးဝမ်းကျောင်းစည်းရုံးရေးမှူး ကိုးဦး၊ မြို့နယ်အဆင့်နည်းပညာအကြံပေးအဖွဲ့ဝင် ခုနစ်ဦး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်း ရှစ်ဦး စုစုပေါင်း ၃၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၂ ရက်မှစ၍ ခြောက်ရက်ကြာသင်တန်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




## မိုးအဆက်မပြတ်ရွာ၍ ကျေးရွာများမှ ရိတ်သိမ်းဆဲစပါးခင်းအချို့ပျက်စီး



**တာချီလိတ် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ အောက်တိုဘာ ၂၃ ရက် ည ၁၁ နာရီခန့်မှစတင်၍ အောက်တိုဘာ ၂၄ ရက်အထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နမ့်လင်းချောင်းနှင့် နမ့်ပါဆာချောင်းတို့တွင် ရေများမြင့်တက်လာပြီး တာလေမြို့ နားယောင်းကျေးရွာအုပ်စုရှိ တောင်သူများ၏ ရိတ်သိမ်းဆဲ မိုးစပါးစိုက်ခင်းအချို့ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နားယောင်းကျေးရွာအုပ်စုအတွင်းမှ ရန်ကင်း(၁)ကျေးရွာတွင် မိုးစပါး ၁ ဒသမ ၈ ဧက၊ နောင်မွန်းကျေးရွာတွင် ၀ ဒသမ ၆ ဧက၊ ပန်ချီဟတ်ကျေးရွာတွင် ၀ ဒသမ ၅ ဧက စုစုပေါင်း ၂ ဒသမ ၉ ဧက ရေစီးတွင် မျောပါပျက်စီးခဲ့ပြီး တာကြန့်ကျေးရွာ၌လည်း မိုးစပါးစိုက်ခင်း ၃၁ ဒသမ ၈ ဧက အတွင်းသို့ ရေဝင်နစ်မြုပ်လျက်ရှိကြောင်းသိရသည်။ အဆိုပါ ရိတ်သိမ်းဆဲစပါးစိုက်ခင်းများ ရေနစ်မြုပ်သည့် လယ်ကွင်းများသို့ တာလေမြို့အုပ်ချုပ်ရေးမှူး ဦးခွန်စိုးသူ ဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများက ကွင်းဆင်းစစ်ဆေး၍ စာရင်းကောက်ယူခြင်း၊ ထိခိုက်ပျက်စီးမှုနည်းပါးရေးအတွက် လိုအပ်သည်များ ကူညီခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကွန်ပျူတာအခြေခံသင်တန်းဖွင့်

**ပြင်ဦးလွင် အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မော်တော်ယာဉ်နည်းပညာ သုတေသနဌာနတို့ ပူးပေါင်း၍ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကာလတို အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၃/၂၀၁၇)ကို ပြင်ဦးလွင်မြို့မြို့ပတ်လမ်းရှိ မော်တော်ယာဉ်နည်းပညာ သုတေသနဌာန၌ အောက်တိုဘာ ၂၃ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုးက သင်တန်းမှာ ကျွမ်းကျင်မှုအခြေပြုကာလတို လေးပတ်သင်တန်းဖြစ်ပြီး ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်နှင့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်စွာ အသုံးချနိုင်ရေး ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန မော်တော်ယာဉ်နည်းပညာ သုတေသနဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမြတ်သင်းကိုက သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များအကြောင်းကို ရှင်းလင်းပြောကြားကာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းအတွက် သင်ထောက်ကူစာအုပ်များကို သင်တန်းသား သင်တန်းသူများထံ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် အခြေခံကွန်ပျူတာပိုင်းဖြစ်သော Word, Excel, Power Point, PageMaker နှင့် Photoshop စသည့် ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းကာလမှာ အောက်တိုဘာ ၂၃ မှ နိုဝင်ဘာ ၂၃ အထိဖြစ်ပြီး သင်တန်းတွင် ဌာနဆိုင်ရာများမှ ဝန်ထမ်း ၂၀ ဦး တက်ရောက်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## အထွက်တိုးမျိုးကောင်း မိုးစပါးများ ရွေးချယ်စိုက်ပျိုးထား

**ထီးလင်း အောက်တိုဘာ ၂၆**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် အထွက်ကောင်းမျိုးများကို ရွေးချယ်စိုက်ပျိုးထားကြရာ ယခုနှစ် မိုးစပါးစိုက်ပျိုးထားမှုမှာ မနောသုခ ၅၂၆၉ ဧက၊ ဆင်းသုခ ၇၅၈၀ ဧက၊ ရတနာတိုး ၁၉၂၅ ဧက၊ ပုလဲသွယ်စပ်မျိုးစပါး ၁၃၄၆ ဧကတို့ဖြစ်ပြီး စုစုပေါင်း စပါးစိုက်ပျိုးဧက ၁၆၁၂၀ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ထီးလင်းမြို့နယ်၌ ပြီးခဲ့သည့် စက်တင်ဘာနှင့် ယခု အောက်တိုဘာလများအတွင်း မိုးများအဆက်မပြတ် ရွာသွန်းခဲ့သော်လည်း မိုးရာသီကာလက မိုးစပါးစိုက်ပျိုးသည့် လယ်မြေများကို ထိခိုက်မှုမရှိဘဲ ယခုအခါ သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပုဇွန်တောင်မြို့နယ်အတွင်း ယာဉ်လမ်းရှင်းလင်းရေးနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်အတွင်း ယာဉ်လမ်းရှင်းလင်းရေးနှင့် ယာဉ်မောင်းသူများအား အသိပညာပေးခြင်းလုပ်ငန်းများကို ယာဉ်ထိန်းတပ်ဖွဲ့စု (၃၂)မှ တပ်ဖွဲ့ဝင်များက ပုဇွန်တောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်းပေါ်၌ အောက်တိုဘာ ၂၄ ရက်က ဆောင်ရွက်ခဲ့သည်။

ယာဉ်ထိန်းတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၅)ရပ်နှင့်အညီ ပုဇွန်တောင်မြို့နယ်အတွင်း၌ ယာဉ်လမ်း ရှင်းလင်းရေး၊ ယာဉ်မောင်းသူများ မော်တော်ယာဉ်မောင်းနှင်စဉ် လိုက်နာရမည့် စည်းကမ်းချက်များဖြစ်သော ထိုင်ခုံခါးပတ် အသုံးပြုရေး၊ အချက်ပြမီး မှန်ကန်စွာ သုံးစွဲရေးတို့ကို အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ယာဉ်များတွင် ယာဉ်မောင်းလိုင်စင်၊ ဗီးတက် ပါ/မပါ၊ သက်တမ်းရှိ/မရှိ တစ်ပါတည်း စစ်ဆေးကြောင်း၊ ယခု အသိပညာပေးမှုများ ဆောင်ရွက်ပြီးသည့်နောက်ပိုင်းတွင် စည်းကမ်းမလိုက်နာခြင်းများအတွက် စစ်ဆေးအရေးယူသည့်အပိုင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယာဉ်ထိန်းတပ်ဖွဲ့စု (၃၂)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**



# မြန်မာနိုင်ငံနှင့် လူလတ်တန်းစားတိုးပွားလာမှု



ပါရမီလမ်းနှင့် ပြည်လမ်းကြားရှိ ယာဉ်သွားလာမှုအခြေအနေများကို တွေ့မြင်ရပုံ

အောက်တိုဘာလဆန်းပိုင်း ၄ ရက်နေ့က နေပြည်တော်မှ-ရန်ကုန်သို့ အမြန်လမ်းအတိုင်းကားဖြင့်ပြန်လာရာလမ်းတစ်လျှောက် မော်တော်ယာဉ်များစွာ ဖြတ်သန်းနေကြသည်ကိုတွေ့ရှိရသည်။ ရန်ကုန်နှင့် နီးလာသည်နှင့် ရန်ကုန်ဘက်မှထွက်လာသောကားတန်းကြီးကို တရွေ့ရွေ့မြင်ရပါသည်။ အမြန်လမ်းဆုံနေရာလောက်မှစ၍ ထောက်ကြန့်၊ မင်္ဂလာဒုံလောက်အထိ ၁၀ မိုင်ခန့် ရွေ့လျားလာသော ကားတန်းကြီးကိုတွေ့ရပါသည်။ အမှတ်(၃)လမ်း၊ အမှတ်(၂)လမ်းတို့တွင်လည်းကောင်း၊ လှိုင်သာယာမှ ဆားမလောက်လမ်းဆုံ လောက်အထိ ယင်းရန်ကုန်မြို့မှ ထွက်သောမော်တော်ယာဉ်များနှင့်ကျပ်သိပ်နေသည်ဟုသတင်းရပါသည်။ အားလပ်ရက် ရန်ကုန်မြို့မှ ပြင်ပသို့ ခရီးထွက်ကြသူများစွာကိုတွေ့ရသည်။ ထိုတန်းစီကျပ်တည်းနေသောရန်ကုန်မှ မြို့ပြင်သို့ထွက်သည့် ယာဉ်တန်းကြီးတွေ့ရသည်နှင့် လွန်ခဲ့သော အနှစ် ၂၀ ခန့်က ဂျာမနီနိုင်ငံ ဘာလင်မြို့၌ Professor Dr.Hsheck ၏ သင်ခန်းစာနှင့် AIT မှ Dr.Hardi တို့၏ သင်ခန်းစာနှစ်ခုကိုပူးတွဲသတိရလိုက်သည်။ သင်ခန်းစာအမည်က Maslow Theory ဖြစ်သည်။

သင်ခန်းစာအရလူသားတို့၏ ဘဝရှင်သန်မှုအလေ့အထကိုရည်ညွှန်းထားပါသည်။ ပထမဆုံးအဆင့်မှာ လူတို့သည် စားဝတ်နေရေးအတွက် ရုန်းကန်ရှာဖွေနေရသောဘဝဖြစ်သည်။ အဆင်းရဲဆုံးအခြေအနေဖြစ်၍ ရုံးပိတ်ရက်အပန်းဖြေခြင်း၊ အပျော်ခရီးထွက်ခြင်း၊ ပရဟိတလုပ်ငန်းများဆောင်ရွက်ခြင်းစသည်တို့မှာ ယင်းအဆင့်တွင် မစဉ်းစားနိုင်သေးပါ။

ဒုတိယအဆင့်မှာ စားဝတ်နေရေးအတွက် အလုပ်အကိုင်အတည်တကျနှင့်ဝင်ငွေအတည်တကျ ရလာသောအခါ လူတို့သည် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ကို လိုချင်လာကြသည်။ အေးချမ်းသာယာသောဘဝကို အလိုရှိလာကြသည်။

တတိယအဆင့်မှာ အလုပ်အကိုင်အတည်တကျနှင့် လုံခြုံစိတ်ချရသည့် ပတ်ဝန်းကျင်ရှိသော နေအိမ်လည်းပိုင်ဆိုင်လာပြီး သူတို့သည် မိသားစုကိုပို၍ အချိန်ပေးလာကြသည်။ အားလပ်ရက်ကိုတန်ဖိုးထား၍ အပန်းဖြေလာတတ်ကြသည်။

(ဤအဆင့်သည် လူလတ်တန်းစားအဆင့်ဟုသတ်မှတ်သည်)

စတုတ္ထအဆင့်မှာ ငွေကြေးအခြေအနေပြည့်စုံမှုရှိလာသောအချိန်တွင် ပရဟိတလုပ်ငန်းများကိုပိုမိုလုပ်ကိုင်လာကြသည်။ အလှူအတန်းရက်ရောစွာ ဆောင်ရွက်လာကြသည်။ ငွေကြေးချမ်းသာမှုက လူတွေရဲ့စိတ်ဓာတ်များလည်း ပိုမိုနူးညံ့ပျော့ပျောင်းလာကြသည်။ ရပ်ရေး၊ ရွာရေး၊ နိုင်ငံ့အရေးကိစ္စတို့ကိုငွေကြေးအားဖြင့် လည်းကောင်း၊ ကိုယ်တိုင်ပါဝင်၍သော်လည်းကောင်း ဆောင်ရွက်လိုလာကြသည်။ ထင်ပေါ်ကျော်ကြားလိုလာကြသည်။ ဂုဏ်သိက္ခာကိုဦးစားပေးလာကြသည်။

ပဉ္စမအဆင့်မှာ အချမ်းသာဆုံးအဆင့်ရောက်ရှိချိန်တွင် လူတို့၏ အလိုလားဆုံးနှစ်ချက်ဖြစ်သောသံသရာနှင့် နောင်ဘဝများအတွက် ကောင်းမှုကိုရည်ရွယ်ဆောင်ရွက်လိုလာကြသည်။ အချို့မှာ ယခုဘဝပင်လျှင် အာဏာကိုရယူလိုလာကြသည်။ လူ့ဘဝ တီထွင်ဆန်းသစ်မှုများကို ဦးစားပေးလိုကြသည်။

Maslow သီအိုရီအရဆိုလျှင် လူလတ်တန်းစားများသည် အားလပ်ရက်ကိုအပန်းဖြေလိုကြသည်။ မိသားစုကိုအချိန်ပေးလိုကြသည်။ ရန်ကုန်မြို့မှ လူလတ်တန်းစားအများစုသည် သီတင်းကျွတ် အားလပ်ရက်တွင် ငပလီ၊ ချောင်းသာ၊ ငွေဆောင်သို့လည်းကောင်း၊ ပုဂံ၊ မန္တလေး၊ အင်းလေး၊ ပုပ္ပား၊ တောင်ကြီးသို့ လည်းကောင်း၊ ဘားအံ၊ မော်လမြိုင်၊ စက်စဲသို့ လည်းကောင်း အပန်းဖြေခရီးများသွားရောက်ကြရာ ရန်ကုန်မြို့တွင်း၌ပင် အဆိုပါသီတင်းကျွတ်ကာလတွင် ယာဉ်အသွားအလာများနည်း၍ ကားချောင်နေသည်ကို တွေ့ရပါသည်။ ပုဂံ၊ ပုပ္ပား၊ အင်းလေး၊ ချောင်းသာ၊ ငွေဆောင်ဟိုတယ်များအားလုံးပြည့်နေသည်ကိုတွေ့ရသည်။

ပရော်ဖက်ဆာဟူးရှက်က နိုင်ငံတိုင်းသည် လူလတ်တန်းစားများစွာရှိရမည်ဟုပြောခဲ့သည်။ ဂျာမနီနိုင်ငံနှင့် နှိုင်းယှဉ်၍ ဂျာမနီတွင် လူလတ်တန်းစား ၈၀ ရာခိုင်နှုန်း၊ အထက်တန်းလွှာ ၁၅ ရာခိုင်နှုန်းနှင့် ဆင်းရဲသားဟုဆိုနိုင်သည့် စားဝတ်နေရေးအပေါ် ရုန်းကန်နေရသူ ၅ ရာခိုင်နှုန်းခန့်သာရှိကြောင်းရှင်းပြခဲ့သည်။ နိုင်ငံတိုင်းသည် လူလတ်တန်းစားများများပေါ်ထွန်းအောင် ကြိုးပမ်းရမည်ဟုပြောကြားခဲ့သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ လူလတ်တန်းစားမည်မျှရှိမည်ကို Analysis မပြုလုပ်ထားသော်လည်းအားလပ်ရက်များတွင် အပန်းဖြေခရီးထွက်ကြသူများ၊ ပိတ်ရက်များတွင် မိသားစုအတွက် အချိန်ပေးနိုင်ကြသူများ၊ ဂေါက်သီးရိုက်ကစားနေကြသူများ၊ ပိတ်ရက်များတွင် မိသားစုအတွက် အချိန်ပေးနိုင်ကြသူများ၊ Super Market ကြီးများတွင် ရုပ်ရှင်ကြည့်၊ ဈေးဝယ် အချိန်ပေးအပန်းဖြေနေကြသူများအားလုံးသည် လူလတ်တန်းစားများ ဖြစ်ကြ၍ မြန်မာနိုင်ငံတွင် လူလတ်တန်းစားအရေအတွက် တိုးပွားလာနေသည်ကို တွေ့မြင်နေရပါသည်။

ဤနေရာတွင် လူလတ်တန်းစားအရေအတွက်တိုးလာသည်နှင့် လိုအပ်သည်က Infrastructure ကဏ္ဍဖြစ်ပါသည်။ လူလတ်တန်းစားတို့သည် ကိုယ်ပိုင်ကားစီးလာနိုင်ကြသည်ဖြစ်ရာ တိုးတက်လာသောမော်တော်ယာဉ်အရေအတွက်များအတွက် လုံလောက်သောလမ်းအကျယ်၊ လမ်းအရှည်၊ ယာဉ်ရပ်နားကွင်း၊ (Car Parking) အရေအတွက်တို့သည် မဖြစ်မနေစီမံခန့်ခွဲပေးရပါမည်။ သို့တည်းမဟုတ် လူလတ်တန်းစားများအသုံးပြုနိုင်သည့်၊ အသုံးပြုလိုသည့်၊ အသုံးပြုချင်ဖွယ်ရာ Bus ကားလိုင်းများ၊ Bus Rapid Transit များ၊ Mass Rapid Transitများ၊ Subways များစီစဉ်ဆောင်ရွက်ကြရပါမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှ မိုင် ၅၀ အတွင်း အပန်းဖြေနိုင်မည့် ဥယျာဉ်ကြီးများ၊ ကစားကွင်းကြီးများ၊ တောဥယျာဉ်လေးများ ဖန်တီးဆောင်ရွက်ကြရပါမည်။

ရန်ကုန်မှ မြို့ပြင်ထွက်သောအမှတ်(၁)လမ်းသည်လည်းကောင်း၊ အမှတ်(၂)လမ်း၊ အမှတ်(၃)လမ်းနှင့် လှိုင်သာယာ-ဆားမလောက်လမ်းများကိုရသလောက် ချဲ့ရပါမည်။ လေးလမ်းသွားများကို ခြောက်လမ်းသွား၊ ရှစ်လမ်းသွား၊ ၁၀ လမ်းသွားများ ရအောင်ချဲ့ကြရပါမည်။ အချို့နေရာများတွင်ချဲ့၍လုံးဝမရသည့် နေရာများရှိနေသည်။ လူနေအိမ်များ၊ ဈေး၊ ကျောင်းစသည်တို့ကြောင့် လမ်းချဲ့၍ မရနိုင်ပါ။ ယင်းအပြင် စည်းကမ်းမဲ့ဈေးသည်များက ပလက်ဖောင်းပေါ်ရော၊ ပလက်ဖောင်းအောက်တွင်ပါ ခုံခင်း၍ ဈေးရောင်းချနေကြသည်။ လူစောင့်ခေါ်မည့် ဘတ်စ်ကားများက အဆိုပါဈေးသည်များခင်းကျင်းထားသည့် ဆိုင်လေးများ ဘေးဘက်တွင်ရပ်၍ လူစောင့်တင်နေကြရာတွင် မူလ ၃ လမ်းရှိသည့် လူသွားလမ်းကြောင်းမှာ ၁ လမ်းသာလျှင် ပွင့်နေတော့သည်။

(ထောက်ကြန့်ဈေးရှေ့တွင်လည်းကောင်း၊ SSC ရွှေဂုံတိုင်ရှေ့တွင်လည်းကောင်း၊ သဃ်န်းကျွန်းစံပြဈေးရှေ့တွင်လည်းကောင်း ဤအခြေအနေကို တွေ့မြင်နိုင်ပါသည်။)

ဗန်ကောက်မြို့၏ ၁၉၉၀ ပြည့်နှစ်များကအခြေအနေသည် ယနေ့ ရန်ကုန်မြို့အခြေအနေနှင့် အလွန်တူသည်။ ပလက်ဖောင်းဈေးသည်များက လမ်းပေါ်တက် ဈေးရောင်းနေကြသည်။ ဘတ်စ်ကားများ၊ တုတ်တုတ်များ၊ Taxi များက ရပ်ချင်သလိုရပ်၍ လူစောင့်တင်ကြသည်။

တာဝန်ရှိသူများသည် မြေအောက်ရထားစနစ်ကိုလည်းကောင်း၊ Elevated Expressway (မိုးပျံလမ်းမများ) ကိုလည်းကောင်း တစ်ပြိုင်နက် အကောင်အထည်ဖော်ကြရာ Traffic Jam ပြဿနာမှာ ပိုမိုဆိုးရွားလာသည်။ ယင်းအခြေအနေတွင် တာဝန်ရှိသူတို့သည် ပလက်ဖောင်းအနားသတ်တစ်လျှောက် ခြံစည်းရိုးခတ်ခြင်း၊ လမ်းဘေးဈေးသည်များကို သတ်မှတ်နေရာများသို့ ရွှေ့ပြောင်းရောင်းချပေးခြင်းတို့ ပြုလုပ်ခဲ့ရာတွင် Traffic Jam ပြဿနာသည်ပြေလည်မှုရှိခဲ့သည်။ Traffic Jam ၅၀ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ခဲ့သည်။




ခြံစည်းရိုးခတ်ခြင်းဖြင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ရန်ကုန်မြို့ပုံစံ

ဤနေရာတွင် Junction များ၏ ကဏ္ဍသည် အရေးကြီးလာပါသည်။ နိုင်ငံတကာတွင် Junction များကို ငွေကြေးကုန်ကျမှုများစွာကျခံ၍ Change over များ တည်ဆောက်ခြင်းသည် Traffic Jam မဖြစ်စေလိုသောကြောင့် ဖြစ်သည်။ Junction နေရာများ၊ မီးပွိုင့်များ၌ Traffic သည် Bottle neck ဖြစ်နေတတ်သည်။ ရန်ကုန်မြို့ Bottle-neck အဖြစ်ဆုံး Junction များမှာထောက်ကြန့်လမ်းဆုံ၊ မင်္ဂလာဒုံခရေပင်လမ်းခွဲ၊ ၁၀ မိုင်ကုန်းနှင့် လေယာဉ်ကွင်းလမ်းဆုံ၊ ပါရမီလမ်းနှင့် ချော်တွင်းကုန်းမီးပွိုင့်၊ ပါရမီလမ်းနှင့် ပြည်လမ်းမီးပွိုင့်၊ ဦးထောင်ဘိုကုန်း (ရွှေတိဂုံဘုရား) မီးပွိုင့်တို့ဖြစ်သည်။

သမိုင်းလမ်းဆုံမီးပွိုင့်တွင်မူ City Mart ရှိသည့် ဘက်အခြမ်းရော တစ်ဖက်အခြမ်းတွင်ပါ လမ်းဘေးဈေးသည်များကို ရှင်းထားမှုကြောင့် လမ်းပိတ်ဆို့မှုကြီးကျယ်စွာမဖြစ်ဘဲ မော်တော်ယာဉ်များ ပုံမှန်အတိုင်းဖြတ်သန်းနေကြသည်ကိုလည်း တွေ့ရှိရပါသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်လည်း ဤသို့ Traffic Jam ပြဿနာကို ၁၉၉၀ နှစ်များဆီက ဆိုးရွားစွာကြုံတွေ့ ခဲ့ကြရသည်။ လမ်းလျှောက်သွားခြင်းကပိုမြန်သည်ဟု ထိုအချိန်ကာလ ဗန်ကောက်နေပြည်သူများက ညည်းတွားခဲ့ကြသည်။

ထိုသို့ပလက်ဖောင်းအနားသတ်တစ်လျှောက် ခြောက်ပေခန့်မြင့်သော သံတံတိုင်းခြံစည်းရိုးများကို ကာရံထားပြီး ဘတ်စ်ကားရပ်ရန်နေရာနှင့် Taxi ရပ်ရန်နေရာများတွင် ကွက်၍ ခြံစည်းရိုးမကာရံထားခြင်းပြုလုပ်ပါက ဘတ်စ်ကားနှင့် Taxi များ ရပ်ချင်သလိုရပ်၍ မရနိုင်တော့သလို၊ လမ်းဘေးဈေးသည်များလည်းလမ်းပေါ်တက်၍ ဈေးရောင်းခြင်း မပြုနိုင်တော့ပါ။ ထိုအခါ ခြောက်လမ်းသွားလမ်းကိုခြောက်လမ်းလုံးအပြည့် မော်တော်ယာဉ်များသွားလာနိုင်တော့မည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် Yangon Inner Ring Road (ရန်ကုန်မြို့မိုးပျံအတွင်းပတ်လမ်း) မပေါ်ပေါက်မီ Traffic Jam ကို လျှော့ကျစေမည်ဖြစ်ပါသည်။

လူလတ်တန်းစားများများပေါ်ထွန်းလာစေရန် နိုင်ငံတိုင်းက ကြိုးပမ်းရမည်ဖြစ်သလိုလူလတ်တန်းစားတို့၏ အကျင့်လက္ခဏာတို့ကိုသိရှိ၍ ကြိုတင်ပြင်ဆင်ပေးကြရပါမည်။ မြန်မာနိုင်ငံတွင် တိုးတက်နေသောလူလတ်တန်းစားတို့နှင့် ၎င်းတို့၏ သွင်ပြင်လက္ခဏာတစ်ခုအတွက် လိုအပ်နေသော Infrastructure ကဏ္ဍတိုးတက်အောင် တာဝန်ရှိသူအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရပါမည်။

**ကျော်လင်း(ဆောက်လုပ်ရေး)**



ဗိုလ်ချုပ်ဈေးအရှေ့ရှိ ပလက်ဖောင်းခြံစည်းရိုးခတ်ထားမှုကြောင့် လမ်းစည်းကမ်းလိုက်နာမှုအခြေအနေများအား တွေ့ရှိရပုံ





## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၉-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၅)ပါ ကန့်ကွက်နိုင်ပါကြောင်းမှ ဦးသောင်းထွန်းအမည်ဖြင့် (၁၀)နှစ်ဂရန်ရရှိမှုအစား(၃၀)နှစ်ဂရန် ရရှိမှုဟု ပြင်ဆင်ဖတ်ရှုပြီး အဆိုပါကြော်ငြာအား ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သီတာထွန်း ၁၂/အစန(နိုင်)၀၃၂၀၂၇**
**အခန်းအမှတ်(၃၀၄)၊**
**မြန်မာ့လေကြောင်းအိမ်ရာ၊ ပါရမီလမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ညောင်ပင်ရပ်ကွက်၊ အကွက်အမှတ် ၂၀၊ ဦးပိုင်အမှတ် ၃၁၊ မြေဧရိယာ ၀ဒသမ၁၆၂ဧက မြေဂရန်အမည်ပေါက်သူ ဦးဇိန်ထုံးဆမ်နော်သည် ကွယ်လွန်ပြီးဖြစ်၍ ဇနီးမယားဖြစ်သူ ဒေါ်ရွှယ်ဂျီး ၁/ဗမန(နိုင်)၀၅၆၄၃၁ ကအမည်ပြောင်း မြေဂရန် သက်တမ်းတိုးမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားအပြည့် အစုံဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။ **ဒေါ်ရွှယ်ဂျီး**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ် ၄၁၊ ဦးပိုင်အမှတ် ၈၅၊ မြေဧရိယာ ၀ဒသမ၀၉၅ဧက မြေဂရန်အမည်ပေါက်သူ ဦးမရန်ဂမ်သည် သေဆုံးပြီးဖြစ်၍ ဇနီးမယားဖြစ်သူဒေါ်ဒါရှီတောင် ၁/ဗမန(နိုင်)၀၁၀၈၈၅က အမည်ပြောင်း မြေဂရန် သက်တမ်းတိုးမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။ **ဒေါ်ဒါရှီတောင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/2250 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန (ရှာသာကြီး)**

## Vacancy Announcement

**Advanced Synergy Co.,Ltd**
Email Address – info@synergygn.com
Contact Phone – 01-2301124, 2301125, 2301977

**1.Marketing Manager (Brand Leader)** M/F ( 3 )
Requirements
- M.B.B.S , B.Med.Tech , B.Pharm.Sc , B.B.M
- Minimum 3 years experience in medical and pharmaceutical field.
- Leadership skills, Management skills, Marketing management skills, Analytical skills.

**2.Medical Sales Representative** M/F ( 6 )
Requirements
- B.Pharm.Sc , B.Med.Tech , B.Com , B.B.M , B.Sc (I.C)
- Minimum 2 years experience in medical and pharmaceutical field.
- Deliver presentation to doctors,pharmacist and hospital medical teams.

**3. Office Executive** M/F ( 1 )
Requirements
- B.A (English)
- Commercial and business awareness
- Excellent communication skills
- Computer and I.T knowledge

Interested Candidates may send their C.V to above e-mail address.

## ဦးကျော်မင်းညီ(ခ)ဦးမီကိုနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းသာတိုက်တန်း၊ ၈၂ လမ်း၊ ၂၇×၂၈ လမ်းကြား၊အမှတ် ၁၊ ဒုတိယထပ်တွင် ဖွင့်လှစ်ထားသည့် ဝတ်မှုန်ထရေးဒင်းကုမ္ပဏီ၏လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း ဦးကျော်မင်းညီ(ခ)ဦးမီကို(ဘ)ဦးညီလေး ၉/ခမစ(နိုင်)၀၅၁၉၅၄နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်မ၏အမှုသည် ဝတ်မှုန်ထရေးဒင်းကုမ္ပဏီ၏အရောင်းဝန်ထမ်းဖြစ်သူ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၅ လမ်း၊ ၈၇×၈၈လမ်းကြား၊ ဆိုင်းတန်းမင်းကြီး ကတော်ဝင်း၊ ရွှေဘုံသာဘုရားအရှေ့ဘက်၊ အမှတ် ၁၄နေ ဦးကျော်မင်းညီ(ခ)ဦးမီကိုအား မြစ်ကြီးနားမြို့နှင့် မိုးညှင်း၊ ဟိုပင်၊ မော်လူး၊ အင်းတော်၊ ကသာမြို့တို့တွင် ငွေကောက်ခံရန်အတွက် ကုမ္ပဏီမှ ဘောက်ချာများနှင့်အတူ စေလွှတ်လိုက်ကြောင်း သိရှိရပါသည်။

သို့သော်ယနေ့အချိန်ထိတိုင်အောင် ကောက်ခံရရှိငွေများနှင့် ပတ်သက်၍ ကုမ္ပဏီသို့ လာရောက်စာရင်းရှင်းလင်းအပ်နှံခြင်းမပြုသည့်အပြင်၊ တစ်စုံတစ်ရာဆက်သွယ်ခြင်းလည်း မပြုလုပ်ပါ။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၎ါးရက်အတွင်း ဦးကျော်မင်းညီ(ခ)ဦးမီကို ကောက်ခံရယူထားသည့် ငွေကြေးများနှင့် ပတ်သက်၍ လာရောက်ရှင်းလင်းပေးအပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ လာရောက်ပေးအပ်ဖြေရှင်းခြင်းမပြုပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးကျော်မင်းညီ(ခ)ဦးမီကိုနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝတ်မှုန်ထရေးဒင်းကုမ္ပဏီ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စန်းဆင့်ဆင့်မိုး(LL.B)**
**အထက်တန်းရှေ့နေ**
**လမ်း-၂၀၊ ၈၀×၈၁ လမ်းကြား၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၄၀၂၅၄၇၈၆၄၊ ၀၉-၉၇၀၃၉၇၈၆၄**

## ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)
## အမျိုးသားနေ့မြတ်ဆရာပူဇော်ပွဲ၊ စိန်ဗိုလ်တင့်ကြေးရုပ်တုဖွင့်ပွဲ
## အမျိုးသားနေ့သီချင်းအဆိုပြိုင်ပွဲနှင့် စင်တင်တေးဂီတဖျော်ဖြေပွဲ

၁၃-၁၁-၂၀၁၇ရက်တွင် ကျရောက်မည့်အမျိုးသားနေ့၌ (၁၉)ကြိမ်မြောက် အငြိမ်း စားဆရာကြီး၊ ဆရာမကြီးများပူဇော်ပွဲ၊ ဆိုင်းဆရာကြီးစိန်ဗိုလ်တင့်ကြေးရုပ်တုဖွင့်ပွဲ၊ အမျိုးသားနေ့သီချင်းဆိုပြိုင်ပွဲနှင့် စင်တင်တေးဂီတဖျော်ဖြေပွဲကို ကျိုက်လတ်မြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

မြတ်ဆရာပူဇော်ပွဲကို အထက(၂)(ယခင်အမျိုးသားကျောင်း)၌ မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။ဂီတသုတေသီနိုင်ငံကျော် ဆိုင်းဆရာကြီးဦးစိန်ဗိုလ်တင့် ကြေးရုပ်တုဖွင့်ပွဲကို နံနက် ၁၀နာရီတွင် ၉×၁၀ ဦးပြုံးချိုလမ်း၊ ဆရာကြီးဦးပြုံးချို ကြေးရုပ်အနီးတွင် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ စည်သူဒေါက်တာဗိုလ်ကလေးတင့်အောင် အမှူးပြု၍ အမျိုးသားသီချင်းဆိုပြိုင်ပွဲနှင့် စင်တင်တေးဂီတဖျော်ဖြေပွဲကြီးကို မြို့နယ် အားကစားခန်းမ(တိုင်းဧရာခန်းမ)တွင် ညနေ ၄နာရီမှ စတင်ပြုလုပ်သွားမည်ဖြစ်ပါသည်။အဆိုပြိုင်ပွဲယှဉ်ပြိုင်လိုသူများသည် ကျိုက်လတ်မြို့နယ်ဂီတအစည်းအရုံး အမှတ်(၆၂)၊ ၅×၆ ဦးစန္ဒာလမ်း၊ ဖုန်း-၀၉-၇၉၅၃၅၁၇၀၁နှင့် မြသန်လဖက်ရည်ဆိုင် ၇-လမ်း၊ ဖုန်း-၀၉-၂၅၂၁၅၄၂၇၄တို့တွင် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပုံစံနှင့် သီချင်းခွေများ ထုတ်ယူနိုင်ပါသည်။

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)က ဦးစီး၍အမျိုးသားနေ့ မိတ်ဆုံခရီးကို ၁၃-၁၁-၂၀၁၇ရက်(အမျိုးသားနေ့)တွင် မော်တော်ယဉ်(Air Con)ကားများဖြင့် ရန်ကုန်မြို့မှ နံနက် ၆နာရီ၌ စုရပ်များဖြစ်သော(၁)မြို့တော်ခန်းမရှေ့၊ (၂)စံရိပ်ငြိမ်၊ (၃)သမိုင်း လမ်းဆုံတံတားအတက်၊ (၄)လှိုင်သာယာကားဝင်းထိပ်တို့မှ ထွက်ခွာပါမည်။ကား လက်မှတ်များကို တစ်စောင် ကျပ် ၄၀၀၀ နှုန်းဖြင့် ဦးအောင်ကြီး ဖုန်း-၀၉-၂၅၄၄၀၉၅၃၇၊ ဒေါ်ခင်ချိုဦး ဖုန်း-၀၉-၃၁၀၄၈၄၂၃၊ ဦးကြည်မြင့် ဖုန်း-၀၉-၄၂၀၁၃၀၄၃၁တို့ထံတွင် ၃-၁၁-၂၀၁၇ရက် နောက်ဆုံးထားဝယ်ယူလိုက်ပါနိုင်ကြပါသည်။

**အမှုဆောင်အဖွဲ့**
**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ် ကန်တောင် အလက(ခွဲ)ဆဋ္ဌမတန်းမှ မောင်အောင်ဖြိုးဝေ၏ဖခင် ဦးပေါ်လာ(ခ)ဦးသိန်းတန် ၅/မရန(နိုင်)၀၀၄၅၉၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်သည် ဦးကျော်စွာဝင်း ၁၂/ဗတထ(နိုင်)၀၀၀၁၀၆ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၃၀ အလယ်၊ ခြောက်လွှာ၊ ခြေရင်းခန်း၊ တိုက်-Bအား ဥပဒေနှင့်အညီ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းဦး**
**၂/လကန(နိုင်)၀၁၀၀၉၈**
**ဖုန်း-၀၉-၅၀၄၆၃၁၂**

## မွေးသက္ကရာဇ်အမှန်

ဟင်္သာတမြို့၊ တာငါးဆယ်မြောက်ရပ်ကွက်၊ ရွှေဝါထွန်းလမ်းနေ ဦးကြည်ရွှင် ၁၄/အဂပ(နိုင်)၀၂၁၅၂၉၏ သမီး မထက်အိန္ဒြေငြိမ်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၇-၂၀၀၀ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

မရန်ချိုရှမ်း TMN–012523 ၏ Passport.Noမမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၈၈၈၂၆၅၀**

## အမည်မှန်

ဦးအိုက်ကု-ဒေါ်ယေ့နမ်းတို့၏သား လားရှိုးမြို့ အလက(၅)ဆဋ္ဌမတန်း(ခ)မှ မောင်ဆိုင်နပ်၏ အမည်မှန်မှာ မောင်ဆိုင်နပ်ကု ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ဖားကန့်မြို့ ACME ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မောင်အင်ထောင်ဇော်ခေါင်၏ ဖခင်အမည်မှန်မှာ ဦးအင်ထောင်လ ၁/မကန(နိုင်) ၀၄၆၃၆၈ ဖြစ်ပါကြောင်း။

**ဦးအင်ထောင်လ**

## အမည်မှန်

မြစ်ကြီးနားမြို့နေ ဦးအင်ထောင်လ ၁/မကန(နိုင်) ၀၄၆၃၆၈၏သား ACME ကိုယ်ပိုင်အထက်တန်းကျောင်းတက္ကသိုလ်ဝင်တန်း(B)မှ မောင်စိုးဟိန်းအောင်အမည်မှန်မှာ မောင်အင်ထောင်ဇော်ခေါင် ဖြစ်ပါကြောင်း။ **မောင်အင်ထောင်ဇော်ခေါင်**

## အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ ဥယျာဉ်မြောက်ရပ်၊ မြစ်ကွေ့ကျောင်းလမ်း၊ အမှတ်(၁၁၂)နေ မြေနှင့်မြေပေါ်ရှိအိမ်သည် ယခုလက်ရှိနေထိုင်သူ ဦးဝင်းအောင် ၁၄/ဟသတ(နိုင်) ၀၁၀၄၁၃၊ ဒေါ်စန်းစန်းခိုင် ၁၄/ဟသတ(နိုင်) ၀၁၀၄၁၄တို့ တစ်ဦးတည်းပိုင်ဆိုင်သောအိမ်ဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ပတ်သက်ပိုင်ဆိုင်ခြင်းမရှိပါကြောင်း၊ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထိခိုက်ပြောဆိုခြင်းများပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ပါသည်။ **ဦးဝင်းအောင်-ဒေါ်စန်းစန်းခိုင်**





နိုင်ငံတကာအဆင့်မီ
ရွှေနန်းတော်
စိန်ရွှေရတနာဆိုင်
နေပြည်တော်(သပြေကုန်းဈေးအနီး)
5 to 50% off
၂-၁၁-၂၀၁၇- ၃၀-၁၂-၂၀၁၇ နေ့ထိ
သိန်းပေါင်း (1700)ကျော် ချီးမြှင့်ပေးမည့်
နိုဝင်ဘာလ(၂)ရက်မှ(၁၃)ရက်နေ့အထိ ဝယ်ယူသူတိုင်းကို
ရွှေဆွဲပြားများလက်ဆောင်ပေးမည်။ (ကံစမ်းရန်မလို)
Grand Opening
2-11-2017
(ကြာသပတေးနေ့)
ကော်ဇောနီခင်း၍ ကြီးကျယ်ခမ်းနားစွာ ဖွင့်လှစ်မည်
Grand Lucky Draw Program
Toyato Brand New ကား (၁)စီး
Brand New Honda ဆိုင်ကယ် (၅)စီး
Brand New ဆိုင်ကယ် (၂၀)စီး
(၈)ပဲသားရွှေဆွဲကြိုး (၁၀)ကုံး
(၄)ပဲသားရွှေဆွဲကြိုး (၁၀)ကုံး
(၅)TV (၁၀)လုံး
(၆)EVD Player (၁၀)ခု
ချက်ခြင်းပေါက်ချက်ခြင်းယူဗလာမပါကံစမ်းမဲ
Brand New ဆိုင်ကယ် (၁၅) စီး
(၈)ပဲသား ရွှေဆွဲကြိုး (၁၀) ကုံး
(၄)ပဲသား ရွှေဆွဲကြိုး (၁၀) ကုံး
(၂)ပဲသား ရွှေလက်စွပ် (၂၀) ကုံး
နှင့် အခြားအမိုးတန်ပစ္စည်းများ
အများဆုံးဝယ်ယူသူ(၁၀)ဦး
Brand New Honda ဆိုင်ကယ်- (၁)စီး
Brand New ဆိုင်ကယ် - (၂)စီး
(၈) ပဲသားရွှေဆွဲကြိုး - (၃)ကုံး
TV နှင့် EVD Player - (၄)ခု
ကံစမ်းရန်မလို
New Arrival
3D CAD/CAM
ပွဲတက်ရွှေထည် လက်ဝတ်ရတနာ
ဒီဇိုင်းဆန်းများ
နေတိုး၊ ပြေတီဦး၊ မြင့်မြတ်၊ ဇေရဲထက်၊
ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ စိုင်သင်းကြည်၊ ဝတ်မှုန်ရွှေရည်၊ အေးမြတ်သူ၊
ယွန်းယွန်း၊ ရွှေထူး၊ အောင်ထက်၊ ပြုံးပြုံးကျော်သိန်း၊ နီနီခင်ဇော်၊ ပိုင်းစုခိုင်သိန်း၊
Dancer - Project K အဖွဲ့များဖြင့်
၂-၁၁-၂၀၁၇ မှစ၍ (၄)ရက်တိုင်တိုင် ကြီးကျယ်ခမ်းနားစွာ ဖွင့်လှစ်မည်။
နေပြည်တော်နှင့်အနီးတဝိုက်မြို့များဖြစ်သည့် ပျဉ်းမနား၊
လယ်ဝေး၊ တပ်ကုန်း ကျေးရွာများအတွက်
အသွားအပြန် အခမဲ့ဘတ်စ်ကားကြီးများစီစဉ်ပေးမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# ရန်ကုန်အဝေးသင်တက္ကသိုလ်
# ဘွဲ့နှင်းသဘင်ကျင်းပခြင်းကြေညာချက်

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၁၆ပညာသင်နှစ်အတွက် ၂၀၁၆ခုနှစ် အောက်တိုဘာလနှင့်နိုဝင်ဘာလတို့တွင် ကျင်းပပြီးစီးခဲ့သော ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့နှင့်သိပ္ပံဘွဲ့စာမေးပွဲများကို အောင်မြင်ပြီး တက်ရောက်ဘွဲ့ယူရန် ၂၅-၈-၂၀၁၇ရက်နောက်ဆုံးထား၍ လျှောက်ထားပြီးဖြစ်သော ပုဂ္ဂိုလ်များအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားများကို ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပမည်ဖြစ်ပါသည်။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့တက်ရောက်ယူသည့်ပွဲများတွင် အမျိုးသားများသည် မြန်မာဝတ်စုံ(အင်္ကျီလက်ရှည်ဖြစ်ရမည်) သို့မဟုတ် တိုင်းရင်းသားဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ(အင်္ကျီလက်ရှည်ဖြစ်ရမည်) (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို **အပြည့်အစုံ**ဝတ်ဆင်၍ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ကြရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ကြမည့် ကျောင်းသူ ကျောင်းသားများသည် အစမ်းလေ့ကျင့်ပွဲရက်နှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ လိုက်လျောညီထွေသော ဝတ်စားဆင်ယင်မှုရှိသူများကိုသာ ဘွဲ့နှင်းသဘင်အခမ်းအနားများ (အစမ်းလေ့ကျင့်ပွဲအပါအဝင်) သို့ တက်ရောက်ခွင့်ပြုမည်ဖြစ်သည်။**

## ၃။ (၁၅၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| ဥပဒေပညာ(ဒဂုံ)(၅၃-၁ မှ ၁၂၅ အထိ)<br>သမိုင်း(ဒဂုံ)<br>စီးပွားရေးပညာ(ဘားအံ)<br>မြန်မာစာ(တောင်ငူ)<br>ရူပဗေဒ(မော်လမြိုင်၊ ပြည်)<br>ရက္ခဗေဒ(ပြည်) | ၁၆-၁၁-၂၀၁၇<br>(ကြာသပတေးနေ့)<br>နံနက် ၉း၀၀ နာရီ<br>ခန်းမ(ရှေ့ခြမ်း) | ၁၈-၁၁-၂၀၁၇<br>(စနေနေ့)<br>နံနက် ၉း၀၀ နာရီ<br>(ပ-နံနက်) |
| ဥပဒေပညာ(ဒဂုံ)<br>(၅၃-၁၂၇ နှင့်အထက်)<br>ပထဝီဝင်(ရန်ကုန်အရှေ့ပိုင်း၊ ရန်ကုန်အနောက်ပိုင်း)<br>အင်္ဂလိပ်စာ (မအူပင်)<br>ဒဿနိကဗေဒ(တောင်ငူ၊ ဟသ်ာတ၊ ပဲခူး)<br>မြန်မာစာ(ဘားအံ)<br>သမိုင်း(ဘားအံ၊ တောင်ကုတ်)<br>ရက္ခဗေဒ(မော်လမြိုင်)<br>ဓာတုဗေဒ(ပြည်)<br>သတ္တဗေဒ(ပြည်) | ၁၆-၁၁-၂၀၁၇<br>(ကြာသပတေးနေ့)<br>နံနက် ၉း၀၀ နာရီ<br>ခန်းမ(နောက်ခြမ်း) | ၁၈-၁၁-၂၀၁၇<br>(စနေနေ့)<br>မွန်းလွဲ ၂း၃၀ နာရီ<br>(ပ-ညနေ) |
| ဥပဒေပညာ(ရန်ကုန်အရှေ့ပိုင်း၊ မြိတ်၊ ဘားအံ၊ ထားဝယ်)<br>အင်္ဂလိပ်စာ(ရန်ကုန်အနောက်ပိုင်း)(၄အ-၁မှ ၂၄၃ အထိ)<br>မြန်မာစာ(မအူပင်)(၄မ-၁ မှ ၄၈၅ အထိ)<br>ဓာတုဗေဒ(မော်လမြိုင်)<br>သင်္ချာ(မော်လမြိုင်) | ၁၆-၁၁-၂၀၁၇<br>(ကြာသပတေးနေ့)<br>မွန်းလွဲ ၂း၀၀ နာရီ<br>ခန်းမ(ရှေ့ခြမ်း) | ၁၉-၁၁-၂၀၁၇<br>(တနင်္ဂနွေနေ့)<br>နံနက် ၉း၀၀ နာရီ<br>(ဒု-နံနက်) |
| ဥပဒေပညာ(ရန်ကုန်အနောက်ပိုင်း၊ စစ်တွေ)<br>ဒဿနိကဗေဒ(ဒဂုံ၊ ရန်ကုန်အရှေ့ပိုင်း)<br>အင်္ဂလိပ်စာ(ရန်ကုန်အနောက်ပိုင်း)(၄အ-၂၄၅နှင့်အထက်)<br>သမိုင်း(တောင်ငူ)<br>မြန်မာစာ(မအူပင်)(၄မ-၄၈၆)နှင့်အထက်)<br>သတ္တဗေဒ(မော်လမြိုင်)<br>သင်္ချာ(ပြည်) | ၁၆-၁၁-၂၀၁၇<br>(ကြာသပတေးနေ့)<br>မွန်းလွဲ ၂း၀၀ နာရီ<br>ခန်းမ(နောက်ခြမ်း) | ၁၉-၁၁-၂၀၁၇<br>(တနင်္ဂနွေနေ့)<br>မွန်းလွဲ ၂း၃၀ နာရီ<br>(ဒု-ညနေ) |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁၄-၁၁-၂၀၁၇ ရက် အင်္ဂါနေ့မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (သထုံလမ်း၊ ကမာရွတ်) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာထုတ်ပေးမည်မဟုတ်ပါ။)

## ၄။ (၁၅၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| ဥပဒေပညာ(မော်လမြိုင်၊ ပုသိမ်၊ မအူပင်)<br>သမိုင်း (ရန်ကုန်အရှေ့ပိုင်း)<br>မြန်မာစာ(မြိတ်)<br>ပထဝီဝင်(ပုသိမ်)<br>အင်္ဂလိပ်စာ(ပဲခူး)<br>ဓာတုဗေဒ(ဒဂုံ)(၄ဓ-၁ မှ ၁၇၈ အထိ) | ၇-၁၂-၂၀၁၇<br>(ကြာသပတေးနေ့)<br>နံနက် ၉း၀၀ နာရီ<br>ခန်းမ(ရှေ့ခြမ်း) | ၉-၁၂-၂၀၁၇<br>(စနေနေ့)<br>နံနက် ၉း၀၀ နာရီ<br>(ပ-နံနက်) |
| ဥပဒေပညာ(ပြည်၊ တောင်ငူ၊ ဟသ်ာတ)<br>စိတ်ပညာ(ဒဂုံ၊ ရန်ကုန်အနောက်ပိုင်း)<br>မြန်မာစာ(ပဲခူး)<br>အင်္ဂလိပ်စာ(ထားဝယ်၊ ဘားအံ)<br>ဓာတုဗေဒ(ဒဂုံ) (၄ဓ-၁၇၈ နှင့်အထက်)<br>ရူပဗေဒ(ဒဂုံ) | ၇-၁၂-၂၀၁၇<br>(ကြာသပတေးနေ့)<br>နံနက် ၉း၀၀ နာရီ<br>ခန်းမ(နောက်ခြမ်း) | ၉-၁၂-၂၀၁၇<br>(စနေနေ့)<br>မွန်းလွဲ ၂း၃၀ နာရီ<br>(ပ-ညနေ) |
| စီးပွားရေးပညာ(ရန်ကုန်အနောက်ပိုင်း)<br>(၄စီး-၄ မှ ၁၇၂ အထိ)<br>စီးပွားစီမံ (မအူပင်)<br>ဒဿနိကဗေဒ(မြိတ်)<br>မြန်မာစာ(ပြည်) (၄မ-၂ မှ ၄၂၀ အထိ)<br>ပထဝီဝင်(မြိတ်)<br>သင်္ချာ(ဒဂုံ) | ၇-၁၂-၂၀၁၇<br>(ကြာသပတေးနေ့)<br>မွန်းလွဲ ၂း၀၀ နာရီ<br>ခန်းမ(ရှေ့ခြမ်း) | ၁၀-၁၂-၂၀၁၇<br>(တနင်္ဂနွေနေ့)<br>နံနက် ၉း၀၀ နာရီ<br>(ဒု-နံနက်) |
| စီးပွားရေးပညာ(ရန်ကုန်အနောက်ပိုင်း)<br>(၄စီး-၁၇၃နှင့် အထက်)<br>မြန်မာစာ(ပြည်)(၄မ-၄၂၁နှင့်အထက်)<br>သမိုင်း(ထားဝယ်)<br>အင်္ဂလိပ်စာ(တောင်ငူ)<br>သတ္တဗေဒ(ဒဂုံ)<br>ရက္ခဗေဒ(ဒဂုံ) | ၇-၁၂-၂၀၁၇<br>(ကြာသပတေးနေ့)<br>မွန်းလွဲ ၂း၀၀နာရီ<br>ခန်းမ (နောက်ခြမ်း) | ၁၀-၁၂-၂၀၁၇<br>(တနင်္ဂနွေနေ့)<br>မွန်းလွဲ ၂း၃၀နာရီ<br>(ဒု- ညနေ) |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၄-၁၂-၂၀၁၇ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (သထုံလမ်း၊ ကမာရွတ်) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာထုတ်ပေးမည်မဟုတ်ပါ)

## ၅။ အကြိမ်(၁၆၀)မြောက် ဘွဲ့နှင်းသဘင်

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| စီးပွားရေးပညာ(ဒဂုံ)<br>မြန်မာစာ(ပုသိမ်)(၄မ-၁မှ၄၂၆အထိ)<br>ပထဝီဝင်(စစ်တွေ၊ ပြည်၊ တောင်ငူ)<br>ရူပဗေဒ(ရန်ကုန်အနောက်ပိုင်း)<br>ဓာတုဗေဒ(ဟသ်ာတ)<br>သိပ္ပံဘာသာရပ်အားလုံး(တောင်ကုတ်) | ၂၈-၁၂-၂၀၁၇<br>(ကြာသပတေးနေ့)<br>နံနက် ၉း၀၀နာရီ<br>ခန်းမ(ရှေ့ခြမ်း) | ၃၀-၁၂-၂၀၁၇<br>(စနေနေ့)<br>နံနက် ၉း၀၀နာရီ<br>(ပ-နံနက်) |
| ပထဝီဝင်(နိုင်ငံခြား၊ ဒဂုံ)<br>အင်္ဂလိပ်စာ(မော်လမြိုင်)<br>မြန်မာစာ(ပုသိမ်)(၄မ-၄၂၇မှ ၈၆၈အထိ)<br>သမိုင်း(ပြည်)<br>ဓာတုဗေဒ(ရန်ကုန်အနောက်ပိုင်း)<br>သတ္တဗေဒ(ဟသ်ာတ) | ၂၈-၁၂-၂၀၁၇<br>(ကြာသပတေးနေ့)<br>နံနက် ၉း၀၀နာရီ<br>ခန်းမ(နောက်ခြမ်း) | ၃၀-၁၂-၂၀၁၇<br>(စနေနေ့)<br>မွန်းလွဲ ၂း၃၀နာရီ<br>(ပ-ညနေ) |
| မြန်မာစာ(ရန်ကုန်အရှေ့ပိုင်း)<br>(၄မ-၂မှ ၁၉၀အထိ)<br>မြန်မာစာ(ပုသိမ်)(၄မ-၈၆၉မှ ၁၃၃၄အထိ)<br>သမိုင်း(ပုသိမ်)<br>သင်္ချာ(ရန်ကုန်အနောက်ပိုင်း၊ ဟသ်ာတ) | ၂၈-၁၂-၂၀၁၇<br>(ကြာသပတေးနေ့)<br>မွန်းလွဲ ၂း၀၀နာရီ<br>ခန်းမ(ရှေ့ခြမ်း) | ၃၁-၁၂-၂၀၁၇<br>(တနင်္ဂနွေနေ့)<br>နံနက် ၉း၀၀နာရီ<br>(ဒု-နံနက်) |
| မြန်မာစာ(ရန်ကုန်အရှေ့ပိုင်း)(၄မ-၁၉၁နှင့်အထက်)<br>မြန်မာစာ(ပုသိမ်)(၄မ-၁၃၃၅နှင့်အထက်)<br>ဒဿနိကဗေဒ(ထားဝယ်၊ ပြည်)<br>ပထဝီဝင်(ပဲခူး)<br>အင်္ဂလိပ်စာ(ပြည်)<br>သတ္တဗေဒ(ရန်ကုန်အနောက်ပိုင်း)<br>ရက္ခဗေဒ(ရန်ကုန်အနောက်ပိုင်း၊ ဟသ်ာတ)<br>ရူပဗေဒ(ဟသ်ာတ) | ၂၈-၁၂-၂၀၁၇<br>(ကြာသပတေးနေ့)<br>မွန်းလွဲ ၂း၀၀နာရီ<br>ခန်းမ(နောက်ခြမ်း) | ၃၁-၁၂-၂၀၁၇<br>(တနင်္ဂနွေနေ့)<br>မွန်းလွဲ ၂း၃၀နာရီ<br>(ဒု-ညနေ) |

ဘွဲ့နှင်းသဘင်တတ်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၂၆-၁၂-၂၀၁၇ရက် (အင်္ဂါနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ်(သထုံလမ်း၊ ကမာရွတ်) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာထုတ်ပေးမည်မဟုတ်ပါ)

## (၁၆၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| စီးပွားရေးပညာ(ရန်ကုန်အရှေ့ပိုင်း)<br>(၄စီး-၂မှ၂၀၃အထိ)<br>အရှေ့တိုင်းပညာ(ဒဂုံ၊ ရန်ကုန်အရှေ့ပိုင်း၊<br>ရန်ကုန်အနောက်ပိုင်း)<br>မြန်မာစာ(စစ်တွေ)(၄မ-၉မှ၆၈၄အထိ)<br>သမိုင်း(မအူပင်)<br>ရူပဗေဒ(ရန်ကုန်အရှေ့ပိုင်း၊ ပုသိမ်)<br>ရက္ခဗေဒ(ပုသိမ်) | ၁၁-၁-၂၀၁၈<br>(ကြာသပတေးနေ့)<br>နံနက် ၉း၀၀နာရီ<br>ခန်းမ(ရှေ့ခြမ်း) | ၁၃-၁-၂၀၁၈<br>(စနေနေ့)<br>နံနက် ၉း၀၀နာရီ<br>(ပ-နံနက်) |
| စီးပွားရေးပညာ(ရန်ကုန်အရှေ့ပိုင်း)<br>(၄စီး-၂၀၄နှင့်အထက်)<br>စီးပွားစီမံ(ရန်ကုန်အရှေ့ပိုင်း၊ ရန်ကုန်အနောက်ပိုင်း)<br>မြန်မာစာ(စစ်တွေ)(၄မ-၆၈၉နှင့်အထက်)<br>သမိုင်း(ပဲခူး)<br>ပထဝီဝင်(မအူပင်)<br>ဓာတုဗေဒ(ရန်ကုန်အရှေ့ပိုင်း)<br>သတ္တဗေဒ(ရန်ကုန်အရှေ့ပိုင်း) | ၁၁-၁-၂၀၁၈<br>(ကြာသပတေးနေ့)<br>နံနက် ၉း၀၀နာရီ<br>ခန်းမ(နောက်ခြမ်း) | ၁၃-၁-၂၀၁၈<br>(စနေနေ့)<br>မွန်းလွဲ ၂း၃၀နာရီ<br>(ပ-ညနေ) |
| အင်္ဂလိပ်စာ(ရန်ကုန်အရှေ့ပိုင်း)(၄အ-၁မှ၂၄၁အထိ)<br>အင်္ဂလိပ်စာ(မြိတ်)<br>ပထဝီဝင်(ဘားအံ)<br>သမိုင်း(မော်လမြိုင်)<br>သင်္ချာ(ရန်ကုန်အရှေ့ပိုင်း)<br>ဓာတုဗေဒ(ပုသိမ်) | ၁၁-၁-၂၀၁၈<br>(ကြာသပတေးနေ့)<br>မွန်းလွဲ ၂း၀၀နာရီ<br>ခန်းမ(ရှေ့ခြမ်း) | ၁၄-၁-၂၀၁၈<br>(တနင်္ဂနွေနေ့)<br>နံနက် ၉း၀၀နာရီ<br>(ဒု-နံနက်) |
| အင်္ဂလိပ်စာ(ရန်ကုန်အရှေ့ပိုင်း)(၄အ-၂၄၃နှင့်အထက်)<br>စီးပွားရေးပညာ(ပြည်၊ တောင်ငူ)<br>မြန်မာစာ(တောင်ကုတ်)<br>ရက္ခဗေဒ(ရန်ကုန်အရှေ့ပိုင်း)<br>သင်္ချာ(ပုသိမ်)<br>သတ္တဗေဒ(ပုသိမ်) | ၁၁-၁-၂၀၁၈<br>(ကြာသပတေးနေ့)<br>မွန်းလွဲ ၂း၀၀နာရီ<br>ခန်းမ(နောက်ခြမ်း) | ၁၄-၁-၂၀၁၈<br>(တနင်္ဂနွေနေ့)<br>မွန်းလွဲ ၂း၃၀နာရီ<br>(ဒု-ညနေ) |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၈-၁-၂၀၁၈ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ်(သထုံလမ်း၊ ကမာရွတ်) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။(အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာထုတ်ပေးမည်မဟုတ်ပါ။)

## ၇။ (၁၆၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| မြန်မာစာ(ဒဂုံ)(၄မ-၁မှ၂၇၄အထိ)<br>စီးပွားစီမံ(ဒဂုံ၊ မော်လမြိုင်၊ ဟသ်ာတ)<br>စီးပွားရေးပညာ(မအူပင်)<br>ဒဿနိကဗေဒ(မော်လမြိုင်၊ပုသိမ်)<br>စိတ်ပညာ(မော်လမြိုင်၊ ပုသိမ်၊ ပြည်၊ မြိတ်)<br>ရူပဗေဒ(ပဲခူး)<br>သင်္ချာ(ပဲခူး) | ၂၂-၂-၂၀၁၈<br>(ကြာသပတေးနေ့)<br>နံနက် ၉း၀၀နာရီ<br>ခန်းမ(ရှေ့ခြမ်း) | ၂၄-၂-၂၀၁၈<br>(စနေနေ့)<br>နံနက် ၉း၀၀နာရီ<br>(ပ-နံနက်) |
| မြန်မာစာ(ဒဂုံ)(၄မ-၂၇၅နှင့်အထက်)<br>ဒဿနိကဗေဒ(ရန်ကုန်အနောက်ပိုင်း)<br>မြန်မာစာ(ထားဝယ်)<br>အင်္ဂလိပ်စာ(ပုသိမ်)<br>စီးပွားရေးပညာ(မြိတ်)<br>စီးပွားစီမံ(မြိတ်)<br>ဓာတုဗေဒ(ပဲခူး)<br>သတ္တဗေဒ(ပဲခူး)<br>ရက္ခဗေဒ(ပဲခူး) | ၂၂-၂-၂၀၁၈<br>(ကြာသပတေးနေ့)<br>နံနက် ၉း၀၀နာရီ<br>ခန်းမ (နောက်ခြမ်း) | ၂၄-၂-၂၀၁၈<br>(စနေနေ့)<br>မွန်းလွဲ ၂း၃၀နာရီ<br>(ပ-ညနေ) |
| မြန်မာစာ(ရန်ကုန်အနောက်ပိုင်း) (၄မ-၁မှ ၃၄၀အထိ)<br>အရှေ့တိုင်းပညာ(မော်လမြိုင်၊ ပုသိမ်)<br>သမိုင်း(စစ်တွေ၊ မြိတ်)<br>ပထဝီဝင်(မော်လမြိုင်)(၄ပ-၁မှ ၃၃၁အထိ)<br>ပထဝီဝင်(ထားဝယ်)<br>ရူပဗေဒ(တောင်ငူ)<br>သင်္ချာ(တောင်ငူ)<br>သတ္တဗေဒ(တောင်ငူ)<br>ရက္ခဗေဒ(တောင်ငူ) | ၂၂-၂-၂၀၁၈<br>(ကြာသပတေးနေ့)<br>မွန်းလွဲ ၂း၀၀နာရီ<br>ခန်းမ (ရှေ့ခြမ်း) | ၂၅-၂-၂၀၁၈<br>(တနင်္ဂနွေနေ့)<br>နံနက် ၉း၀၀နာရီ<br>(ဒု-နံနက်) |
| မြန်မာစာ(ရန်ကုန်အနောက်ပိုင်း)(၄မ-၃၄၃နှင့်အထက်)<br>မြန်မာမှုပညာ(ဒဂုံ)<br>ပထဝီဝင်(မော်လမြိုင်)(၄ပ-၃၃၂နှင့်အထက်)<br>ပထဝီဝင်(တောင်ကုတ်)<br>အင်္ဂလိပ်စာ(ဟသ်ာတ)<br>စီးပွားရေးပညာ(မော်လမြိုင်၊ ထားဝယ်)<br>ဓာတုဗေဒ(တောင်ငူ)<br>သိပ္ပံဘာသာရပ်အားလုံး(ထားဝယ်) | ၂၂-၂-၂၀၁၈<br>(ကြာသပတေးနေ့)<br>မွန်းလွဲ ၂း၀၀နာရီ<br>ခန်းမ (နောက်ခြမ်း) | ၂၅-၂-၂၀၁၈<br>(တနင်္ဂနွေနေ့)<br>မွန်းလွဲ ၂း၃၀နာရီ<br>(ဒု-ညနေ) |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁၉-၂-၂၀၁၈ရက် (တနင်္လာနေ့) မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (သထုံလမ်း၊ ကမာရွတ်) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာထုတ်ပေးမည်မဟုတ်ပါ)

## ၈။ (၁၆၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

| အထူးပြု/ဌာနခွဲ | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|---|
| အင်္ဂလိပ်စာ(နိုင်ငံခြား)<br>အင်္ဂလိပ်စာ(ဒဂုံ)(၄အ-၂မှ ၂၉၃အထိ)<br>ပထဝီဝင်(ဟသ်ာတ)<br>မြန်မာစာ(ဟသ်ာတ)(၄မ-၃မှ ၃၈၁အထိ)<br>ဒဿနိကဗေဒ(စစ်တွေ၊ ဘားအံ၊ မအူပင်)<br>စိတ်ပညာ(စစ်တွေ၊ ထားဝယ်၊ ဟသ်ာတ၊ တောင်ငူ၊ မအူပင်)<br>သင်္ချာ(စစ်တွေ)<br>သတ္တဗေဒ(စစ်တွေ)<br>ရူပဗေဒ(ဘားအံ)<br>ဓာတုဗေဒ(ဘားအံ) | ၈-၃-၂၀၁၈<br>(ကြာသပတေးနေ့)<br>နံနက် ၉း၀၀နာရီ<br>ခန်းမ (ရှေ့ခြမ်း) | ၁၀-၃-၂၀၁၈<br>(စနေနေ့)<br>နံနက် ၉း၀၀နာရီ<br>(ပ-နံနက်) |
| အင်္ဂလိပ်စာ(ဒဂုံ)(၄အ-၂၉၅မှ ၆၃၄အထိ)<br>မြန်မာစာ(ဟသ်ာတ)(၄မ-၃၈၂မှ ၆၅၀အထိ)<br>စီးပွားရေးပညာ(ဟသ်ာတ)<br>သမိုင်း(ဟသ်ာတ)<br>ဓာတုဗေဒ(စစ်တွေ)<br>ရက္ခဗေဒ(စစ်တွေ)<br>သင်္ချာ(ဘားအံ)<br>သတ္တဗေဒ(ဘားအံ)<br>ရက္ခဗေဒ(ဘားအံ) | ၈-၃-၂၀၁၈<br>(ကြာသပတေးနေ့)<br>နံနက် ၉း၀၀နာရီ<br>ခန်းမ (နောက်ခြမ်း) | ၁၀-၃-၂၀၁၈<br>(စနေနေ့)<br>မွန်းလွဲ ၂း၃၀နာရီ<br>(ပ-ညနေ) |
| အင်္ဂလိပ်စာ(ဒဂုံ)(၄အ-၆၃၅မှ ၁၀၅၅ အထိ)<br>မြန်မာစာ(ဟသ်ာတ)(၄မ-၆၅၃မှ ၉၃၆အထိ)<br>စီးပွားရေးပညာ(ပုသိမ်၊ စစ်တွေ)<br>ရူပဗေဒ(စစ်တွေ၊ မအူပင်)<br>သင်္ချာ(မအူပင်)<br>သတ္တဗေဒ(မအူပင်) | ၈-၃-၂၀၁၈<br>(ကြာသပတေးနေ့)<br>မွန်းလွဲ ၂း၀၀ နာရီ<br>ခန်းမ(ရှေ့ခြမ်း) | ၁၁-၃-၂၀၁၈<br>(တနင်္ဂနွေနေ့)<br>နံနက် ၉း၀၀နာရီ<br>(ဒု-နံနက်) |
| သမိုင်း(ရန်ကုန်အနောက်ပိုင်း)<br>အင်္ဂလိပ်စာ(ဒဂုံ)(၄အ-၁၀၅၈နှင့်အထက်)<br>အင်္ဂလိပ်စာ(စစ်တွေ)<br>စိတ်ပညာ(ရန်ကုန်အရှေ့ပိုင်း)<br>မြန်မာစာ(မော်လမြိုင်)<br>မြန်မာစာ(ဟသ်ာတ)(၄မ-၉၃၇နှင့်အထက်)<br>အရှေ့တိုင်းပညာ(ထားဝယ်၊ ဟသ်ာတ၊ ပြည်)<br>ရုသစာပေအရေးအသား(ဟသ်ာတ)<br>သိပ္ပံဘာသာရပ်အားလုံး(မြိတ်)<br>ဓာတုဗေဒ(မအူပင်)<br>ရက္ခဗေဒ(မအူပင်) | ၈-၃-၂၀၁၈<br>(ကြာသပတေးနေ့)<br>မွန်းလွဲ ၂း၀၀နာရီ<br>ခန်းမ(နောက်ခြမ်း) | ၁၁-၃-၂၀၁၈<br>(တနင်္ဂနွေနေ့)<br>မွန်းလွဲ ၂း၃၀နာရီ<br>(ဒု-ညနေ) |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၅-၃-၂၀၁၈ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ်(သထုံလမ်း၊ ကမာရွတ်) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။(အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာထုတ်ပေးမည်မဟုတ်ပါ။)

**(အောင်ခိုင်သန်း)**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
## ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
## အမှတ် (၃၅)၊ နေပြည်တော်
## ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊
## ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ(၁)နှစ်သင်တန်း၊ အမှတ်စဉ် (၁၆)
# သင်တန်းသားများခေါ်ယူခြင်း

၁။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ အမျိုးသားပြတိုက်(ရန်ကုန်)၌ ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက်ကို ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

(က) **သင်တန်းအမည်** - ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်း
(ခ) **သင်တန်းကာလ** - (၁)နှစ်
(ဂ) **ပညာအရည်အချင်း** - ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(ဃ) **သင်တန်းဖွင့်လှစ်မည့်ရက်** - ၂၀၁၇ခုနှစ် နိုဝင်ဘာနောက်ဆုံးပတ်
(င) **ပေးအပ်မည့်ဒီပလိုမာ** - ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ Postgraduate Diploma in Museology
(စ) **သင်တန်းတည်နေရာ** - အမျိုးသားပြတိုက်(ရန်ကုန်)

၂။ လျှောက်ထားလိုသူများသည် ဌာနဆိုင်ရာဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားကြရမည်ဖြစ်သည်။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ၁-၁၀-၂၀၁၇ရက်မှစ၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(နေပြည်တော်)၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ရန်ကုန်ဌာနခွဲ)၊ ၃၂ဒီ၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)၊ ၂၈လမ်း၊ ၇၀-၇၁ ကြား၊ မန္တလေးမြို့၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်မြို့၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ၊ သရေခေတ္တရာဌာနစု(ပြည်)၊ မှော်ဇာ၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)၊ မှော်ဇာ၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ အမျိုးသားပြတိုက်(နေပြည်တော်)၊ အမျိုးသားပြတိုက်(ရန်ကုန်)၊ အမှတ် ၆၆/၇၄၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့၌ ဝယ်ယူလျှောက်ထားကြရမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၀၃၉၊ ၄၀၈၀၄၀၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၉-၄၃၀၀၆၇၈၆၊ ၀၉-၄၅၂၃၃၆၄၈၄၊ ၀၅၃-၂၄၆၈၈၊ ၀၅၃-၂၈၆၁၂၊ မန္တလေးဌာနခွဲ၊ ဖုန်း-၀၂-၆၀၀၅၉၊ ရန်ကုန်ဌာနခွဲ ဖုန်း-၀၁-၅၁၂၁၃၆၊ ၅၁၂၁၃၇၊ အမျိုးသားပြတိုက်(နေပြည်တော်)၊ ဖုန်း-၀၆၇၃-၄၁၈၄၃၂၊ အမျိုးသားပြတိုက်(ရန်ကုန်) ဖုန်း-၀၁-၃၇၈၆၅၂၊ ၃၇၁၅၃၉ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

## အမည်ပြောင်း

ဦးအေးကိုကို-ဒေါ်မြင့်မြင့်ဝင်းတို့၏သမီး မန္တလေးမြို့ မြတ်ပါရမီပညာရွှေပြည်ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မအေးငြိမ်းကိုကိုအား မအိမ့်မွန်ဖူးဟု ပြောင်းလဲခေါ်ပါရန်။

**မအိမ့်မွန်ဖူး**

---

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ ပညာတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း သတ္တမတန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်သူရ၏သား အမည်မှန်မှာ မောင်ဘုန်းမြတ်မင်းခန့် ဖြစ်ပါသည်။

**မောင်ဘုန်းမြတ်မင်းခန့်**

---

## မိခင်အမည်မှန်

လယ်ဝေးမြို့နယ်၊ သာဝတ္တိ အထက-၆ တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်စွာလင်း၏ မိခင်အမည်မှန်မှာ ဒေါ်စန်းဝင်း ၉/လဝန(နိုင်) ၀၇၃၈၃၅ ဖြစ်ပါကြောင်း။

**ဒေါ်စန်းဝင်း**

---

## ဖခင်အမည်မှန်

လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာ၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်နေသူလှိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်း ၁၃/လရန(နိုင်)၀၇၂၀၉၂ ဖြစ်ပါသည်။

---

## ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် (Grade-2 မပါ)ကျောင်းသား ကျောင်းသူများအတွက် အခြေခံပညာကျောင်းသုံးစာအုပ်များကို စက္ကူပုံနှိပ်ချုပ်လုပ်ထုပ်ပိုး (Package)နှင့် ခရိုင်ပညာရေးမှူးရုံးများသို့ အရောက်ပို့ဆောင်ခြင်းများအပါအဝင် လုပ်ငန်းများဆောင်ရွက်ရန်ရှိပါ၍ Onestop Service Printing Perfect Binding လုပ်နိုင်သော ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်ပုံစံများကို အခြေခံပညာဦးစီးဌာန၊ နေပြည်တော်တွင် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၅ရက်မှစ၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်မှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၇ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ရုံးအမှတ် (၁၃)၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန နေပြည်တော်တွင်တင်သွင်းရပါမည်။

၃။ အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးအမှတ် (၁၃)၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၇၆၉၄၊ ၀၆၇-၄၀၇၃၉၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ**
**အခြေခံပညာဦးစီးဌာန၊ နေပြည်တော်**

---

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
## မဟာဝိဇ္ဇာ/ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် မဟာဝိဇ္ဇာအချိန်ပြည့်(၂)နှစ်သင်တန်း(အင်္ဂလိပ်ဘာသာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း)၊ ဒီပလိုမာအချိန်ပြည့် (၁)နှစ်သင်တန်း (အင်္ဂလိပ်ဘာသာ)၊ အချိန်ပြည့် (၂)နှစ်သင်တန်း (အီတာလျံဘာသာ)၊ အချိန်ပိုင်း(၂)နှစ်သင်တန်း (အထွေထွေဘာသာဗေဒ)နှင့် အချိန်ပိုင်း(၄)နှစ်သင်တန်း(တရုတ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာ၊ ဂျပန်ဘာသာ၊ ကိုရီးယားဘာသာ၊ ရုရှားဘာသာ၊ ထိုင်းဘာသာ)များကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းများကို တစ်ပတ်လျှင် ၅ရက်(တနင်္လာနေ့မှသောကြာနေ့အထိ) အောက်ပါအတိုင်းပို့ချပါမည်။
(က) အင်္ဂလိပ်ဘာသာ(အချိန်ပြည့်)သင်တန်းများကို နံနက် ၉း၀၀ နာရီမှ ညနေ ၃း၂၀နာရီအထိ
(ခ) အီတာလျံဘာသာ(အချိန်ပြည့်)သင်တန်းများကို နံနက် ၈း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ
(ဂ) အချိန်ပိုင်းသင်တန်းများကို နံနက် ၇း၀၀နာရီမှ ၈း၅၀ နာရီအထိ

၃။ သင်တန်းဝင်ခွင့်အတွက် လိုအပ်ချက်များမှာ-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မဟာဝိဇ္ဇာ(အင်္ဂလိပ်ဘာသာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း) ပထမနှစ်သင်တန်း တက်ရောက်ရန်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။
(ဂ) ဒီပလိုမာဘွဲ့သင်တန်းများအတွက် နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
(ဃ) အထွေထွေဘာသာဗေဒသင်တန်းအတွက် နိုင်ငံတော်ကအသိအမှတ်ပြုထားသော ဝိဇ္ဇာဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ အခြားဘွဲ့ရရှိပြီး ဤဘာသာရပ်နှင့် ဆက်စပ်နီးနွယ်သည့်လုပ်ငန်းလုပ်ကိုင်သူများ (ဘာသာပြန်/စကားပြန် ပြုလုပ်သူများ၊ ဘာသာစကားသင်ကြားသူများ၊ သတင်းမီဒီယာလုပ်ငန်းဆောင်ရွက်နေသူများ) လျှောက်ထားနိုင်သည်။

၄။ သင်တန်းဝင်ခွင့်လျှောက်လွှာကို ၂၀၁၇ခုနှစ် နိုဝင်ဘာ ၆ ရက်မှ ၁၅ ရက်အထိ တင်သွင်းကြရပါမည်။ သင်တန်းဝင်ခွင့်စာမေးပွဲဖြေဆိုရပါမည်။ သင်တန်းဝင်ခွင့်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မော်ကွန်းထိန်းရုံးခန်း(ကျောင်းသားရေးရာဌာန/စာမေးပွဲဌာန)တွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဖုန်း-၅၁၅၂၃၆၊ ၅၃၅၉၈၅**

---

## မိဘအမည်မှန်

ပုလောမြို့နယ်၊ အထက(တို)၊ နဝမတန်း (က)မှ မောင်တိမ်ယံဇော်၊ ပဉ္စမတန်း (က)မှ မပန်းနုလွှာတို့၏ မိဘအမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်စာရင်းအရ ဦးဆန်းလွင် ၆/ပလန(နိုင်)၀၃၆၈၅၇နှင့် ဒေါ်ချိုချိုမာ ၆/လလန(နိုင်)၀၅၆၇၃၂ တို့ ဖြစ်ပါကြောင်း။

**ဦးဆန်းလွင်-ဒေါ်ချိုချိုမာ**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၃၃၇၅၀ Honda Dream-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လွင် ၆/ကသန(နိုင်)၀၀၀၄၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံစာရင်းကောင်စီ
## အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်လျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံခြားတိုင်းပြည်များမှ စာရင်းပညာဆိုင်ရာလက်မှတ်ရရှိထားသည့် နိုင်ငံသားများအား လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖြစ် မှတ်ပုံတင်ရန် အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပမည်ဖြစ်ပါသည်။

၂။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုခွင့်ရှိသူများ၊ သင်ရိုးညွှန်းတမ်း၊ ဖြေဆိုရမည့်နေရာ၊ အချိန်စာရင်း၊ လျှောက်လွှာတင်သွင်းရန် အချက်အလက်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ရှိ ကြော်ငြာသင်ပုန်းနှင့် မြန်မာနိုင်ငံစာရင်းကောင်စီ၏ Website:www. oagmac. gov.mm တွင် ကြေညာထားပါမည်။

၃။ ဖုန်း-၀၁-၂၂၇၂၄၆၊ ၀၁-၂၂၃၁၄၃ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ လမ်းဦးစီးဌာန၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်တည်ဆောက်ရေးပစ္စည်းများကို (မြန်မာကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် ပစ္စည်းအမျိုးအစား ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၉-၁၀-၂၀၁၇ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၉-၁၀-၂၀၁၇ ရက် ညနေ ၁၆း၀၀ နာရီ
**ဝယ်ယူရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်
**တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်
**တင်ဒါဖွင့်မည့်ရက်** - ၃၀-၁၁-၂၀၁၇ ရက်၊ နံနက် ၁၀း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၈၄-၅၁၀၁၇၊ ၀၈၄-၅၁၀၀၈၊ ၀၉-၄၉၀၃၀၇၁၀**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်နှင့် တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၃) တို့မှ တာဝန်ယူဆောင်ရွက်သော မိုင်းဆတ်ခရိုင်အတွင်းရှိ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်း၊ တံတားလုပ်ငန်းများအတွက် လိုအပ်သည့်ဆောက်လုပ်ရေးသုံးပစ္စည်းများကို ဒုတိယအကြိမ်အဖြစ် တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၁-၁၂-၂၀၁၇ ရက်
**တင်ဒါလျှောက်လွှာပိတ်အချိန်** - ညနေ ၃ နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၂-၁၂-၂၀၁၇ ရက်
**တင်ဒါဖွင့်မည့်အချိန်** - နံနက် ၁၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မိုင်းဆတ်မြို့။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ၆-၁၁-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ၊ ဖုန်း-၀၈၄-၆၀၂၂၀**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်ကော်မြို့၊ ဈေးပိုင်းရပ်ကွက်နေ ဒေါ်ဖွေးအိခိုင်၏ဖခင် ဦးဝင်းစိန် (ခ)ခွန်စိန် ၂/လကန(နိုင်)၀၄၅၄၁၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းစိန်(ခ)ခွန်စိန်**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်ကော်မြို့၊ နာနတ်တောရပ်ကွက်နေ ဦးညွန့်မောင်၏သား ဦးအန်ထော်နီ(ခ)ဦးကိုကိုလင်းမောင် ၂/လကန(နိုင်)၀၉၁၉၁၄သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအန်ထော်နီ(ခ)ဦးကိုကိုလင်းမောင်**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်ကော်မြို့၊ ထေးသမရပ်ကွက်နေ ဦးသောမတ်(စ်)ဒေး၏သား ဦးဂျူးလီယက်ဝေထူး(ခ) စောဝေထူး ၇/သဝတ(နိုင်)၀၈၈၅၅၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဂျူးလီယက်ဝေထူး(ခ)စောဝေထူး**

---

## အမည်ပြောင်း

လှိုင်ကော်မြို့၊ နမ့်ဘော်ဝမ်(က) နရ/၈၅ နေ ဦးဟန်တင်၏သမီး မခင်ခင်လေးအား မခင်လေးခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခင်လေးခိုင်**

---

## အမည်ပြောင်း

လှိုင်ကော်မြို့၊ နမ့်ဘော်ဝမ်(ရှမ်း)၊ နရ/၃၁၄ နေ ဦးမောင်မောင်ဇင်အား ဦးမောင်ဇင် ၁၃/ရစန(နိုင်) ၀၇၀၀၉၁ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးမောင်ဇင်**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 8A/9907 Toyota Hilux LN 106 ယာဉ်လက်ဝယ်ရှိသူ ဦးလီခွေ ၁၃/မရတ(နိုင်)၀၁၀၇၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 5E/2840, KIA, BONGO III ယာဉ်အမည်ပေါက်သူ ဒေါ်ခင်မာဦး ၉/ကဆန(နိုင်) ၁၈၅၅၆၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ခရိုင်ရုံး(ကျောက်ဆည်)သို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**

---

# ခေတ်မီအိတ်ချိန်းစက်များ လဲလှယ်မည်ဖြစ်သဖြင့်အော်တိုတယ်လီဖုန်းနံပါတ်များအား ပြောင်းလဲခြင်းအတွက် ထပ်မံကြေညာချက်

MPT အနေဖြင့် ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများကိုပေးနိုင်ရန်အတွက် လက်ရှိအသုံးပြုနေသော အော်တိုတယ်လီဖုန်းနံပါတ်များကို ဂဏန်း (၇) လုံးပါရှိသည့် အော်တိုတယ်လီဖုန်းနံပါတ်အသစ်များဖြင့် ပြောင်းလဲတပ်ဆင်ဆောင်ရွက်လျက်ရှိရာ တောင်ဒဂုံအိတ်ချိန်းနယ်မြေရှိ အိတ်ချိန်းများအား ၂၀၁၇ ခုနှစ် ဩဂုတ်လ (၃၁)ရက်နေ့တွင် ပြောင်းလဲတပ်ဆင်ပြုလုပ်မည်ဖြစ်ကြောင်း ဇူလိုင်လ (၃၁)ရက်နေ့က အများပြည်သူသို့ အသိပေးကြေညာခဲ့ပြီး စွမ်းအင်ဆိုင်ရာအခက်အခဲအချို့ကြောင့် နှောင့်နှေးမှုများရှိခဲ့ပါသဖြင့် သတ်မှတ်ရက်၌ပြုလုပ်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ကျန်ရှိနေသေးသော ဒဂုံဆိပ်ကမ်းအိတ်ချိန်း၊ ယုဇနအိတ်ချိန်းနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)အိတ်ချိန်းတို့ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလ (၃၁)ရက်နေ့တွင် ပြောင်းလဲတပ်ဆင်သွားမည်ဖြစ်ပြီး အော်တိုတယ်လီဖုန်းနံပါတ်များလည်း အောက်ပါအတိုင်း ပြောင်းလဲသွားမည်ဖြစ်ပါသည်။

| အိတ်ချိန်း | နယ်မြေ | လက်ရှိအသုံးပြုနေသော ဖုန်းနံပါတ် | အသစ်ပြောင်းလဲမည့် ဖုန်းနံပါတ် |
|---|---|---|---|
| ဒဂုံဆိပ်ကမ်းအိတ်ချိန်း | ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၀၁-၅၉၂××× | ၀၁-၃၅၉၂××× |
| ယုဇနအိတ်ချိန်း | | ၀၁-၅၉၃××× | ၀၁-၃၅၉၃××× |
| ဒဂုံမြို့သစ်(အရှေ့ပိုင်း) အိတ်ချိန်း | ဒဂုံမြို့သစ်(အရှေ့ပိုင်း) ရန်ကုန်တိုင်းဒေသကြီး | ၀၁-၂၅၈၅××× | ၀၁-၃၅၈၅××× |

*အဆိုပါ နံပါတ်အဟောင်းမှ နံပါတ်အသစ်သို့ ပြောင်းလဲစဉ်ကာလအတွင်းတွင် **MPT**မှ မိမိတို့၏ဝန်ဆောင်မှုကို အသုံးပြုနေသူများအနေဖြင့် ဆက်သွယ်မှုအဆင်ပြေစေရန် **Call Forward** ဝန်ဆောင်မှုကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလအကုန်အထိ အခမဲ့ပေးထားမည်ဖြစ်ပြီး သုံးစွဲသူများသည် နံပါတ်အသစ်သို့ ပြောင်းလဲနေစဉ်ကာလအတွင်းတွင် လက်ရှိနံပါတ် သို့မဟုတ် နံပါတ်အသစ်သို့ခေါ်ဆိုနိုင်မည်ဖြစ်ပါသည်။*

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

# ကမ္ဘာ့ဘဏ်အုပ်စုက မြန်မာနိုင်ငံတော်အစိုးရအား Star Reformers Award ချီးမြှင့်




**နေပြည်တော် အောက်တိုဘာ ၂၆**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိသည့် Investment Competitiveness Forum တွင် ကမ္ဘာ့ဘဏ်အုပ်စု (The World Bank Group)က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအား "Star Reformers Award" ကို ချီးမြှင့်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က "How to operationalize the Investment Reformers Network" ဆွေးနွေးမှုစကားဝိုင်းတွင် Panelist အဖြစ် ပါဝင်ဆွေးနွေးခဲ့ပြီး မီဒီယာများနှင့် တွေ့ဆုံမေးမြန်းမှု အစီအစဉ်ကိုလည်း ပါဝင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ Star Reformers Award ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာအောင် ဆွဲဆောင်နိုင်ခြင်း၊ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းအောင် ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ နည်းပညာများ၊ ပြည်တွင်းလုပ်ငန်းများသို့ လွှဲပြောင်းရရှိစေခြင်းနှင့်

စာမျက်နှာ ၅ ကော်လံ ၄ ❁

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း

စာမျက်နှာ ➢ ၄

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာမှုကူညီထောက်ပံ့ပေးရေး အတွက် အလှူငွေများ ပေးအပ်လှူဒါန်း

စာမျက်နှာ ➢ ၄

## တောင်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲဖွင့်

**တောင်ကြီး အောက်တိုဘာ ၂၆**

တောင်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် ညနေ ၄ နာရီခွဲက ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ တောင်ကြီးမြို့ကျက်သရေဆောင် စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က စိန်နားပန်မီးပုံးပျံအား လွှတ်တင်ပူဇော်ကြပြီးနောက် ကျောင်းကြီးစုရပ်ကွက်ရှိ အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ မီးရှူးမီးပန်းများ ပစ်ဖောက်၍ မီးပုံးပျံများလွှတ်တင်ကာ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်

စာမျက်နှာ ၅ ကော်လံ ၁ ✻



